
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
နတ်ရှာမိုး
စကော/နတ်ရှာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄။
၁၆၂ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊ ဖြန့်ချိရေး အောင်မြင်စာပေ၊
ပထမအကြိမ်၊ ၂၀၁၄ ခုနှစ်၊ (စက်တင်ဘာလ)၊ အုပ်ရေ(၅၀၀)။



83 SEP 201



www.burmeseclassic.com

www.burmeseclassic.com

(ဆန်ကော) ဇကော တစ်ချပ်ကယ်နဲ့...
ပြောစမတ်ရယ်တွင်
တော..အမှတ်နဲ့ ဆင်ဝင်သလို...
အမြင်ကထင်ရှား...
တမင်မမှားခဲ့မှတော့...
ဆင်းသွားတိုင်း..လမ်းမဖြစ်ချေဘု...
ဆန်းသစ်တဲ့တစ်နေ့ဦးမှာ
မေရှးအောင် ဒီမောင်နောက်ခဲ့ရင်ဖြင့်
တောက်တဲ့အသွင်လို ကွယ်ရာကပ်ပါ့မယ်
ဖယ်ခွာလှည့် တစ်ရပ်ကြေးမှ...
"အောက်..အဲ့..." သံပေး။







# အခန်း (၁)

"တောက်!!. . ."

လက်ပွေ့အိတ်ကို ခုတင်ပေါ် ပေါက်ချပြီး တက်ခေါက်သံကြောင့်. . ခင်မြဇင် ကိုယ်လေးကျုံ့ကာ လှမ်းကြည့်သည်။

"ငါ့အတွက် သံပုရာရည်ချဉ်ချဉ်လေး လုပ်ပေး"

"ဟုတ်. . မမ . ."

ခင်မြဇင် အခန်းထဲက ထွက်သွားမှ သူမကိုယ်ကို ခုတင်ပေါ် အရုပ်ကြိုးပြတ် ချကာထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်း။

နာမည်နှင့် ဘယ်လိုမှ မလိုက်ဖက်အောင် တော်တော် စိတ်အနှောင့်အယှက်ဖြစ်တဲ့လူ။

နေညိုညို၏ လှသောနှုတ်ခမ်းများဆီမှ ဟားခနဲ တိုးတိုးမြည်တမ်းကာ အိပ်ရာပေါ် ပက်လက်လှန်လိုက်မှ ဖုန်းက မြည်လာသဖြင့် ထထိုင်ကာ ဖုန်းလက်ခံလိုက်သည်။

"ဟယ်လို"

". . . . . . . . ."

"ရှင်! . ."

". . . . . . . . . . ."

နေညိုညို ဖုန်းပိတ်ပြီး ရှူးချင်နှမ်းချင်သလိုဖြစ်ကာ ထရပ်သည်။ ပြီးတော့ ပြန်ထိုင်ကာ. . ရေချမ်းဆိုသောလူကို ခတ်ပျစ်ပျစ်ကလေး ကျိန်ဆဲနေတော့သည်။

နယ်စပ်ကုန်သွယ်ရေးလူကြီးမင်း၏ ရုံးခန်းထဲမှာ 'ဇကော' တစ်ချပ် ကျန်ခဲ့လို့တဲ့။ အဲဒီဇကောက မြန်မာပြည်က မန်နေးဂျင်း နေညိုညိုရဲ့ ဇကောပဲဖြစ်ရမယ်လို့ စဉ်စားမိပြီး တည်းခိုခန်းကို လာပို့ပေးတာပါတဲ့. . . ။

သေရော. . ။

နေညိုညိုဆိုတဲ့မိန်းမက ဒီ '@#$%' ဇကောချပ်ကို ဘာလုပ်ဖို့ လူကြီးမင်းရုံးခန်းထဲ ယူလာရမှာလဲ။

သန်းနှစ်ထောင်လောက် ရှယ်ယာပိုင်လို့ Top Company မှာ မန်နေဂျင်းလုပ်နေတဲ့ မိန်းမက ဒီ '@#$%'. . ဟား. . သေစမ်း။

"မမ. . သံပုရာရည် ရပါပြီ"





"အဲ့ဒီမှာထားခဲ့. . ၊ ရေချမ်းကို ညှို့ဆောင်မှာ ထွက်စောင့်ခိုင်းစမ်း"

"ဟုတ်. . ."



www.burmeseclassic.com

www.burmeseclassic.com



တရုတ်လူမျိုး ကိုယ်စားလှယ်နှစ်ယောက် ရောက်လာပြီး သူမေ့ကျန်ခဲ့သော ဇကောချပ်အား လာပေး၍. . 'ရှဲရှဲ' လုပ်လိုက်ရသော်လည်း စိတ်ထဲမှာ ခိုးထုပ်ခိုးထည်နဲ့ အမိခံထားရသလို အံ့ပြီး အူနေသည်။

ဤခရီးစဉ်အား တရုတ်ဘာသာစကား အထူးကျွမ်းကျင်သူအဖြစ် လိုက်ပါလာခဲ့သည့်အတွက် ဒီနေ့က ပထမဦးဆုံး ပျော်ရွှင်ရသည့်နေ့ဖြစ်သလို ပထမဦးဆုံး စိက်ညစ်ရသည့် နေ့တစ်နေ့လည်း ဖြစ်လည်းဖြစ်သွားသည်။

'သား နယ်စပ်ခရီးစဉ်ထဲ တရုတ်ပြည်ထဲရောက်မှာ အမေဘာလက်ဆောင်လိုချင်လဲ'. . လို့မေးတော့. . .။

'ဇကောကောင်းကောင်းတွေ့ရင် ဝယ်ခဲ့'. . တဲ့. . .။

အင်းလေ. . အမေ့ဘဝမှာ ဇကောထက် မက်မောစရာကောင်းတာ ဘာများရှိလို့လဲ။





အမေပြန်ပြောပြ၍ ရေချမ်းသိရသည်။ အမေက ဇကော (ဆန်ကာ)တစ်ချပ်နှင့် လူဖြစ်ခဲ့ရသူ။ မွေးချင်းမောင်နှမ ငါးယောက်ထဲက အကြီးဆုံးသမီးဖြစ်သော အမေသည် မလုံလောက်သော ဖခင်၏ ဝင်ငွေအား ကူပံ့ဖို့ ဆန်ကောတစ်ချပ်ကို အရင်းပြုခဲ့သည်။ ပုဇွန်တောင်ဈေးပွဲရုံတွေမှာ 'ခင်စိန်' ဟုမေးလျှင် သိနိုင်သည်။

ဆန်ပြာ၊ ဆန်ရွေး၊ ပဲရွေး၊ ပဲလှေ့. . အမေ့ကျွမ်းကျင်မှုနှင့် ရိုးသားကြိုးစားမှုအား ပွဲရုံမန်နေဂျာတွေ အသိအမှတ်ပြုကြသည်။ စာမတတ်သော်လည်း စကားပြောမှန်ရည်သည်။ ဆင်းရဲနွမ်းပါးသူဖြစ်လင့်ကစား အမေ့ရုပ်ရည်က ထူးခြားသည်။ အဲ့ဒါကြောင့်ပဲ အဖေနှင့် အကြောင်းပါခဲ့ရသလား မပြောတတ်။

ပွဲရုံတာလီစာရေးလေး အဖေနှင့် အမေတို့ဘဝက အိမ်ထောင်ကျသွားသော်လည်း ထူးခြားပြီးတော့ ပြောင်းလဲမသွား။ ပွဲရုံမှာပင် အဖေက တာလီမှတ်. . အမေ ဆန်ရွေး၊ ပဲရွေးရင်းနှင့်ပင် ရေချမ်းကို မွေးဖွားလာခဲ့သည်။

ရေလိုအေးချမ်းစေချင်သော ဆန္ဒနှင့်. . ရေချမ်းဟု နာမည်ပေးခဲ့ကာမှ ရေချမ်းဘဝက မအေး။ သူ့ကိုမွေးပြီး (၂)နှစ် အရွယ်မှာပင် ဖခင်ဖြစ်သူ အဆုတ်ကင်ဆာဖြင့် ဆုံးပါးသွားခဲ့သည်။ အမေ့လက်ထဲမှာ ဆန်ကာချပ်က ပို၍မြဲသွားသည်။ (၂)နှစ်အရွယ်ကတည်းက သူကျောင်းပြီးသည်အထိ ဆန်ကောတစ်ချပ်နှင့် အမေရုန်းကန်ခဲ့ရသည်။

ယခုတော့ သူ၏ကုမ္ပဏီလစာနှင့်ပင် သားအမိနှစ်ယောက် ဝမ်းအေးနိုင်ပြီဖြစ်၍ အမေနားခွင့်ရနေပါချေပြီ။ သို့တိုင်. . 'ဇကောကောင်းကောင်းတွေ့ရင်ဝယ်ခဲ့'. . တဲ့. . ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးဖြတ်ကာ ပင့်သက်ရှိုက်မိသည်။

ထိုနောက် ခုတင်ဘေးမှာ ကပ်ထောင်ထားသော ဆန်ကောချပ်ကို ယူကြည့်လိုက်ပါသည်။ ဆန်ကောတစ်ချပ်လုံး ကြိမ်တစ်မျိုးတည်းနှင့် ရက်လုပ်ထားပြီး၊ တရုတ်လက်မှုပညာ၏ အံ့မခန်း အကွက်ဖော်ခြယ်သမှုက သပ်ရပ်လှပမှုအပြင် တောင့်တင်းခိုင်မာမှုပါ ပေါင်းစပ်ထား၍ အမေမြင်လျှင် ဘယ်လောက်များ ဝမ်းသာလိုက်မလဲဟု တွေးကာ ပီတိဖြစ်မိသည်။ တစ်ဘဝလုံး သွေးသောက်ရဲဘော် ဖြစ်ခဲ့ရသော ဒီဆန်ကောချပ်ကို အမှတ်တရသိမ်းမှာ သေချာသည်။

တွေးကြည့်လျှင် သူ့ကျေးဇူးရှင်လည်း ဖြစ်နေသည်။ သူဒီဘဝ၊ ဒီဝင်ငွေမျိုးရနိုင်တဲ့ လူတစ်ယောက်ဖြစ်လာဖို့ အမေ့ကျေးဇူးနှင့် ထပ်တူထပ်မျှသည် ဆန်ကောချပ်ကလည်း ရှိနေသည်။ အိမ်ပြန်ရောက်လျှင် ဘုရားကျောင်းဆောင်အောက်မှာ ချိပ်ဆွဲထားလိုက်မည်ဟု တွေးနေခိုက် အခန်းတံခါးခေါက်သံကြောင့် ဆန်ကောကို ခုတင်ပေါ်မှာချထားခဲ့ကာ အခန်းတံခါး ဖွင့်ကြည့်သည်။

"သြော်. . မခင်မြဇင်"

"မမက ညည့်ခန်းမှာစောင့်ဖို့ မှာလိုက်တယ်"

"သြော်. . ဟုတ်. . ကျွန်တော် အခုပဲ ထွက်စောင့်လိုက်ပါ့မယ်"

꧁ ꧁ ꧁ ꧁





ကြယ်ခေါင်ည၏ လှပသည့်မြင်ကွင်းအား ဆယ့်နှစ်လွှာမြောက် ဧည့်ခန်းဆောင်မှ စီးမိုးကြည့်မြင်ကာ အပန်းဖြေနိုင်သော်လည်း နေညိုညို၏ အမြင်အာရုံထဲ ဆန်ကောတစ်ချပ်သာ မြင်ပြီး ရင်ထဲက ဒေါသကို အနိုင်နိုင်မြိုချနေရသည်။

"မမ. . . ကျွန်တော်ရောက်ပါပြီ"

သူမ ချာခနဲ လှည့်ကြည့်ပြီးမှ. . .

"ဘယ်မှာလဲ မင်းရဲ့ဆန်ကော"

"ဗျာ!. ."

"ဆန်ကောဘယ်မှာလဲလို့ မေးနေတယ်"

"အ. . အခန်းထဲမှာ ရှိတယ်. . မမ"

"တောက်!!. . မင်းဘာလုပ်တာလဲ၊ တခြားဘာကိုမှ မတွေးတတ်ရင်တောင် ငါ့ဂုဏ်သိက္ခာကို တွေးပေးဖို့ကောင်းတယ်၊ မင်းပြန်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်စမ်း၊ တရုတ်လူကြီးမင်းတွေရဲ့ရှေ့မှာ ဆန်ကောချပ်ကြီးကိုရိုကားယားနဲ့. . မင်းအလုပ်က စကားပြန်လေ. . မင်းက ငါ့အနီးအနားမှာ ရှိနေတဲ့လူလေ၊ အဲ့ဒီဆန်ကောကြီးနဲ့. . တောက်!!. . မင်းကွာ. . ”

သူလည်း ဂုဏ်ယူစရာ ဆန်ကောချပ်နှင့် တစ်မြို့လုံးပတ်ခဲ့သည်။ ညနေ လူကြီးမင်းရုံးခန်းသို့ဝင်မှ ဆန်ကောပြဿနာ နည်းနည်းရှိလာတာ သူသတိထားမိသွားသည်။ ပထမ ရုံးခန်းမဝင်ခင် ဧည့်ဆောင်မှာ ထိုင်စောင့်ရသဖြင့် ရေနွေးကြမ်းဖြင့် လိုက်လံဧည့်ခံသော တရုတ်မလေးအား အကူအညီတောင်းကာ ဆန်ကောကို ခေတ္တခဏ ထိန်းသိမ်းထားပေးဖို့ အပ်နှံထားလိုက်သည်။

ရဟတ်ယာဉ် မဆင်းသေး၍ ရေချမ်းတို့ တစ်နာရီခန့်ထိုင်စောင့်ရင်း ရေနွေးကြမ်းတွေချည်း လှိမ့်သောက်နေရသည်။

တစ်အောင်စလျှင်ပင် ယွမ်နှစ်သောင်းခန့်တန်သော. . . လက်ဖက်ခြောက်ဖြစ်ရကာ အထူးဧည့်သည်တော်များသာ တည်ခင်းခွင့်ရကြသည်။

နေညိုညိုနှင့် ခင်မြဇင်တို့ အခါးကြောက်သဖြင့် သိပ်မသောက်ကြ၊ ရေချမ်းအတွက်တော့ ရပ်ကွက်ထဲက ငါးဆယ်တန်ရွှေရှမ်းလေး လက်ဖက်ခြောက်ထက် ပိုပြီးခံတွင်းတွေ့နေသဖြင့်. . ငှဲ့ပေးသမျှ မော့ချသည်။

တစ်နာရီနီးပါးကြာသွား၍ တရုတ်မလေးက သူ့အား ဆန်ကောလာပြန်ပေးပါသည်။ သူ့ဂျူတီချိန်ကုန်သွားသဖြင့် ဆက်ပြီး ထိန်းသိမ်းပေးရန် မဖြစ်နိုင်တော့ကြောင်း ပြောသွားသည်။

ထိုအခိုက်မှာပင် တာဝန်ခံ‘ဝမ်’ ရောက်လာကာ လူကြီးမင်း





နှင့်တွေ့ဆုံရန် ခေါ်လေတော့၏။ သူလည်း ဘယ်လိုမှ မတတ်နိုင်တော့ဘဲ ဆန်ကောတစ်ချပ်နှင့်. . နေညိုညိုနှင့် တရုတ်လူကြီးမင်းကြားမှာ စကားပြန်လုပ်ရလေတော့သည်။

မျက်နှာလေး တစ်ရဲရဲနှင့် နေညိုညို ရှက်နေမှန်း ထိုအချိန်ကတည်းက သတိထားမိပါသည်။ ထို့ကြောင့် တွေ့ဆုံဆွေးနွေးမှုကိစ္စအား ရှန်ဟိုင်းနှင့်ဆက်သွယ်၍ အတည်ပြုမှုရယူရန်အတွက် ရုံးခန်းအပြင်ထွက်ကာ (၁၅)မိနစ်ခန့် နားရ၍. . သူလည်း ထိုအချိန်လေးကို အသုံးချကာ ဧည့်ဆောင်ဝန်ထမ်းနှင့် ညှိရသည်။

သည်တစ်ခါ တရုတ်မလေးမဟုတ်တော့ဘဲ၊ တရုတ်ကောင်လေးဖြစ်၍ စကားပြောရ အဆင်ပြေကာ ဆန်ကောကိုလည်း ကြည်ကြည်သာသာ လက်ခံထားလိုက်သည်။

သို့ဖြင့် ဒုတိယအကြိမ် လူကြီးမင်းနှင့်ပြန်ဆုံကာ လုပ်ငန်းကိစ္စဆွေးနွေးကြပါသည်။ လူကြီးမင်းတို့အလယ်မှာ ဆန်ကောမပါတော့သဖြင့် နေညိုညို၏မျက်နှာလည်း ပို၍လင်းပါသည်။

လုပ်ငန်းအဆင်ပြေကာ လူကြီးမင်းက သူနှင့်အတူ ညစာစားရန် ဖိတ်ခေါ်၍ အားနာနာနှင့် ကြိတ်လိုက်ကြကာ ည(၈)နာရီကျော်မှ ဟိုတယ်သို့ ပြန်ရောက်လာကြသည်။ ရောက်ရောက်ချင်းပင် ကိုယ်စလှယ်ရုံးမှ ကားတစ်စီး ထပ်ရောက်လာကာ ဆန်ကောတစ်ချပ်နှင့် တရုတ်ကိုယ်စားလှယ်နှစ်ယောက် အပြေးအလွှားရောက်လာပြီး နေညိုညိုထံ ဆန်ကောကို အပ်သည်တဲ့. . .။

“ဟုတ်. . ကျွန်တော်နည်းနည်းတော့ တွေးမိပါတယ်မမ ဒါပေမယ့်”

“ဘာကို ဒါပေမယ့်ဦးမလို့လဲ၊ မနက်ဖြန် သူတို့အစီအစဉ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရှန်ဟိုင်းသွားဖို့ရှိတယ်၊ မင်း အဲ့ဒီဆန်ကော ပါလာလို့ကတော့. . မင်းဘဝ မင်းတွေးတော့”

“ဟုတ်. . . ဟုတ်ကဲ့”

ပြောပြီး သူ့ရှေ့က ခြေသံခတ်ပြင်းပြင်း လျှောက်ထွက်သွားတဲ့ နေညိုညိုကို မကြည့်ရဲ့တော့သလို ခေါင်းငုံ့ထားလိုက်သည်။ သူမ၏ ခွာချွန်ဖိနပ်နှင့် ကြမ်းပြင်ထိခတ်သံတွေ အတော်ဝေးဝေး အထိ ရောက်သွားမှ သူအသာအယာခေါင်းမော့ လေပူမှုတ်ထုတ်ပစ်လိုက်သည်။

အမှန်တော့လည်း. . ဒီဆန်ကောချပ်ကို ဒီနေ့ဝယ်ဖို့ အစီအစဉ်မရှိ။ ကိုယ်စားလှယ်ရုံးသို့ရောက်သွားပြီးမှ တွေ့ဆုံရမည့် လူကြီးမင်းက အရေးကြီးကိစ္စနှင့် ရှန်ဟိုင်းသို့ ရဟတ်ယာဉ်ဖြင့် ထွက်ခွာသွား၍ ညနေပြန်ရောက်ချိန်အား ထိုင်စောင့်ရတော့မည်ဖြစ်သည်။

သို့သော် ရုံးတာဝန်က နေ့လည်စာအတွက် ကြယ်ခေါင်၏ နာမည်ကြီးစားသောက်ဆိုင်တစ်ခုတွင် ဧည့်ခံကျွေးမွေးရင်း ကြယ်ခေါင်မြို့ထဲ လည်ပတ်ခွင့်ရရန် စီစဉ်ပေး၍ ထိုအစီအစဉ်အား လက်ခံကာ ထွက်လာကြသည်။ ဈေးကွက်တွေပါ လှေ့လာခွင့်ရ၍ နေညိုညို သဘောအကျကြီးကျနေသကဲ့သို့ ရေချမ်းလည်း ပျော်သွားသည်။

ကြိမ်ထည်ပစ္စည်း သီးသန့်ရောင်းချသောဆိုင်ကို ဝင်မိသော အခါ ရေချမ်း အိမ်မေ့လက်ဆောင်ကို သတိရကာ ဝယ်မိလေတော့သည်။ မူလအစီအစဉ်အရ နယ်စပ်ကုန်သွယ်မှု တွေ့ဆုံဆွေးနွေးရေးကိစ္စ နှစ်ညအိပ်သုံးရက်ထက် မကြာဘူးဟု သတ်မှတ်ကာထားသည်။ အပြန်မှာ တောင်ကြီး၊ မန္တလေး တစ်ရက်စီဝင်ရမည်။ ခရီးစဉ်တလျှောက်လုံး (၇)ရက်နှင့်အပြီး ရန်ကုန်ရုံးချုပ်သို့ ပြန်ဝင်ရမည်





ဖြစ်၍ လက်ဆောင်ပစ္စည်းအတွက် သီးခြားထွက်ဝယ်ဖို့ အခွင့်အခြေမရှိ။ ယခုလို ကြုံကြိုက်တုန်းမှ မဝယ်လျှင် မရနိုင်တော့။

ထို့ကြောင့် ရေချမ်း ဝယ်ယူလာခဲ့သည်။ အချင်းဝက် နှစ်ပေခွဲနီးနီးရှိသော ဆန်ကောအရွယ်အစားက သေးတော့မသေးလှ။ မြန်မာကိုယ်စားလှယ်အဖွဲ့က ဆန်ကောတစ်ချပ် ဝယ်ယူအားပေးမှုအတွက် လိုက်လံပို့ဆောင်ပေးသော တာဝန်ခံမစ္စတာဝမ်က ဂုဏ်ယူဝမ်းသာစွာ အမှတ်တရဓါတ်ပုံပင် ရိုက်ယူထားလိုက်သည်။

အသင့်သုံး အပေါ့စားပလတ်စတစ်၊ ဖိုင်ဘာနှင့်ပြုလုပ်ထားသော ခေတ်မီပစ္စည်းတွေ ဆွဲဆောင်မှုအပြည့်နှင့် ဈေးကွက်ဝင်နေပါလျက် ရိုးရာလက်မှုကြိမ်ထည်ကိုမှ ရွေးချယ်သည့် မြန်မာတို့၏ ယဉ်ကျေးမှုစိတ်ဓါတ်ကို အလွန်မှ လေးစားပါကြောင်းဟု မစ္စတာဝမ်ပြောတုန်းက နေညိုညို၏မျက်နှာမှာ ဝင့်လို့ဝါလို့. . .။

မြန်မာစကားပြောတတ်သော တရုတ်ကိုယ်စားလှယ်က. .

“မြန်မာကိုယ်စားလှယ်တော်ကြီး မစ္စနေညိုညိုရဲ့ဆန်ကောချပ်က ကျွန်တော်တို့ဆီမှာ ကျန်ခဲ့လို့ လိုက်ပို့တာပါခင်ဗျာ. .”

နေညိုညို၏ မျက်နှာက နေဝန်းနီနီကြီးနှင့် ပြုံးကာ လက်ခံပေးခိုက် ရေချမ်းဝင်ကာ လက်ခံပေးပြီး ‘ရှဲရှဲ’ ‘ဟဲဟဲ’ လုပ်ပေးလိုက်ရသည်။ ထို့နောက် နေညိုညို ချာခနဲ လှည့်ကာ ထွက်သွား၍ သူလည်း ဆန်ကောတစ်ချပ်နှင့် မောလှပ်လှပ်ကြီးဖြစ်ကာ ကျန်ခဲ့သည်။

အင်း. . . မနက်ဖြန်တော့. . .။



www.burmeseclassic.com

www.burmeseclassic.com



မနက်စာစားပြီးသည်နှင့် ကိုယ့်အိတ်ကိုယ်ဆွဲကာ ဧည့်ဆောင်မှာ ထွက်ကာစောင့်ကြသည်။ နေညိုညို မသိမသာ အကဲခတ်ကြည့်တော့ ရေချမ်းဆီမှာ ဆန်ကောပါမလာ၍ စိတ်သက်သာရာရပုံ ပေါ်ပါသည်။ သူတို့သုံးယောက် ဧည့်ဆောင်ရောက်ပြီး ဘာမှမကြာ၊ မစ္စတာဝမ်ကိုယ်တိုင် ဆယ့်နှစ်လွှာအထိ တက်လာပြီး ခေါ်ယူကြိုဆိုသဖြင့် မြေညီထပ်သို့ ဆင်းကြကာ ခြောက်ပေါက်ဟုခေါ်သော ကားနက်ကြီးနှစ်စီးဖြင့် ရဟတ်ယာဉ်ရှိရာသို့ ခေါ်ဆောင်လာကြသည်။

တရုတ်လူကြီးမင်းပါ ရဟတ်ယာဉ်တစ်စီးတည်း လိုက်ပါမည်ဖြစ်ရကား ကွင်းအစပ်အထိ လိုက်ပါပို့ဆောင်ပေးသည့် မစ္စတာဝမ်တို့လို တာဝန်ခံပုဂ္ဂိုလ်တွေပင် အယောက်နှစ်ဆယ်လောက် ရှိကြသည်။

ဟိုလူ 'ရှဲရှဲ' ဒီလူ 'ရှဲရှဲ'နှင့် အတတ်နိုင်ဆုံးပြုံးကာ နှုတ်ဆက်





ပြီး လှည့်အထွက် ကွင်းအစပ်အထိ အသည်းအသန်း မောင်းဝင်လာသော ကားတစ်စီးကြောင့် အားလုံးရုတ်ရုတ်သဲသဲဖြစ်ကာ အထိတ်တလန့် လှည့်ကာကြည့်ကြသည်။

မောင်းဝင်လာသော ကားလေးရပ်သွားပြီး ကားထဲမှ ဟိုတယ်ဝန်ထမ်းတစ်ဦး ဆန်ကောချပ်ကိုင်ကာ ထွက်လာလေတော့သည်။ ထို့နောက် တရုတ်ဘာသာဖြင့်. .

"ဧည့်သည်တော်တွေ တည်းခိုတဲ့အခန်းမှာ ကျန်ခဲ့တဲ့ ပစ္စည်းမို့လို့ လိုက်ပို့တာပါခင်ဗျာ"

ထိုအခါ မစ္စတာဝမ်က. . .

"အို. . . ကျေးဇူးပဲ ညီလေး၊ ဒါ ငါတို့ကိုယ်စားလှယ် မစ္စနေညိုညိုတို့ အင်မတန် အလေးထားမြတ်နိုးတဲ့ ပစ္စည်းပါကွယ်. . ဟဲဟဲဟဲ. ."

ဘာတွေပြောနေကြသည်ဆိုတာတော့ နေညိုညိုနားမလည်သို့သော် ဆန်ကောကိုမြင်နေပြီဖြစ်၍ နေညိုညို၏မျက်နှာ ညိုရာမှ မှောင်ကာသွားတော့၏။ ရေချမ်းလည်း ညဥ့်တစ်ဝက်နီးပါး စဉ်းစားဆုံးဖြတ်ပြီးမှ ဆန်ကောကို တမင်ချန်ထားခဲ့ခြင်းဖြစ်သည်။

မနက်က အိပ်ယာနိုးနိုးခြင်း အမေ့အတွက်လက်ဆောင်ကို ယူမလာနိုင်တော့၍ စိတ်ထဲကနေ အမေ့ကို တောင်းပန်လိုက်သေးသည်။ အမေ့အတွက် စိတ်မကောင်းဖြစ်မိတာကလွဲ၍ ဒီမနက် ဆန်ကောကို စွန့်ပစ်ထားခဲ့နိုင်ခြင်းက သူ့စိတ်ကို ပေါ့ပါးစေပါသည်။ ဆန်ကောနှင့် တာဝန်ဝတ္တရားက ဘယ်လိုမှ မပတ်သက်သော်လည်း သွယ်ဝိုက်ပြီး ထိခိုက်နေသဖြင့် ထားခဲ့လိုက်တာသာ အကောင်းဆုံး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေညိုညိုလည်း နေမညိုသောမျက်နှာနှင့် ခရီးဆက်နိုင်ခဲ့သည်။ သူလည်း သွက်လက်စွာ လိုက်ပါလာခဲ့သည်။ ယခုမူကား . . ဆန်ကောတစ်ချပ်က တစ်တန်မျှသော အလေးချိန်ရှိသည်ဟု ထင်မြင်နေရသည်။ စိတ်နှင့်ကိုယ်နှင့် မကပ်နိုင်တော့ဘဲ ဆန်ကောကို ဒီအတိုင်း ဆွဲကိုင်လာသဖြင့် ရဟတ်ယာဉ်ပန်ကာ လေယက်အားကြောင့် လွှားခနဲ လွှတ်ထွက်တော့မည့် ဆန်ကောကို မနည်းပင် ပြန်ဖမ်းဆုပ်ထားရလေတော့သည်။

"ငါ့နှယ်. . ကွာ. ."







# အခန်း (၂)

နယ်စပ်ခရီးစဉ်မှာအပြန် တောင်ကြီးရုံးခွဲသို့ ဝင်ကြသည်။ ထိုမှ နေ့မဆိုင်းဘဲ မန္တလေးသို့ဆင်းကာ မန္တလေးမှာ တစ်ရက်နားပြီး ရန်ကုန်ဖလိုက်နှင့် ပြန်လာခဲ့ကြလေသည်။

မျှော်မှန်းထားသည်ထက် ပိုမိုအောင်မြင်မှုရရှိခဲ့သော ကျွန်တော်တို့အဖွဲ့အား ရုံးချုပ်မှ ဒါရိုက်တာအဖွဲ့ ဆင်းကာကြိုကြသည်။ အောင်မြင်မှုအတွက် မပြုံးနိုင်ဘဲ ဆန်ကောတစ်ချပ်အတွက် စိတ်ပျက်ရှက်မှန်နေသော နေညိုညို၏ မျက်နှာမသာမယာမှုက ဒါရိုက်

www.burmeseclassic.com



တာအဖွဲ့ကို အံ့အားသင့်စေလေသည်။

“သမီး. . ဂုဏ်ယူပါတယ်”

“ဟုတ်. . အန်ကယ် ကျေးဇူးပဲ”

“သမီးပင်ပန်းလာတယ်ထင်တယ်၊ မျက်နှာလည်း မကောင်းပါလား”

ဒါရိုက်တာကြီးမေးခွန်းကို သူမပြန်မဖြေဘဲ ဆန်ကောတစ်ချပ်နှင့် ရပ်ကြည့်နေသော ရေချမ်းကို အလိုမပြည့်သော မျက်နှာနှင့် လှည့်ကြည့်သည်။ ထိုနောက် ဒါရိုက်တာအဖွဲ့က ရေချမ်းတို့ကိုပါ ကြိုဆိုနှုတ်ဆက်ကာ အသင့်စောင့်နေသော ကားများနှင့် ရုံးချုပ်သို့ ပြန်လာကြတော့သည်။





“ရေချမ်းပြန်လာပြီဟေ့. . ငါတို့အတွက် ဘာပါလဲကွ”

“ဟုတ်ပ တရုတ်ပြည်အထိရောက်ပြီး ပေါက်စီလေးတစ်လုံးတောင် ပါမလာဘူး. . . တကယ်ပါပဲ”

ဌာနထဲကအဖွဲ့တွေ ဝိုင်းလာကြပြီး တစ်ယောက်တစ်ပေါက်ပြောဆိုကြသည်အား ရေချမ်းဂရုမစိုက်နိုင်ဘဲ သက်မမောကြီး ချ၍ ဆန်ကောကို စားပွဲပေါ်တင်ကာ ခုံဆွဲထိုင်လိုက်သည်။

ကိုအောင်တင့်က ဆန်ကောကိုယူကြည့်ပြီး. . .

“ကောင်းလှချည်လား ရေချမ်းရာ၊ ဒါ ဘယ်ကသယ်လာတာလဲ”

“ကြယ်ခေါင်. .”

“ဟာကွာ. . ဝယ်လက်စနဲ့ လေးငါးချပ်လောက် ဆွဲလာခဲ့ပါတော့လား”



www.burmeseclassic.com

ရေချမ်းမော့ကြည့်ပြီး. . .

"အဲ့ဒီတစ်ချပ်တည်းနဲ့တောင် ကျွန်တော် ပြုတ်စော်နံနေတာ လေးငါးချပ်သာဆို ရုံးကိုတောင် ပြန်မရောက်တော့ဘူးဗျ"

"ဟော. . ဘယ်လိုကြောင့်တုန်း!. . ."

ရေချမ်းစိတ်မောလူမော ဖြစ်နေသော်လည်း ရင်ထဲမြူထား ရသော ခံစားမှုအား ဖွင့်ချဖြစ်တော့သည်။





"ဟား. . ဟား. . ဟား. . ဟား. . အဲ့ဒါနဲ့ လုပ်ပါဦး"

"အဲ့ဒါတရုတ်ပြည်ခရီးစဉ်၊ တောင်ကြီးရောက်မှ ပြဿနာ က ပိုကြီးတာ၊ ကျွန်တော် ဆန်ကောချပ်က ပါလာတော့ တောင်ကြီး ရုံးခွဲကအဖွဲ့တွေ ပြာယာခတ်ကုန်တယ်"

"ဟော. . ဘယ်လိုကြောင့်လဲ"

"ဆန်ကောပါလာတော့ အတိတ်နိမိတ်မကောင်းဘူးတဲ့၊ စပြီ ဆိုကတည်းက ကောတော့မှာလို့ သူတို့က အယူရှိကြတယ်၊ အဲ့ဒါ ကြောင့် ယတြာချေတဲ့အနေနဲ့ အစည်းအဝေးခန်းထဲမှာ ဆန်ကော တွေ လေးငါးခုလောက် ချိပ်ထားကြတယ်၊ စပြီဆိုကတည်းက ကာလို့ ရအောင်တဲ့. . ဖြစ်ပုံ. . ဖြစ်ပုံ. ."

"ဟင်. . အဲ့ဒါနဲ့. ."

"အဲ့ဒါရောက်ပြီး နေညိုညိုက ခရီးပမ်းလို့ဆိုပြီး (၂)နာရီ



www.burmeseclassic.com

www.burmeseclassic.com



လောက် အနားယူတယ်၊ ပြီးမှ အစည်းအဝေးခန်းထဲဝင်တာ၊ အဲ့ဒီမှာ ဆန်ကာတွေ တွေ့ပြီး မေးတော့တာဘဲ”

“ဟုတ်လား အဆင်ပြေသွားလား”

“ဘယ်လိုလုပ်ပြေမှာတုန်း ဆန်ကောကြောင့် တစ်လမ်းလုံး မျက်နှာမိုးချုပ်နေတာ အစည်းဝေးခန်းထဲ ဆန်ကာတွေလည်းတွေ့ ရော. . ဒါ ကျွန်တော် ချွန်တွန်းလုပ်ပေးလို့ ရွံ့ထားတာဆိုပြီး မီးကုန်း ယမ်းကုန်ကို ဟောက်တော့တာဗျို့. . .”

“အဲ့ဗျာ”

“ကျွန်တော်လည်း ဘယ်လိုမှကို ရှင်းမပြတတ်လို့ ဒီအတိုင်း ဘဲ ငုံ့ခံနေလိုက်တော့တယ်၊ မန္တလေးရောက်တော့ အဲ့ဒီထက်ပိုဆိုး တယ်၊ မိုးတယ်ဝန်ထမ်းတွေက ပစ္စည်းတွေသယ်ပြီး အခန်းအရောက် လိုက်ပို့တော့ ကျွန်တော့်ဆန်ကောကို နေညိုညိုအခန်းထဲ သွားထည့် လိုက်တယ်၊ နေညိုညိုလည်းတွေ့ရော အဲ့ဒီဆန်ကောကို ယူလာပြီး ကျွန်တော့်ကို ပစ်ပေါက်တော့တာဗျ. . .

မှားတော့မှားခဲ့တာပဲ၊ ကျွန်တော့်ကြောင့်မှားတဲ့အမှားက အဲ့ဒီဆန်ကောကို ဝယ်လာမိတဲ့ အမှားတစ်ခုပဲရှိတယ်၊ ကျန်တာ သူ့အလိုလို မှားနေတာ ကျွန်တော်ဘာတတ်နိုင်မှာလည်းဗျာ၊

ခုလောက်ဆို ဒါရိုက်တာကြီးကို ဆန်ကောပြဿနာ တင်ပြ ပြီးလောက်ပြီဗျ၊ မနက်ဖြန်ဆို ကျွန်တော်အလုပ်ပြုတ်ပြီထင်တယ်”

“အင်း. . နားထောင်ရသလောက် မင်းရဲ့ဆန်ကောဒုက္ခက မသေးပါလား ရေချမ်းရာ”

ထိုစဉ် ကွန်ပျူတာစာရေးမ ခင်မေမြင့်က. . .

“ကိုရေချမ်းက လူပျိုလို့ပြောပြီးတော့ အဲ့ဒီဆန်ကောက ဘာ





လုပ်ဖို့လဲ”

“အာ. . အမေ့ကို လက်ဆောင်ပေးမှာလေ”

“အဟင်းဟင်း လက်ဆောင်များ မုန့်တို့အထည်တို့ ဝယ်ပါ တော့လား၊ ဒီဆန်ကောကြီး ဘာလုပ်မှာလဲ ကျွန်မကို ပြန်ရောင်းခဲ့”

“ဟင်”

“ဟုတ်တယ်ရေချမ်း. . ဒါက ငါတို့အိမ်ထောင်သည်တွေပဲ အသုံးတည့်မှာ”

“အာ. . မလုပ်ပါနဲ့ဗျာ”

ရေချမ်းအလန့်တကြား တောင်းပန်နေသည့်ကြားက ကို အောင်တင့်က ဆန်ကောကိုယူသွားကာ ဌာနခန်းရှေ့မှာရပ်လိုက် ပြီး. . .

“ကဲ. . . အားလုံးနားထောင်ကြ၊ ဒီဆန်ကောက တရုတ် လက်မှုပညာမြောက် ယက်လုပ်ထားတဲ့ ဆန်ကောဆိုတာ မြင်ကြတဲ့ အတိုင်းပဲ. . အရမ်းကို ရှယ်ကောင်းပါတယ်၊ ဒီတော့ကာ ဆန်ကော ပိုင်ရှင်ဖြစ်တဲ့ ရေချမ်းလည်း မနစ်နာရအောင် လေလံစနစ်နဲ့ ရောင်း ချပါတယ်”

“ဟေး. . ဟုတ်တယ်”

“ကဲ. . လေလံစတင်ပါပြီခင်ဗျာ၊ အမြင့်ဆုံးချေပေးနိုင်တဲ့ သူက ဒီဆန်ကောချပ်ပိုင်ရှင် ဖြစ်သွားပါပြီ”

“ကျွန်မ နှစ်ထောင်ပေးမယ်”

“ငါက သုံးထောင်ဟေ့”

“ကျွန်မ ငါးထောင်”

“ခြောက်ထောင်”



www.burmeseclassic.com

www.burmeseclassic.com



"ခွန်နှစ်ထောင်"

"တစ်သောင်းကွာ. . ကဲ"

"ကျွန်မ နှစ်သောင်းပေးမယ်"

နှစ်သောင်းပေးမယ်ဆိုသောသူကို လှည့်ကြည့်လိုက်တော့ ဌာနထဲသို့ ပြီးခဲ့တဲ့လဝက်ကမှ အသစ်ရောက်လာသော စာရေးမလေး ယွန်းဝတီ၊ ရေချမ်းဝင်လာတုန်းကလည်း မကြိုဆို၊ ဌာနတွင်း တစ်လကျော်လောက်နေလာပြီး ဘယ်သူနှင့်မှ ရင်းနှီးအောင်မနေဘဲ အခြေကြီးသည်ဟု ထင်ရသော ယွန်းဝတီက ရုတ်တရက် အမြင့်ဆုံးဈေးပေးကာ လေလံဝင်ဆွဲလာသဖြင့် အားလုံးငြိမ်သက်သွားကြသည်။

ဌာနတွင်း လခစားဝန်ထမ်းတွေအတွက် ဆန်ကောထက် ငွေနှစ်သောင်းဆိုသော တန်ဖိုးက ပိုပြီးလိုအပ်လှသဖြင့် သူမ ခေါ်လိုက်သောဈေးထက် ဘယ်သူမှ တစ်ကျပ်တောင် ပိုမပေးဝံ့တော့၍ ကိုအောင်တင့်က. . .

"ကဲ. . ယွန်းဝတီက နှစ်သောင်းတိတိ ပေးနေပါပြီ၊ ဘယ်သူများပိုနိုင်ဦးမလဲ"

ဘယ်သူမှမလှုပ်ကြ. . .။

"အိုခေ သုံးခါမေးပါမယ်. . ဘယ်သူ. ."

"ခဏလေး. . ကျွန်မ လေးသောင်းပေးမယ်"

"ဟမ်!!. . ."

"ဟာ!!. . ."

အသံလာရာဆီ လှည့်ကြည့်လိုက်တော့ မန်နေဂျာနေညိုညို ဖြစ်နေ၍ အသံအောင်အောင်နှင့် ဆန်ကောလေလံပစ်နေသော





ဌာနမှူးကိုအောင်တင့်ပင်လျှင် နည်းနည်းကျုံ့ရုံ့ကာသွားသည်။

ထိုအခိုက်မှာပင် ယွန်းဝတီက. .

"ကျွန်မ ငါးသောင်းပေးပါမယ်"

ဘာရယ်မဟုတ်ဘဲ တစ်ကယ့်ကို ဘာရည်ရွယ်ချက်မှ မရှိပါပဲနှင့် ဌာနတွင်းကဝန်းထမ်းတွေ လက်ခုပ်သြဘာပေးကြ၍ နေညိုညို တွန့်သွားကာ. . .

"ကျွန်မ တစ်သိန်းပေးမယ်"

"ဟာ!. ."

ယွန်းဝတီလည်းမခေပါ ချက်ချင်းပင်. . .

"ကျွန်မ နှစ်သိန်းပေးပါမယ်"

"သုံးသိန်း. ."

"လေးသိန်းပါရှင့်"

"ရှစ်သိန်းပေးပါမယ်"

နေညိုညိုက ယွန်းဝတီအား ဘာတတ်နိုင်သေးလည်း ဆိုသောအကြည့်ဖြင့် လှမ်းကြည့်၍ ယွန်းဝတီက. . .

"ကျွန်မ သိန်းနှစ်ဆယ်ပေးပါမယ်"

နေညိုညို၏မျက်နှာ တင်းခနဲဖြစ်သွားကာ. . .

"သိန်းလေးဆယ် ပေးပါမယ်"

"ဟာ!!. ."

ဝန်ထမ်းတွေ၏ အာမေဋိတ်သံက ကြက်သီးဖျန်းဖျန်းထလောက်အောင် ပေါ်ထွက်လာခဲ့ပြီး ယွန်းဝတီကို ဝိုင်းကာ ငုံ့ကြည့်လိုက်ကြသည်။ ယွန်းဝတီက ပြုံးရွှင်စွာ ထရပ်၍ အားပါးတရ လက်ခုပ်တီးပြီးမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်ယူပါတယ် မန်နေဂျာမမရှင့်၊ ကျွန်မ ဒီထက်ပိုပြီး မလိုက်နိုင်တော့လို့ အဖိုးတန် ဆန်ကောချပ်ကြီးကို မမ ပိုင်ဆိုင်သွားပါပြီ. . အားလုံး လက်ခုပ်တီးပေးကြပါ"

"ဝေး. . ဟေး. . "

"ဖြောင်း!. . ဖြောင်း!. . ဖြောင်း!. . ဖြောင်း!. . "









# အခန်း (၄)

ဆန်ကောတစ်ချပ်လုံး နုတ်နုတ်စင်း မီးပုံရှို့ပစ်ပြီး. . လောင်မြိုက်နေသော မီးတောက်ကိုကြည့်ကာ နေညိုညို၏စိတ်တွေ ပြာမကျနိုင်အောင် ဖြစ်နေသည်။ တစ်လမ်းလုံး အရှက်ခွဲခံလာခဲ့ရသော ဒီဆန်ကောကို ရန်ကုန်ရောက်မှ သိန်းလေးဆယ်နှင့် ပေးဝယ်လိုက်ရသောအဖြစ်အား သူမပြန်စဉ်းစားလေလေ ရှုးနှမ်းချင်လေလေ ဖြစ်ကာ ဆန်ကောချပ်အား ခုတ်ထစ်မည့်အစား ရေချမ်းကိုသာ ခုတ်ထစ်ပစ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့. . ယွန်းဝတီ။

မလောက်လေးမလောက်စားနှင့် နေညိုညိုလိုမိန်းမတစ်ယောက်ကို ခံခွပ်ချင်နေသေးသော သတ္တိက လျှော့တွက်လို့တော့ မရ။ လစာကိုးသောင်းစား စာရေးမတစ်ယောက်က သိန်းနှစ်ဆယ်အထိ နှုတ်ပေါ့လက်ပေါ့ ဝင်ကစားရဲတာ ဘာကြောင့်လဲ. . .

ယွန်းဝတီတဲ့. . . ဒီမိန်းကလေးက ဘယ်သူလဲ၊ ဘယ်လိုနောက်ခံတွေနဲ့ အတင့်ရဲနေသလဲ. . ။

ထိုမေးခွန်းများထဲ သူမကြာရှည်စွာ နစ်မွန်းမခံဘဲ ဖုန်းဖွင့်လိုက်ပါသည်။ ဒီပြဿနာကို ဉပဒေအကြံပေး ကိုကျော်ဇေယျ ရှင်းရမည်။

“ကိုကျော်ဇေယျလား”

“. . . . . . . . . .”

“စာရင်းထိန်းဌာနက ယွန်းဝတီရဲ့နောက်ကြောင်းကို စုံစမ်းပြီး ကျွန်မဆီပို့ပေးပါ”

“. . . . . . . . . . .”

သူမ ဖုန်းပိတ်ပြီး နှုတ်ခမ်းထောင့်လေးကွေးကာ ပြုံးလိုက်သည်။ ကားရေဆေးပြီး အနွေးထည်ကို ကဗျာကသီကောက်ဝတ်နေသော ဒရိုင်ဘာဦးလှဆောင်ကို သူမ လှမ်းကြည့်ရင်းက ဒီနှစ် ဆောင်းက အေးလို့လားဟု တွေးမိနေလေ၏။

ဌ ဌ ဌ ဌ





ထို နေ့က စာရင်းထိန်းဌာနတစ်ခုလုံးအား ရွှေဘဲမှာ ညစာအတွက် ရေချမ်းကျွေးမွေးဧည့်ခံပေးလိုက်သည်။ မလိုချင်သော်လည်း ပေးချင်သူက ပေးသွား၍. . သိန်းလေးဆယ်ဆိုသောငွေတို့ ရေချမ်းဝမ်းမသာနိုင်ဘဲ အံ့ဩနေမိသည်။

“မင်းရဲ့ကံဇာတာက ကြောက်စရာပဲ ရေချမ်းရာ. .”

စားသောက်ရင်း ကိုအောင်တင့်က ပြောခြင်းဖြစ်သည်။

ဒါကို စာရေးကြီးဒေါ်ချိုက. . .

“အဲ့ဒါ ယွန်းဝတီရဲ့ ကောင်းမှုလေ၊ ငါက ကုမ္ပဏီနဲ့ပတ်သတ်ပြီး လေလံရဲ့သဘောကို နားလည်တယ်၊ အမှန်တော့ လေလံဆိုတာ မနစ်းချင်းထိုးတာပဲ၊ အစပိုင်းတော့ ပစ္စည်းတန်ဖိုးအပေါ်မှာ ဈေးပြိုင်ကြတာ. . နောက်တော့ ဂုဏ်သိက္ခာတွေ မနအင်အားတွေ ပါလာပြီး သူနိုင်ကိုယ်နိုင် အပြိုင်ကြကြတာလေ၊ ငါတို့တွေ ကုမ္ပဏီသုံးဖို့ လေလံတားတွေဝင်ဆွဲတုန်းက အတွေ့အကြုံတစ်ခု ပြောပြမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ပြောပါဦး"

ဒေါ်ချိုက ကုမ္ပဏီကိစ္စနှင့် လေလံပွဲသွားတိုင်း မှတ်တမ်းစာရေးအဖြစ် လိုက်ပါနေကျဖြစ်၍ သူမ၏လေလံအတွေ့အကြုံကို ကျန်တဲ့သူတွေ လိုက်မမီ။ ထို့ကြောင့် အားလုံး စားသောက်ရင်းနှင့် ငံ့လင့်ကုန်ကြသည်။ သို့သော် . . ယွန်းဝတီတစ်ယောက်သာ သူမအတွေးနှင့်သူမ ငြိမ်ကာ စားသောက်နေလေသည်။ ဒါကို ရေချမ်း သတိထားမိနေသည်။

"အမှန်တော့ တကယ့်လေလံပွဲကြီးတွေမှာ သူ့အုပ်စုနဲ့သူ ရှိနေကြတာဟဲ့၊ အဲ့ဒီမှာ ဘုမသိဘမသိ တစ်ယောက်ထဲ ချွန်ပြီးဝင်ဆွဲတဲ့သူကတော့ အချိန်မီနောက်ဆုတ်ရင်ဆုတ် မဆုတ်ရင် သေမယ့်သာပြင်ထားပဲ . . ၊ တစ်ခေါက်က ငါတို့တွေ ကားလေလံသွားဆွဲကြတယ်၊ ပွဲမဝင်ခင် လော့နံပါတ်တွေ ဝင်ကြည့်ထားပြီးသားဆိုတော့ ဘယ်နံပါတ်ဘယ်ကားက ဘယ်ဈေးရရင် သင့်တယ်ဆိုတာပေါ့ . . ၊ အဲ့ဒီမှာ တတိယသုတ် ပွဲထုတ်တဲ့နံပါတ်က ကားစုတ်ကြီးဟ၊ တစ်စီးလုံးဘာမှကို မက်စရာမရှိတာ၊ အဲ့ဒါကို တရုတ်အဖွဲ့နဲ့ ကုလားအဖွဲ့ ပြိုင်ဆွဲနေတဲ့အချိန်မှာ ခေါင်းပေါင်းနဲ့လူကြီးတစ်ယောက်က ဝင်ဆွဲပါလေရောလား . .

ကြမ်းခင်းဈေး သိန်းသုံးဆယ်ကနေ စလိုက်တာ တစ်ပုံးတိုး နှစ်ပုံးတိုးနဲ့ သွေးတိုးစမ်းနေတုန်း ဦးလေးကြီးက ဆယ်ပုံးလောက် ဖြတ်ပြီး တက်ခေါ်ပစ်လိုက်တယ်၊ အဲ့ဒီမှာ ပြိုင်နေတဲ့နှစ်ဖွဲ့က အလိုလို ညီညွတ်သွားပြီး . . အဲ့ဦးလေးကြီးကို ဝိုင်းပို့တော့တာလေ၊ ဦးလေးကြီးပေးတဲ့ဈေးကို မခံချိမခံသာ ကပ်ခေါ်ပြီး တစ်ရာကျော်သွားအောင် ပို့ပေးလိုက်တယ်၊ ဦးလေးကြီးဆီက နောက်ဆုံး တစ်ရာ့လေးဆယ်အထိ ပေးပြီဆိုတော့မှ ဟိုနှစ်ဖွဲ့က အသာလျှိုပစ်လိုက်ကြတယ်၊ အဲ့ဒါနဲ့ ဦးလေးကြီး အစုတ်ကြီးကို တစ်ရာ့လေးဆယ်နဲ့ ပိုက်ဘောမိသွားရှာတယ်လေ၊ အခုလည်း ယွန်းဝတီက နေညိုညိုရဲ့ မာနနဲ့ဂုဏ်သိက္ခာကိုသိလို့ ခေါ်ထုတ်ပြီး ပို့ပေးလိုက်တာ . . "





"သြော် . . "

"အင်း . . နော်"

အားလုံး အင်းတွေ သြောတွေဖြစ်ကုန်ကာ ယွန်းဝတီအား လေးစားတဲ့မျက်လုံးတွေနှင့် ကြည့်ကြသည်။

"ရေချမ်းရေ မင်းတော့ ယွန်းဝတီကို ဝမ်စွေ့ဝမ်စွေ့ လုပ်လိုက်ဟ . . အန်တီချိုပြောမှပဲ ငါတို့သိတာ"

"ဝမ်းဆက် . . ဝမ်းဆက် . . လက်ဆောင်ပေးသင့်တယ်"

"ဘူး . . ပါတိတ်ရော"

"အို . . ခါးကြီးမှဖြစ်မှာပေါ့"

"ရှသွားရင် . . ဒုက္ခ"

"နိုင်းတူးဖိုက် တစ်ဆင်စာသာ လုပ်ပေးလိုက်တော့"

ယွန်းဝတီအတွက် တစ်ယောက်တစ်မျိုး တောင်းဆိုပေးနေကြခိုက် ယွန်းဝတီ ထိုင်ရာမှထကာ . . .

"အားလုံးကို ကျေးဇူးတင်တယ် . . ၊ ကျွန်မအတွက်တော့ ရေချမ်းအဆင်ပြေသွားတာကိုပဲ ကျေနပ်ပါတယ်ရှင့်၊ ကဲ . . ကျွန်မ ပြန်နှင့်တော့မယ် . . ကိစ္စလေးရှိသေးလို့ပါ . . "

ပြောပြီး သူမ ထွက်နှင့်သဖြင့် ကိုအောင်တင့်က ရေချမ်းကို လက်ကုတ်၍ လေသံနှင့် . .

"လိုက်သွားလေကွာ . . ကျေးဇူးရှင်ကို ကျေးဇူးတင်စကား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြောမှပေါ့ကွ၊ မင်း အတော်အ,တဲ့ကောင် မြန်မြန်သွား"

ဆိုတော့ကာ ရေချမ်း မအူမလည်နှင့် ထလိုက်သွားရသည်။

ရေချမ်းထွက်သွားမှ ကိုအောင်တင့်က. .

"အဲ့ဒီနှစ်ယောက်ကို နီးစပ်သွားအောင် ကြပ်ပေးကြရင် မကောင်းဘူးလား"

"အို. . . ရှင့်နှယ်၊ ကလေးတွေ အနေအထိုင်ခက်အောင် မလုပ်စမ်းပါနဲ့"

"ခင်ဗျား အဲ့ဒါကြောင့် အပျိုကြီးဖြစ်နေတာ"

"ဖြစ်တော့ ဘာဖြစ်သေးလဲ. . ကိုယ်ရှာလို့ရတာ ကိုယ်သုံးရုံပဲလေ. ."

"အင်းပါ ကိုယ်မရှာနိုင်တော့မှ ကိုယ်ဘယ်လိုသုံးမလဲ ကြည့်ကြတာပေါ့"

"ရတယ်. . ကျွန်တော် သုံးပေးလိုက်မယ်. ."

ၛ ၛ ၛ ၛ





ရေချမ်း နောက်ကနေ ပြေးလိုက်သွားပြီးမှ ဘာပြောရမှန်းမသိ ခြေလှမ်းတုန့်သွားသည်။ ယွန်းဝတီ လှည့်ကြည့်ပြီး. .

"အဟင်း. . ကိုရေချမ်းက ဝန်ထမ်းပီသတယ်နော်"

"ဗျာ!. ."

"ခိုင်းသမျှ အကုန်လုပ်တာပဲလား"

သူမ ဘာကိုဆိုလိုမှန်း ရေချမ်း ရုတ်တရက်နားမလည်နိုင်ဖြစ်ကာ ယောင်နန ရယ်ပြခိုက်. .

"ကျွန်မရော တစ်ခုလောက် ခိုင်းလို့ရမလား"

"ဟုတ်ကဲ့. . ပြောပါ ယွန်းဝတီ"

"ကျွန်မနောက်ကို လိုက်သွားဖို့ တွန်းအားပေးတဲ့သူကို ပြောလိုက်ပါ. . ယွန်းဝတီ ချာတိတ်မဟုတ်ဘူးလို့. . နော် ကျေးဇူးပဲ"

"ဟုတ်ကဲ့ ကျွန်တော် ဆက်ဆက်ပြောပေးပါမယ် ယွန်းဝတီ။ နောက်တစ်ခု ကျွန်တော်ပြောချင်တာက ဒီနေ့ရလိုက်တဲ့ကိုက်ဆံအား



www.burmeseclassic.com

www.burmeseclassic.com



လုံး ယွန်းဝတီယူလိုက်ပါ။ ကျွန်တော့်ကို အဲ့ဒီဆန်ကောမျိုးတစ်ချပ်ပဲ ပြန်ဝယ်ပေးပါ. . "

ယွန်းဝတီပါးစပ်ကလေးဟာ မျက်လုံးလက်လက်ကလေးတွေနှင့် မော့ကြည့်သည်။

"တကယ်ပြောတာပါ. . ၊ အမေမှာလိုက်တဲ့ လက်ဆောင်ပစ္စည်းလေးမို့လို့ အမေ့ကို အဲ့ဒီဇကောလေးတစ်ချပ် ပေးနိုင်ရင်ပဲ ကျွန်တော်ကျေနပ်ပါပြီ၊ ကျွန်တော့်အတွက် ငွေမလိုပါဘူး. . "

"ရှင်က အရမ်းချမ်းသာတယ်ဆိုပါတော့"

"အာ. . အဲ့ဒီလိုတော့ မဟုတ်ပါဘူးခင်ဗျ၊ ကျွန်တော်တို့က မရှိတဲ့ဘဝနဲ့ နေသားကျနေပါပြီ. . အဲ့ဒါကြောင့်ပါ. . . "

"မရှိတဲ့ဘဝ. . အဟင်းဟင်း နားထောင်လို့ကောင်းပေမယ့် နည်းနည်းစိတ်ကူးယဉ်ဆန်မနေဘူးလား၊ ရှင့်လိုပဲ တခြားမရှိတဲ့သူတွေကို အဲ့ဒီငွေတွေ ပုံပေးလိုက်ရင် ရှင့်လိုပဲ ငြင်းမှာလား. . . ဒါမှမဟုတ် ယူမလား"

ရေချမ်း ခေါင်းကုတ်လိုက် နှာခေါင်းပွတ်လိုက်နှင့် လုပ်ရင်းက. . .

"အဲ့သလိုပေးလိုက်ရင်တော့. . ယူကြမှာပဲဗျ"

"ဒါဆိုမယူတဲ့ရှင်က ရူးနေလို့လား"

"ဗျာ!. . "

"ခုချိန်မှာ ရှင်တွေးသင့်တာက အဲ့ဒီလက်ဆောင်တွေ ပိုက်ဆံတွေအစား တစ်လမ်းလုံး ဒီဆန်ကောကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်ဆိုတဲ့ မန်နေဂျာမမက. . ရှင်ရှိတဲ့ ဌာနခန်းကို ရောက်လာပြီး ဆန်ကောကိုတောင် သိန်းလေးဆယ်နဲ့ လေလံဆွဲ





သွားတာ ဘာကြောင့်လဲ. . ၊ ဘယ်လိုသဘောမျိုးလဲဆိုတာ တွေးရမှာလေ. . "

ထိုအခါမှ ရေချမ်းက ရေလိုက်ငါးလိုက် အသံမျိုးလေးနှင့်. . .

"အေးဗျ. . နော် ဟုတ်သား"

"အဲ့ဒါပဲ ရှင်ရဲ့. . လူတော်တော်များများဟာ သူတို့ဘဝတစ်လျှောက်လုံးကို အရေးမကြီးတာတွေနဲ့ပဲ အချိန်ကုန်လိုက်ကြတယ်၊ ကျွန်မက အဲ့သလို အပေါ်စားဆန်ပြီး သာမန်ပဲ နေတတ်. . တွေးတတ်တဲ့လူတွေနဲ့ သိပ်ပြီး အပေါင်းအသင်း မဆန့်ချင်ဘူးရှင့်"

"ဒါဆို ယွန်းဝတီကရော ဘာအတွက် လေလံဝင်ဆွဲတာလဲ"

ရေချမ်းဆီက ကြားရလိမ့်မည်ဟု မျှော်လင့်မထားသောမေးခွန်းဖြစ်၍ တစ်ချက်တော့ အံ့အားသင့်ကာ လှည့်ကြည့်. . .

ထို့နောက် ရိပ်ရိပ်ကလေး ပြုံး၍. . .

"ရှင့်ရဲ့ မန်နေဂျာမမကြီး အခန်းဝမှာ လာရပ်ကြည့်နေတာ မြင်လို့လေ"

"သြော်. . "

ထို့နောက်မှ သူမက တက္ကစီတစ်စီးကို လှမ်းတားကာ. . .

"လှိုင်ရိပ်မြုံ ပို့ပေးပါ"

ကားဆရာ ခေါင်းညိတ်ပြသည်နှင့် ရေချမ်းဘက် မျက်နှာတစ်ချက်လှည့်မလာဘဲ ကားထဲဝင်ထိုင်ကာ လိုက်ပါသွားတော့သည်။

ရေချမ်း ခဏကြာအောင် ရပ်နေမိပြီးမှ ပင့်သက်ရှိုက်ကာ ပြန်လျှောက်ခဲ့သည်။ နေညိုညို ဘာအတွက် ရောက်လာခဲ့တာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ယွန်းဝတီကရော နေညိုညိုကိုမြင်တာနဲ့ပဲ ဘာကြောင့် လေလံပွဲထဲဝင်ပါရတာလဲ. . ဘာကြောင့်လဲ. . .။

ရေချမ်းအာရုံထဲ ကျပ်ခဲနောက်ကျိသွားကာ ခေါင်းကိုခါရမ်းပစ်မိလေတော့၏။







# အခန်း (၄)

"ဟဲ့သား!. . အဲ့. . အဲ့ဒါ ဘာတွေတုန်း"

"ပိုက်ဆံလေ. . အမေ"

အမေ ပိုက်ဆံထုပ်ကိုကြည့်ပြီး လန့်ခါကာသွားသည်။

အမေ့ဘဝမှာ ဒီလောက်များတဲ့ ပိုက်ဆံတွေ အထုပ်လိုက်ချထားတာ မြင်မှမမြင်ဘူးပဲကိုး။

"မင်း. . မင်း. . ရိုးရိုးသားသားရော ဟုတ်ရဲ့လား ရေချမ်း"

"ရိုးလွန်းလို့ အတောင် အနေပါပြီ အမေရယ်. . အဲ့ဒါယူ



www.burmeseclassic.com

www.burmeseclassic.com



ထား၊ အမေလိုတာသုံး အိမ်စပေါ်ထပ်တင်ဖို့ကိစ္စလည်း အမေ့ဘာသာ ကြည့်စီစဉ်လိုက်တော့. . ”

“မဟုတ်ဘူး. . မင်းပြော ဒါ ဘယ်လိုရတာလဲ”

ဆိုတော့ကာ-ရေချမ်းမနေသာတော့ဘဲ အဖြစ်မှန်အတိုင်း ပြောပြလိုက်ရသည်။

“အဲ့ဒါပဲ အမေ့ရဲ့ ဆန်ကောကတော့ ဟိုတစ်ယောက်ဆီ ပါသွားပြီ”

အမေ မယုံကြည်နိုင်သလို ဖြစ်သွားကာ. . .

“နေပါဦး ရေချမ်းရဲ့. . နင့်ဆန်ကောက သိန်းလေးဆယ်လောက်တန်ရအောင် ရွှေဆန်ကောကြီးမို့လို့လားဟဲ့၊ ငါယုံအောင်လဲ ပြောပါဦး. . ”

“အမေယုံအောင်ပြောဖို့နေနေသာ သားဘာသားတောင် မယုံနိုင်လို့ ဒီညအိပ်ပျော်ပါ့မလားမသိဘူး၊ လောလောဆယ် အမေ ထမင်းစားတော့. . သားစားပြီးပြီ၊ ဒါကဘဲကင် အမေရ. . နာမည်ကြီးဆိုင်ကဝယ်လာတာ. . သား ရေချိုးဦးမယ်”

ရေချမ်းပြောဆိုပြီး ရေချိုးဖို့ထအထွက် ဒေါ်အေးတင် သားဖြစ်သူ၏လက်ကို လှမ်းဆွဲပြီး. . .

“ရေချမ်း”

“ဗျာ!. . ”

“မင်းငွေတွေ အမေ မသုံးတတ်ဘူး. . ပြန်ယူသွား၊ ဒီတစ်ခါ မင်းခရီးသွားရရင်သာ အဲ့လိုဆန်ကောမျိုးတစ်ချပ်သာ ဝယ်လာခဲ့”

“ဗျာ!. . ”

“ဟဲ့!. . ပြန်ယူသွားလို့ ပြောနေ. . ရော့”





သူ့ခြေရင်းဘက် ဖုတ်ခနဲ ရွှေ့ချပေးလိုက်သည့် ငွေစက္ကူထုပ်ကို ငုံ့ကြည့်ပြီး ဒေါ်ကြောင်ကာသွားသည်။ အမေ့ကို လှမ်းကြည့်တော့ သူဆေးပေါ့လိပ်တိုကြီးကို ပြာခြွေကာ မီးညှိနေလေ၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းအား အထက်အရာရှိတစ်ယောက်လို ဆက်ဆံခံလိုက်ရခြင်းအတွက် သူမ အိပ်ရာမှ လန့်နိုးကာ ထထိုင်မိသွားသည်။ နာရီကို လှမ်းကြည့်လိုက်တော့. . မနက်(၄)နာရီ၊ သူမပြန်အိပ်ဖို့ ကြိုးစားသော်လည်း အိပ်လို့မရ။

မနေ့က ဒါရိုက်တာကြီးပြောလိုက်သော စကားများ. . သူမ အာရုံထဲ ပဲ့တင်သံလို ပြန်ပေါ်လာလေသည်။

“ရေချမ်းနဲ့ပတ်သက်ပြီး အရာရာကို နားလည်ပေးပါသမီး အန်ကယ်တောင်းဆိုတာပါ. .၊ အမှားရှိခဲ့ရင်လည်း ရေချမ်းကို ဖေးဖေးမမနဲ့ သင်ပြပေးလိုက်ပါ”

သူမ ဝုန်းခနဲထထိုင်ပြီး ခေါင်းအုံးတွေ ဆွဲပေါက်လွှင့်ပစ်မိသွားသည်။

သင်းက ဘာကောင်မို့လို့လဲ. . ဒါရိုက်တာကြီးနဲ့ ဘယ်လို





ပတ်သက်ပြီး. . ဒီဘာမဟုတ်တဲ့အကောင်က ဘယ်လောက်တောင် အရေးပါနေလို့လဲ. .၊ ကုမ္ပဏီမှား ဒုတိယအဆင့် ဩဇာအကြီးဆုံး ငါ့လိုမိန်းမတစ်ယောက်က. . ဒီလို. . .။

ဟား. . ရှုံးတော့မှာပဲ. .။

“မမ. . ရှေ့နေကြီး တွေ့ခွင့်တောင်းပါတယ်”

နောက်ကျိနေသော စိတ်အာရုံအတွက် သူမကော်ဖီတစ်ခွက် သီချင်းတစ်ခွေနှင့် ဖြေဖျောက်နေခိုက် အင်တာကွန်းမှ အသံဝင်လာသဖြင့် သီချင်းပိတ်လိုက်သည်။

“ဝင်ခဲ့ပါ. . ”

အနောက်တိုင်းဝတ်စုံအား စတိုင်လ်ကျအောင် ဝတ်စားတတ်သော ကျော်ဇေယျ၏ ခန့်ညားမှုက နောက်ကျိနေသော သူမ စိတ်အာရုံတွေကို ခဏလေးမေ့ပစ်နိုင်ခဲ့သည်။

တစ်ချိန်တည်းမှာပင် စိတ်၏အလိုဆန္ဒတစ်ခုက တောင့်တလာသဖြင့်. . .

“အချိန်နည်းနည်း ပေးနိုင်မလားဟင်”

“ဟုတ်ကဲ့ မန်နေဂျင်း. . ရပါတယ်”

“ဒါဆို ကျွန်မတို့အပြင်ခဏလောက်သွားရအောင် စိတ်ကို သန့်စင်စေနိုင်တဲ့ နေရာမျိုးပေါ့. . ဖြစ်ရဲ့လား”

“ခင်ဗျာ. . ဟုတ်. . ဖြစ်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



လျှပ်စစ်လှေခါးအိမ်လေးထဲကနေ အတူတွဲထွက်သွားသော နေညိုညိုနှင့် ကျော်ဇေယျကိုကြည့်ကာ ဒေါ်ချိုအလန့်တကြား ဖွင့်ဟသွားသည့်ပါးစပ်အား. . စာရင်းဖိုင်တွဲနှင့်ပိတ်ကာပြီး ဌာနခန်းထဲ ပြေးဝင်လာခဲ့သည်။

"အခွေ. . အခွေသစ်ထွက်နေပြီဟေ့. . အဟိဟိဟိ"

ကိုအောင်တင့်က. . .

"ဘာခွေလဲဗျ. . အပျိုကြီးနော် ကြည့်လဲလုပ်ဦး"

"ဘာလဲ နားရွက်နဲ့နားထောင် နှာခေါင်းနဲ့နားမထောင်နဲ့"

ကိုအောင်တင့် တွန့်ခနဲဖြစ်ကျန်ခဲ့ပြီးမှ ဒေါ်ချိုက. . သူမ၏ စာရေးမအုပ်စုနား ရောက်သွားကာ လေသံနှင့်ပြော၍ အားလုံးဝိုင်းအုံကုန်တော့၏။

"ဟဲ့!. . ငါတို့ကြားတာ ကောလဟာလ မဟုတ်တော့ဘူးဟဲ့"





"ဘယ်ဟာလဲအစ်မကြီး"

"ကျော်ဇေယျနဲ့ နေညိုညို"

"ဟင်!. ."

စာရေးမအုပ်စုတွေ ဝိုင်းအုံနေသည့်အထဲမှ ယွန်းဝတီ စိတ်အလိုမပြည့်သော မျက်နှာနှင့်ထွက်သွား၍ ဒေါ်ချိုတို့အုပ်စု လှည့်ကြည့်ကာ ပုခုံးတွန့်ကြ မျက်နှာမဲ့ကြနှင့် လုပ်ပြီးမှ ဆက်ပြောကြပြန်ပါသည်။

ယွန်းဝတီ နာရီတစ်ချက်ကြည့်ပြီး မြေညီထပ်ရှိ ကင်(န်)တင်းဆီ ဆက်လျှောက်လာခဲ့တော့သည်။

ဒီချိန် ကင်(န်)တင်းမှာ လူရှင်းတတ်သဖြင့် သူမ ထိုအချိန်မျိုးကို ရွေးချယ်ကာ ထိုင်တတ်သည်။ ယခုလည်း ကင်(န်)တင်းသွားဖို့ စိတ်ကူးရှိနေသော်လည်း လုပ်လက်စအလုပ်ကလေး ဖြစ်နေသဖြင့် မထဖြစ်။ ဒေါ်ချိုရောက်လာမှ စိတ်ပျက်ပြီး ထလာဖြစ်တာတော့ တိုက်ဆိုင်သည်ပဲထား။

သူမတို့အဖွဲ့မျိုး ဒေါ်ချိုကို အားနာမိသည့်တိုင် သူမစိတ်နှင့် ခံစားလို့မရနိုင်တာတော့ မတတ်နိုင်ပါချေ။

သူမ ဝင်လာတုန်းကတော့ ကင်(န်)တင်းထဲ လူသူရှင်းလင်းနေ၍ သတိမထားမိ။ ကောင်တာမှာ ငွေရှင်းပြီး ကော်ဖီနှင့်မုန့်ဗန်းလေးကိုင်ကာ လှည့်ထွက်လာမှ. . အခန်းထောင့်တွင် တစ်ယောက်တည်းထိုင်နေသော ရေချမ်းကို မြင်သွားသည်။ ထိုင်ခုံပေါ် ဆောင့်ကြောင့်တက်ထိုင်ပြီး သူ့ရှေ့မှာချထားသော အထုပ်တစ်ထုပ်အား ခမိုတ်မသုန် စိုက်ကြည့်နေခြင်းဖြစ်သည်။

သူမ မချင့်မရဲပြုံးလိုက်ပြီးမှ ရေချမ်း၏ဝိုင်းမှာ ဝင်ထိုင်ဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်လိုက်တော့၏။

"ဩော်. . ယွန်းဝတီ၊ လာ. . လာထိုင်ပါဗျ"

ရေချမ်း ပြာပြာသလဲဖိတ်ခေါ်ပြီး ထိုင်ခုံမှ ခြေချထိုင်ကာ သူ့ကိုယ်သူလည်း ဣန္ဒြေရရဖြစ်အောင် ပြုပြင်ကာ အေးစက်နေသောလက်ဖက်ရည်အား. . အနည်းငယ်လေမှုတ်၍ သောက်လေသည်။

ယွန်းဝတီက သူမယူလာသော ဘီစကစ် မုန့်ပန်းကန်အား စားပွဲအလည်မှာချပေးပြီး ကော်ဖီခွက်ကို သူမဘက် မ,ယူကာ ချထားသည်။

"မုန့်စားပါ"

"ကျေးဇူးပဲ ကျွန်တော်က လက်ဖက်ရည်သောက်ရင် မုန့်မစားဘူးခင်ဗျ"

ယွန်းဝတီ တစ်ချက်လှမ်းကြည့်ပြီး. . သူမ မုန့်ပန်းကန်အား ပြန်ယူကာ စားလေသည်။

"ယွန်းဝတီ"

ရေချမ်းခေါ်၍ သူမလှမ်းကြည့်တော့ ရေချမ်းက သူ့ရှေ့က စက္ကူထုပ်အား ယွန်းဝတီဘက် တိုးကပ်ပေးပြီး. . .

"ကျွန်တော်အကူအညီတောင်းတာပါ. . ၊ ကျွန်တော့်ကို ဒီပိုက်ဆံထုပ်ကလေး ထိန်းသိမ်းထားပေးပါလားဗျာ"

ယွန်းဝတီ မျက်လုံးအဝိုင်းသားနှင့်ကြည့်ပြီး. . ။

"ဘာပိုက်ဆံလဲ!"

"ဟိုနေ့က ဆန်ကောလေလံပိုက်ဆံဗျာ. . "

"ဒုက္ခပါပဲ ရှင့်ဘာသာသိမ်းပါလား"





"ကျွန်တော့်အမေကလည်း မသုံးတတ်ဘူးလို့ ပြောတယ်ဗျ၊ အိမ်မှာလည်း ဒီငွေကို လုံခြုံအောင်ထားနိုင်တဲ့ သေတ္တာမရှိဘူး၊ မနေ့ညကဆို အိပ်လို့တောင် မပျော်ဘူးဗျာ၊ ခုလည်း. . ရုံးကိုယူလာပြီး ဘာလုပ်ရမှန်းမသိဘူး"

"ရှင်တော်တော်တုံးပါလား ကိုရေချမ်း. . ၊ ရှင့်ဆီမှာ မသိမ်းနိုင်ရင် ဘဏ်တွေမှအများကြီး. . ကြိုက်တဲ့ဘဏ်မှာ အပ်လိုက်လေ"

"အမေ လက်မခံရဲတာလည်း မပြောနဲ့ ကျွန်တော်ကိုယ်တိုင်လည်း ငွေကို နှစ်သိန်းပြည့်အောင် ကိုင်ဖူးတာမဟုတ်ဘူး၊ ဘဏ်စာအုပ်ဖွင့်ဖို့ဆိုတာ အိပ်မက်တောင် မမက်ဖူးဘူးဗျာ တစ်ကယ်ပါ"

"ဘုရားရေ. . ရှင်တော်တော်ကိုအပါလား၊ နေပါဦး ရှင်ဘွဲ့ရဝန်ထမ်းရော ဟုတ်ရဲ့လား"

"အာ. . ရတာပေါ့ဗျာ၊ မြန်မာစာ အဝေးသင်နဲ့ ပြီးထားတာ၊ ကျောင်းပြီးမှ အလုပ်ဝင်ပြီး လုပ်ငန်းလိုအပ်ချက်အရ တရုတ်ဘာသာစကားသင်တန်း ထပ်တက်ထားတာ"

"ရှင့်နှယ်. . ဘွဲ့ရတစ်ယောက်ဖြစ်ပြီး အဲ့ဒီပညာတွေ၊ ဗဟုသုတတွေ ဘယ်မှာသွားပုံထားလဲ"

"မပုံပါလားဗျာ"

"ပုံထားလို့ တုံးနေတာပေါ့ရှင်"

"ဟာ. . . ကျွန်တော့်သူငယ်ချင်း ခင်မောင်ဆို ကျွန်တော့်ထက်တောင် တုံးသေးတယ်၊ ဒီကောင်က ဥပဒေနဲ့ ပြီးတာ. . . ပြောပြမယ်. . ဒီကောင် ရှေ့နေတစ်ယောက်ဆီမှာ ပညာသင်ဝန်ထမ်း ဝင်လုပ်နေတယ်၊ တစ်နေ့ အမှုသည်တစ်ယောက် ရောက်လာပြီး အမှုလာအပ်တယ်. . အမွေနဲ့ပတ်သက်တဲ့ တရားမမှုပေါ့ အမှု



www.burmeseclassic.com

www.burmeseclassic.com



အပ်တာရော အမှုလိုက်ခအတွက် ဆယ့်ငါးသိန်းပေးမယ်လို့ အမှုသည်က ပြောတယ်၊

လောလောဆယ် ပိုက်ဆံမပါလာလို့ အိမ်မှာလိုက်ယူပါဆိုလို့ ဒီကောင်လည်း ဆယ့်ငါးသိန်းဆိုတော့ တက္ကဆီကို အသွားအပြန် ပုဒ်ပြတ်ငှါးသွားတယ်၊ လမ်းမှာ အမှုသည်က သူ့အိမ်အတွက် ကြေးအိုးပါဆယ် ဝယ်သွားချင်လို့ဆိုပြီး ပိုက်ဆံခဏစိုက်ခိုင်းတယ်၊ အဲ့ဒါနဲ့ ဒီကောင်လည်း ကြေးအိုးသုံးပွဲစာ စိုက်ပေးလိုက်တယ်. .၊

အဲ့ဒါနဲ့ ရပ်ကွက်တစ်ခုထဲက ဧရာမခြံဝင်းကြီးတစ်ခြံရဲ့ရှေ့ကို ရောက်သွားတယ်ဗျ၊ သံမဏိတံခါးမကြီးတွေပိတ်ထားလို့ အမှုသည်က ဒီချိန်မီးပျက်နေလို့ ရှေ့ကနေ ဘဲ(လ်)တီးခေါ်လို့ ရမှာမဟုတ်ဘူး၊ သူ ဘေးပေါက်ကနေဝင်ပြီး တံခါးဖွင့်ပေးမယ် ဒီကခဏစောင့်ဆိုပြီး ထားခဲ့တာ နာရီဝက်လောက်ကြာသွားလို့ အောက်ဆင်းကြည့် အမှုသည်ထွက်သွားတဲ့လမ်းအတိုင်း ဘေးကနေ ပတ်ကြည့်တော့မှ လူနေအိမ်မဟုတ်ပဲ စက်ရုံဝင်းအဟောင်းကြီး ဖြစ်နေမှန်းသိလိုက်ရတာ. .

အမှုသည်အယောင်ဆောင်ပြီး ကြေးအိုးသုံးထုပ်နဲ့ တက္ကဆီအချောင်စီးသွားတာလေ. .၊ ဟိုကောင် အေးဆောင်ဆို ပိုတောင်ဆိုးသေး. . . ကားပေါ်ကနေ ရေသန့်ဘူးတစ်ဘူးဝယ်တာ တစ်သောင်းတန်ပေးလိုက်တယ် ရောင်းတဲ့ကောင်လေးက အကြွေအမ်းပေးမယ် ခဏလေးဆိုပြီး လစ်သွားတာ ဆုံးပါရောလား၊ သူတို့ထက်ပိုအတာက. . ."

"တော်ပြီ. . တော်ပြီ ကိုရေချမ်း၊ ရှင်က အဲ့ဒီငတုံးတွေရဲ့ သူငယ်ချင်းဆိုတော့ ရှင့်အရည်အချင်းကို နားလည်ပြီ၊ နေ့ခင်း ကျွန်မ





ဘဏ်သွားဖို့ရှိတယ် ရှင်လိုက်ခဲ့၊ အဲ့ဒီငွေကို ရှင့်နာမည်နဲ့ ဘဏ်စာအုပ်လုပ်ပေးမယ် ဟုတ်ပြီလား"

"အာ. . ကျေးဇူးပါဗျာ. . တစ်ကယ်ပါ၊ အဲ့သလိုအပ်ပြီးရင် ကျွန်တော်လိုတဲ့အချိန် ပြန်ထုတ်ယူလို့ရတယ် မဟုတ်လား"


ယွန်းဝတီ မျက်စောင်းထိုးတော့၏။





www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၂)

**နန်း** သီတာ စားသောက်ဆိုင်သို့ရောက်ပြီး နာရီဝက်နီး ဝါးမျှ ကြာသည်အထိ သူမအတွေးနှင့် သူမနစ်နေပြီးမှ သူမရှေ့မှာ မပျင်းမရိလေး ထိုင်ပေးနေရှာသော ကျော်ဇေယျအား သတိရကာ အားနာသွားပြီး. .

"ဆောရီးပဲ ကိုကျော်ဇေယျ၊ ကျွန်မ အရမ်းလွတ်သွားတယ်"

"ကိစ္စမရှိပါဘူး ကျွန်တော်နားလည်ပါတယ်၊ မန်နေဂျင်း အတွက် Stress တွေ လျှော့နိုင်အောင်လို့လည်း ကျွန်တော် ဒီနေရာ



www.burmeseclassic.com

www.burmeseclassic.com



ကို ရွေးပေးတာပါ"

"ကျေးဇူးပဲ၊ ကျွန်မကို နာမည်ပဲခေါ်ပါ၊ ရုံးမှာတော့ တစ်မျိုးပေါ့"

"အင်းနေဦး . . ဒါလည်း ဖိအားတွေကို လျှော့ခြင်းတစ်ခုပဲဗျ၊ ကျွန်တော်တို့ ပေါ့ပေါ့ပါးပါးပဲ ပြောကြမလား"

"ကောင်းတယ် ကိုကျော်ဇေယျ . . ၊ လောလောဆယ်တော့ ယွန်းဝတီအကြောင်းပဲ ပြောပါ"

ကျော်ဇေယျ ခေါင်းညိတ်ပြပြီး . . ဝိုင်ကို အနည်းငယ်စုပ်သောက်သည်။ ပြီးမှ . .

"အံ့ဩစရာပဲ နေညိုညိုရဲ့၊ ကျွန်တော်လည်း တကယ်ကို ထင်မထားတာ"

"ဘာကိုလဲဟင်! . . ."

ဌ ဌ ဌ ဌ





"သမီး အဆင်ပြေရဲ့လား"

ဖခင်ဖြစ်သူ၏မေးခွန်းက ယွန်းဝတီအတွက် ဘဝင်ကျစရာမရှိသော်လည်း ခေါင်းညိတ်ရုံ ညိတ်ပြလိုက်သည်။ ကုဋေပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှုဖြင့် ရေလုပ်ငန်းကုမ္ပဏီကြီးတစ်ခုကို ပိုင်ဆိုင်ထားသော ဖခင်တစ်ယောက်၏ တစ်ဦးတည်းသောသမီးက တခြားကုမ္ပဏီတစ်ခုမှာ ကွန်ပျူတာအော်ပရေတာ လစာကိုးသောင်းကျော်စားရတဲ့ စာရေးမလေးတဲ့ . . ရယ်တော့ရယ်ချင်စရာ။ ဒါနဲ့များ သမီးအဆင်ပြေရဲ့လားတဲ့ . . ။

သူမအတွေးနှင့်သူမ မချိတင်ကဲ ပြုံးလိုက်သဖြင့် ဖခင်ဖြစ်သူ ဦးဒေဝါက . . .

"ဆင်းရဲတဲ့သူပဲဖြစ်ဖြစ်၊ ချမ်းသာတဲ့သူပဲဖြစ်ဖြစ် ကြံ့ခိုင်တဲ့စိတ်ဓါတ်ရှိမှ ကိုယ့်ဘဝကိုယ် မပြိုမလဲအောင် တည်ဆောက်နိုင်တာ သမီးရဲ့၊ ပြီးတော့ ဖေဖေ့မှာ အရာရာကို ယုံကြည်စွာအပ်နှံခဲ့ရဖို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် သမီးတစ်ယောက်ပဲရှိတယ်. .၊ အဲ့ဒီအတွက် သမီးမှာ စိတ်ဓါတ်ကြံ့ခိုင်မှုရှိရမယ်. .၊ ဘဝအတွေ့အကြုံ ရင့်ကျက်မှုရှိရမယ်၊ သိမ်မွေ့နက်နဲတဲ့ လူမှုဆက်ဆံရေးအပိုင်းမှာ ထိုက်သင့်သလောက် ရင်းနှီးကျွမ်းဝင်မှုရှိရမယ်. .၊

ဟိုတုန်းက တရုတ်လူမျိုးတွေဟာ သားသမီးချင်းလဲလှယ်ပြီး ကျွန်ယုံလုပ်ကြတယ် သမီးရဲ့၊ တစ်ဖက်ကတွေးရင် နှိပ်စက်တာပေါ့၊ ဒါပေမယ့် သူတို့ရည်ရွယ်ချက်က ဖေဖေ့ရည်ရွယ်ချက်အတိုင်းပဲ၊ အဲ့ဒါကြောင့် သူတို့တွေ စီးပွားရေးမှာ အောင်မြင်ကြတယ်. . . ကိုယ်ဘဝကိုယ် တည်ဆောက်တဲ့နေရာမှာ အနာအဆာလွတ်ပြီး စွမ်းစွမ်းတမံ ရှိကြတယ်. .၊ ဖေဖေက သမီးအပေါ်မှာ သူတို့လောက် မရက်စက်ခဲ့ဘူး မဟုတ်လားကွယ်. . နားလည်ပါ”

“သမီးနားလည်ပါတယ်၊ အခုတော့ မဟုတ်သေးဘူး ဖေဖေ တဖြည်းဖြည်း နားလည်လာလိမ့်မယ်ထင်တာပဲ. . သမီး နားတော့မယ်”

“အေးအေး. . သမီး၊ နားပါ. . နားပါ. .”

ယွန်းဝတီ ထွက်သွားမှ ဧည့်ခန်းဝမှာ အသာရပ်ကြည့်နေသော ဦးအောင်မော်ဝင်လာပြီး. . .

“ဆရာ ယွန်းလေး လိုင်းကားနဲ့ အလုပ်တက်ရတာ အရမ်းပင်ပန်းမှာပဲ သူ့ကားနဲ့သူ. .”

ဦးဒေဝါ လက်ကာပြ၍ ဦးအောင်မော် စကားဖြတ်ကာ ပင့်သက်ခိုးရှိုက်သည်။ ဦးအောင်မော်က ဦးဒေဝါ သာမန်ပွဲရုံပိုင်ရှင်ဘဝကတည်းက လူယုံဒရိုင်ဘာအဖြစ် သစ္စာကြီးစွာ လက်တွဲလာခဲ့သူ။ ယွန်းဝတီလေး မွေးလာတော့လည်း သူတို့လင်မယား လက်ထဲမှာပင် ကြီးပြင်းရ၍ သမီးရင်းပမာ သံယောဇဉ်ဖြစ်ကြကြောင်း ဦးဒေဝါ သိပါသည်။ ထို့ကြောင့်. . .

“ခင်ဗျားတို့လင်မယား စိတ်မကောင်းဖြစ်နေမှန်း ကျုပ်သိတယ်. .၊ ကျုပ်က ဖခင်အရင်းကြီးပါဗျာ၊ သမီးကို နှိပ်စက်တယ်လို့ထင်ရင် ကျုပ်က ရင်ဘတ်နဲ့နှိပ်စက်နေရတာ. . ပိုခံရတာပေါ့. .၊ ဒါပေမယ့် ခုချိန်အထိ သမီးမှာ လိုအပ်ချက်တွေ များနေသေးတဲ့အတွက် ကျုပ်တို့ မျက်စိမှိတ်နေရမှာပဲ ကိုအောင်မော်၊ ခင်ဗျားအမျိုး သမီးကိုလည်း နားလည်အောင် ပြောပြလိုက်ဗျာ. .”

“ဟုတ်ကဲ့ဆရာ၊ စောစောက အအေးခန်းစက်ရုံမန်နေဂျာ ဖုန်းဆက်တယ်၊ ဆရာ့ဖုန်းပိတ်ထားလို့ ကျွန်တော့်ဆီဆက်တာ. . မနက်ဖြန် စက်လှေတွေ ပြန်ဝင်မှာမို့လို့ ဝန်ထမ်းတွေ အိုဗာတိုင်ဆက်ခေါ်ထားတယ်လို့ ပြောပေးပါတဲ့. .”

“ဪ ဟုတ်ပြီ၊ ကျုပ်လည်း အစည်းအဝေးပြီးရင် စက်ရုံဝင်မလို့ဟာ ဘယ်လိုမှ အချိန်မရလိုက်ဘူး၊ အိုခေ. . ကျေးဇူးပဲ ကိုအောင်မော် ခင်ဗျားလည်း နားတော့လေ”

“ဟုတ်ကဲ့ပါ”

ဦးအောင်မော် ဧည့်ခန်းက ပြန်ထွက်သွားမှ သမီးဖြစ်သူ၏ အခန်းရှေ့ လျှောက်သွားပြီး စေ့ထားသော်တံခါးအား အသာအယာဟ၍ ကြည့်လိုက်သည်။ ခုတင်ပေါ်မှောက်အိပ်နေသော သမီးကို ကြည့်ကာ ဦးဒေဝါ ပင့်သက်ရှိုက်ပါသည်။

“အားနာပါတယ် သမီးရယ်”

၅ ၅ ၅ ၅







www.burmeseclassic.com

www.burmeseclassic.com



"**သား**ရေ ကိုရေချမ်း ဘယ်နှစ်နာရီထိုးကုန်ပြီလဲကွယ် မင်းဒီနေ့ စောစောသွားရမယ်ဆို . . ရေချမ်း . . ဟဲ့! . . ရေချမ်း"

"ဗျာ! . ."

"အမလေးနော် ဒီလိုဝီရိယမျိုးနဲ့ ဖြစ်ဦးမယ်၊ ငါ့နှယ် ဘယ်အချိန်ရှိနေပြီလဲ"

"ဗျာ! . . ဘယ်နှနာရီထိုးပြီလဲ"

"ငါကသိမလား . . နေထွက်ပြီ မင်း စောစောသွားရမယ်ဆို"

"ဟုတ် . . ဟုတ် . . အမေ"

ရေချမ်း အိပ်ရာမှ လူးလဲထကာ နာရီကြည့်လိုက်သည်။

ဟာ . . ခုနစ်နာရီခွဲပြီဟ . . ။

ဒီနေ့ နယ်စပ်မှ မှာယူတင်သွင်းထားသော ကွန်တိန်နာများ ရောက်ရှိမည်ဖြစ်ပြီး ကြယ်ခေါင်မှ ကိုယ်စားလှယ်အဖွဲ့ ပါလာမည် ဖြစ်ရာ ဖွင့်ဖောက်စစ်ဆေးလက်ခံဖို့အတွက် GM ဘေးမှာ သူရှိနေရ





မည်ဖြစ်သည်။ ရုံးကို ရှစ်နာရီခွဲအရောက် သွားရမည်။ ထို့ကြောင့် ရေမိုးချိုး အဝတ်အစားလဲပြီး အမေ ပြင်ဆင်ပေးထားသော မနက်ခင်း အဆာခံ ထမင်းကြမ်းတောင် မစားနိုင်တော့ဘဲ ထမင်းချိုင့်ဆွဲတာ ကသုတ်ကယက် ပြေးထွက်ရလေ၏။

"အမေ . . သွားပြီ"

"အေး . . အေး . . ဒီကောင်လေး အဆာခံမစား ဘာမစားနဲ့ . . ၊ ဟဲ့ . . ရေချမ်း ရုံးရောက်ရင် ထမင်းစောစောစားလိုက်ဦး"

"ဟုတ် . ."

ရေချမ်းထွက်သွားမှ ရပ်ကွက်ထဲက တင်မြရီဈေးဘန်းလေး ခေါင်းခုပြင်ရင်း လှမ်းအော်သည်။

"အဒေါ်ရေ ငါးဘဲလေးတွေပါတယ်လေ၊ ချောင်းတက်ကလေးတွေ အရမ်းလတ်တာပဲ"

"ဩော် . . အေး . . ငါလည်း အိုးကပ်ကလေး ချက်စားချင်နေတာ"

"ပင်စိမ်းလေးအုပ်ချက် ကောင်းမှကောင်း"

တင်မြရီဝင်လာပြီး ဈေးဘန်းဆန်ကောကြီးကို အိခနဲ ဆွဲမြှောက်မကာ ချလိုက်သည်။

ကျွတ်ကျွတ်အိတ်အထုပ်ကလေးတွေနှင့် ငါးစုံအသားစုံ ထည့်ထားသော ဈေးဘန်းက အချိန်ဆယ့်ငါးထက်တော့ မလျော့။ ဒါတောင် ညွတ်မသွားသော ဆန်ကောကိုကြည့်ပြီး ဒေါ်အေးတင် စိတ်ဝင်စားသွားကာ . . .

"ဟဲ့! . . နင့် ဆန်ကောဘန်းကြီးက ကောင်းလှချည်လား"

"ကောင်းဆို အိမ်ကယောကျ်ား မူဆယ်ဘက် လှေကားသမား



www.burmeseclassic.com

www.burmeseclassic.com



သွားလုပ်တော့ အဲ့ဒီကနေ ဝယ်လာတာလေ၊ ကြိမ်သက်သက် လုပ်ထားတာ အဒေါ်ကြီးရဲ့. . တရုတ်ဆန်ကောတဲ့”

“ဟေ. . ငါ့သား ငါ့ဖို့ဝယ်လာတယ်ဆိုတဲ့ ဆန်ကောမျိုးလားဟဲ့. . မှန်း. . ”

“ကြည့်လေ ကျွန်မပြမယ်”

ထိုနောက် တင်မြရီက ဟင်းစားထုပ်တွေ ဘေးမှာ ပုံချပြီးပြသည်။

“ဒီမှာမြင်လား အလယ်မှာ တရုတ်နဂါးခေါင်းပုံတောင် ဖော်ပြထားသေး”

“အို. . အစစ်ပေါ့အေ ဒါမျိုးပေါ့။ ညည်းနှယ် ဒါလောက်တန်ကြေးကြီးပစ္စည်းကို ငါးထည့်ရောင်းရသလား မိုက်ပ့ါအေ”

“ဒါနဲ့မရောင်း ဘာနဲ့ရောင်းမတုန်း ဒေါ်ကြီးရဲ့”

“ဟဲ့!. . ဒီမှာ၊ ငါးသားလည်း အဲ့ဒါမျိုးတစ်ချပ် ငါ့အတွက် ဝယ်လာတာ ရုံးမှာတင် ဝိုင်းလုပြီး ဝယ်ကြလို့ သိန်းဘယ်လောက်ဆိုလား ရလိုက်တယ်ဟဲ့ ကောင်မရဲ့”

“ဟင်!”

“အဲ့ဒီငွေတွေ ငါ့လာပုံပေးတာ၊ ငါမသုံးရဲလို့ သုံးလည်းမသုံးတတ်လို့ ရေချမ်းပြန်ပေးလိုက်တယ်”

“ဟုတ်လို့လား ဒေါ်ကြီးကလည်း”

“ညည်းမယုံရင် ငါ့သားညနေပြန်လာရင် လာမေးလှည့်. . ဘယ့်နှယ်အေ ညည်းတို့ဟာက သူခိုးနွားကောင်းမှန်းမသိဖြစ်နေပြီ”

“အ. . အ. . အဒေါ်ကြီး တကယ်ပြောတာနော်”

“ညည်းနှယ်. . ခက်တော့နေပြီ၊ မယုံလည်းနေ. . ပေး. .





ဘယ်အထုပ်လဲ”

တင်မြရီက ငါးဘဲလေးတွေ ထုပ်ထားသော အထုပ်အားကဗျာကသီ ရှာဖွေပေးပြီး. . .

“ဒီမှာ ဒေါ်ကြီး အစိတ်သားထုပ် ငါးရာပဲပေး၊ သူများကိုခြောက်ရာရောင်းတာ. . ဒါနဲ့ ညနေ ကျွန်မလာမေးရမလားဟင်”

“မပြောတော့ဘူး. . ညည်းသဘော၊ ရော့. . ငါးရာ”

တင်မြရီ အတော်ရွှင်ရွှင်လန်းလန်း ဖြစ်သွားပြီး ဆန်ကောချပ်ကို ယူဆင်းသွားကာ အိမ်ရှေ့ရေတိုင်ကီမှာ ဆေးကြောပစ်လိုက်သည်။ ထိုနောက် သေချာရေစစ် ရေခါလုပ်ပြီးမှ. . .

“ဒီဆန်ကောကို ဒေါ်ကြီးဆီမှာပဲ ထားခဲ့တော့မယ် ညနေရေချမ်းပြန်လာမှ ပြပြီးမေးမယ်လေ”

“ဟင်. . အခုညည်းဘာနဲ့ ရောင်းမှာတုန်း”

“တင်မြရီ ဒီလိုပဲ ကျွတ်ကျွတ်အိတ်တွေ လက်ဆွဲပြီး ရောင်းနေတာ ဒေါ်ကြီးလည်း သိသားနဲ့”

ပြောရင်း သူမ၏ဟင်းစားထုပ်များအား တစ်ဖက်တစ်ချက်ဆီ ခွဲသီကိုင်ကာ ထွက်တော့သည်။

“သွားပြီ ဒေါ်ကြီး”

“အေး. . အေး”

“ဒီဘက်အိမ်က ဟင်းစားယူကြဦးမလား. . အမဲသား၊ ဝက်သား၊ ကြက်သား၊ ငါးမြင်း ၊ ငါးရံ့၊ ငါးဘဲ တော်ရေ့. . . ”




www.burmeseclassic.com

www.burmeseclassic.com



ဝက်ဘာလို
မြင်ရာလျှောက်တိုး...
လမ်းရိုးမှားမှန်း
မသိပြန်တော့...
ကြုံဆတွေးကာ
လျှောက်နေပါလည်း...
ချာချာလည်ပြီး...
သည်ခရီးက..
ဝိုင်းဝိုင်းကြီးနှင့် ဝေးလွန်းသည်။









# အခန်း (၆)

ရှေး ရေစက်ပဲလား. . သူ့ကိုမြင်သည်နှင့် နေညိုညို၏ မျက်နှာက ညိုကာ အုံ့နေသည်။ သူ ကသုတ်ကယက်နှင့် မြေညီထပ် အဆောက်အဦးထဲ လှမ်းအဝင် ရုံးဝင်းထဲသို့ ရှေ့နောက်ဆင့်ကာ ဝင်လာသော ကားနှစ်စီးက မြေညီထပ်ဝင်ပေါက်ရှေ့မှာပင် ရပ်လိုက်သဖြင့် အသင့်ရပ်စောင့်နေသော နေညိုညိုနှင့်ရုံးအဖွဲ့များ ဆင်းလာကြိုကြသည်။

ပထမတော့ သူကြောင်ကာ ရပ်ကြည့်နေမိသည်။ ဒုတိယ



www.burmeseclassic.com

www.burmeseclassic.com



နေညိုညိုလက်ဆွဲနှုတ်ဆက်လိုက်သူမှာ မစ္စတာဝမ် ဖြစ်နေ၍ သူ သတိဝင်လာကာ အပြေးအလွှား ထွက်ကာကြိုရသည်။

"မင်္ဂလာပါ မစ္စတာဝမ်၊ ကြယ်စင်ထိပ်တန်းကုမ္ပဏီမှ ကြိုဆိုပါတယ်ခင်ဗျာ"

"အို. . မစ္စတာရေချမ်း ကျွန်တော်တို့ပြန်ဆုံကြပြီ၊ ဝမ်းသာစရာ သတင်းပါ. . မစ္စတာ ရေချမ်းအတွက်ရော. . GM နေညိုညို အတွက်ပါ အထူးမှာယူထားတဲ့ဆန်ကော လက်ဆောင်ပါပါတယ် ခင်ဗျာ. ."

"အိုးဗျာ. . တကယ်ကို ဂုဏ်ယူစရာပါ. . ကျေးဇူးတင်ပါတယ်"

တရုတ်ဘာသာစကားဖြင့် ကြိုဆိုနှုတ်ဆက်ပြီး နေညိုညိုကို ဘာသာပြန်ပေးဖို့ အန္တရာယ်ရှိသဖြင့် မသိချင်ဟန်ဆောင်ကာ မစ္စတာဝမ်တို့ ကိုယ်စားလှယ်အဖွဲ့အား ဧည့်ဆောင်သို့ လမ်းပြကာ ခေါ်ဆောင်လာခဲ့သော်လည်း ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ယောက်က. . အနီရောင် ဖဲကြိုးစည်းများဖြင့် လှပစွာ ပါကင်ထုပ်ထားသော လေးထောင့်စက္ကူဘူးကြီးနှစ်ဘူးအား သယ်ဆောင်လာခဲ့သည်။

ဧည့်ဆောင်သို့ ရောက်ရောက်ချင်းမှာပင် မစ္စတာဝမ်က နေညိုညိုအား စက္ကူဘူးကြီးနှင့်ပါကင်ထုပ် လက်ဆောင်ပေးပါသည်။

"ကြယ်ခေါင် အမှတ်တရပါခင်ဗျာ၊ စိတ်ချမ်းသာပါစေ"

ရေချမ်း အနားမှာရပ်ကာ ဘာသာပြန်ပေးသဖြင့် နေညိုညို ကလည်း ကျေးဇူးတင်စကားပြောကာ လက်ခံယူပါသည်။ ထိုနောက် ကျန်နေသေးသော ပါကင်ဘူးကြီးအား ရေချမ်းကိုပေး၍ ရေချမ်း လည်း ကျေးဇူးတင်စကားပြောကာ လက်ခံယူလိုက်သည်။





ပြီးမှ အစားအသောက်များဖြင့် တည်ခင်းဧည့်ခံကာ တင်သွင်းကုန် ဖွင့်ဖေါက်စစ်ဆေးရေးကိစ္စ လက်ခံဆွေးနွေးကြပါသည်။ ရေချမ်းတို့ဆွေးနွေးနေခိုက် အကူရုံးအဖွဲ့များက လက်ဆောင်ပစ္စည်း များအား ယူကာသွားကြသည်။

မနက်ခင်းပိုင်းမှာပင် ဂိုဒေါင်သို့သွားရောက်ပြီး ဖွင့်ဖေါက် စစ်ဆေးမှု လက်ခံအတည်ပြုမှုအားလုံး ပြီးဆုံးအောင် ဆောင်ရွက် နိုင်ကြ၍ မစ္စတာဝမ်တို့ ကိုယ်စားလှယ်အဖွဲ့ မန္တလေးသို့ ပြန်လည် ထွက်သွားကြသည်။ သူတို့အဖွဲ့လည်း ထမင်းစားဆင်းချိန် ရုံးချုပ်သို့ ပြန်ရောက်ကြတော့သည်။

ဌာနခန်းထဲ ရေချမ်းပြန်ရောက်တော့ တစ်ခန်းလုံး အုံးအုံး ထကာ ဆူပွက်နေကြသည်။ ကြည့်လိုက်တော့ သူ၏ လက်ဆောင် ပါကင်ဘူးကြီး ဖွင့်ပေါက်နေပြီး ကိုအောင်တင့်လက်ထဲမှာ ဆန်ကော ချပ်ကြီး ရောက်နေလေပြီ။ အလျှင်တစ်ခေါက်ကအတိုင်း လေလံပစ် နေကြခြင်းဖြစ်သည်။

"ဆယ့်ငါးကျပ်ပေးပါတယ်"

"ဒေါ်ချိုက ဆယ့်ငါးကျပ်ပါတဲ့ခင်ဗျာ"

"ကျုပ်က နှစ်ဆယ်ပေးမယ်ဗျာ"

"ကျွန်မက နှစ်ဆယ့်ငါးကျပ်"

"ကျွန်မက သုံးဆယ်"

"ဝါဝါညွန့်က သုံးဆယ်ကျပ်ပါတဲ့ခင်ဗျာ၊ ကျွန်တော် သုံးကြိမ် ကြေညာပြီး ထပ်တိုးမဲ့သူမရှိရင်"

"ကျွန်တော်တိုးပါမယ် သုံးဆယ့်ငါးကျပ်ပေးပါမယ်"

"လေးဆယ်. . လေးဆယ်"



www.burmeseclassic.com

www.burmeseclassic.com



"လေးဆယ့်ငါးကျပ်ဟော့"

အပြိုင်အဆိုင်စျေးပေးနေကြသော. . ဌာနတွင်း ဝန်ထမ်းအုပ်စုကြီးရှေ့က ဆန်ကောကို သူလှမ်းကြည့်ပြီး သူစိတ်ညစ်ကာသွားသည်။

ထိုစဉ် နေညိုညို၏ ရုံးခန်းတွင်း၌. . .

"မမရေ ကိုရေချမ်းရတဲ့လက်ဆောင်က ဆန်ကောတဲ့၊ မမရောဟင်. . ."

"ဘာ!. . ဘာဖြစ်တယ်"

နေညိုညို ခါခနဲဖြစ်သွားပြီး စားလက်စ ဖွန်းခရင်းအား ပစ်ချကာ ငေါက်သံနှင့်မေး၍ ရုံးအကူကောင်မလေး လန့်ဖျပ်ကာ ငြိမ်သွားသည်။

"ဟဲ့!. . ငါမေးနေတယ်လေ"

"ရှင်. . ဟို. . ကို. . ကိုရေချမ်းလက်ဆောင်. . ဆန်. . ဆန်ကောလို့ ပြောတာပါ"

နေညိုညို တောင့်ခနဲဖြစ်သွားပြီး မစ္စတာဝမ်ပေးခဲ့သော လက်ဆောင်ပါကင်ဘူးကြီးကို လှမ်းကြည့်သည်။ ထိုနောက် ထိုင်ရာမှ ထသွားကာ ပါကင်စက္ကူများအား ဖေါက်ဖြဲခွာထုတ်လေ၏။

"ဟင်. . မမလည်း. ."

နေညိုညိုနောက်ကနေ တအံ့တသြ အသံပြုသော ရုံးအကူကောင်မလေး စကားမဆုံးခင်မှာပင် ဆန်ကောချပ်ကိုယူကာ ပြတင်းပေါက်မှ လွှင့်ပစ်လိုက်လေတော့၏။

"ဟော့တော်. ."

နေညိုညိုချာခနဲလှည့်ကာ ပါကင်ဘူးအား ပစ်ချပေးလိုက်





ပြီး. . .

"အဲ့ဒီပါကင်ဘူးကိုယူသွား ရုံးအောက်က အမှိုက်ခြင်းမှာ သွားပစ်လိုက်"

"ဟုတ်. . ဟုတ်ကဲ့ရှင့်"

ကောင်မလေး ဘူးခွံယူပြီးထွက်သွားမှ နေညိုညို ထမင်းစားရန် စားပွဲမှာ ပြန်ဝင်ထိုင်လိုက်သည်။ သို့သော် ဆက်မစားဖြစ်တော့ပါချေ။

"တောက်!!. . ."

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းဆန်ကောချပ်ယူပြီး ဌာနခန်းထဲကအထွက် လျှပ်စစ်လှေခါးအိမ်ထဲကနေ ဖွင့်ဖောက်ထားသော စက္ကူဘူးခွံနှင့် ထွက်လာသော ကောင်မလေးကို မြင်၍. .

"သီတာ. . အဲ. . အဲဒါက"

"ဟုတ်တယ် ကိုရေချမ်း. . မမ ဘယ်လိုဖြစ်တယ်မသိဘူး လက်ဆောင်ရတဲ့ ဆန်ကောချပ်ကိုလည်း ပြတင်းပေါက်ကနေ လွှင့်ပစ်လိုက်တယ်၊ အခုလည်း ဒီပါကင်ဘူးကို သွားပစ်ခိုင်းတာ"

ရေချမ်းနားထောင်ရင်း ဗူးခွံကိုအမှတ်တမဲ့ လှမ်းအကြည့် ဘူးခွံ၏အတွင်းဘက် အောက်ခံနေရာတွင် အဝါရောင် ဖဲကြိုးတိတ်ပြားလေးနှင့်ကပ်ထားသော လက်ဆောင်ကဒ်ပြားလေး တွေ့သွား၍ ခွာယူကာကြည့်လိုက်သည်။

"အထွေထွေမန်နေဂျာ နေညိုညိုအတွက် အမှတ်တရ





လက်ဆောင်အဖြစ် ရှန်ဟိုင်းကုမ္ပဏီ ဒါရိုက်တာကြီး၏ ဆန္ဒပြုမှုဖြင့် နဂါးမျက်လုံးများအား ပတ္တမြားအစစ်ဖြင့် စီခြယ်ပြီး ဂုဏ်ပြုအပ်ပါသည်။ ကျွန်ုပ်တို့၏ ရှေးရိုးအစဉ်အလာအရ ဆန်ကောချပ်အား တန်ဖိုးထားတတ်သူသည် အသက်ဝိညာဉ်တို့၏ ကျေးဇူးကို တန်ဖိုးထားသူဖြစ်ရကာ. . အလွန်မှ သူတော်ကောင်းတရားနှင့် ပြည့်စုံ၍ မြတ်သောမျိုးရိုးမှ ဆင်းသက်လာသူဖြစ်သည်။

ကျန်းမာ. . ချမ်းသာပါစေ. . "

တရုတ်ဘာသာဖြင့် ရေးထိုးထားသော လက်ဆောင်မွန်ကဒ်ပြားအား ဖတ်ပြီးသည်နှင့်. . .

"ဆန်. . ဆန်ကောကို ဘယ်နေရာကနေ လွှင့်ပစ်တယ်"

"ပြတင်းပေါက်က"

"ရှေ့လား. . နောက်လား"

"မမစားပွဲနောက်က ပြတင်းပေါက်ပေါ့"

"ဟာ. . ဒါဆို စည်ပင်လမ်းကြားပဲ၊ အဲ့ဒီ ပါကင်ဘူးကိုမပစ်နဲ့ ရော့. . ငါ့ဆန်ကောပါ ခဏယူထားပေး"

"ဟင်. . ဘာလုပ်မလို့လဲ"

"ခဏလေး"

ရေချမ်းဘာမှ မဖြေရှင်းနိုင်ဘဲ လက်ဆောင်မွန်ကဒ်နှင့် ဆန်ကောအား သီတာ့လက်ထဲသို့ထည့်ကာ မြေညီထပ်အတွင်းဘက် ပြေးဝင်လာခဲ့သည်။ မြေညီထပ်သန့်စင်ခန်းဘေးတွင် ရုံးနောက်ဖက် စည်ပင်လမ်းကြားသို့ ထွက်နိုင်သော မလွယ်ပေါက်တစ်ပေါက် ရှိသဖြင့် ထိုထွက်ပေါက်မှ စည်ပင်လမ်းဖက်ထွက်ရန် စဉ်းစားလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုတံခါးပေါက်မှာ သော့ခတ်ထားသဖြင့် တွေဝေမနေဘဲ ရုံးအရှေ့ဘက်သို့ ပြေးထွက်လာခဲ့သည်။ ထို့နောက် ရုံးနှင့် တစည်တန်းတည်းရှိနေသော အဆောက်အဦးများအနက် ခြေရင်းဘက်၌ ခြံကြီးသုံးခြံသာရှိသဖြင့်. . ထိုဘက်မှ ပတ်ပြေးကာ စည်ပင်လမ်းကြားအတိုင်း ဝင်လာခဲ့လေသည်။

"အတော်ဆိုးတဲ့ အမျိုးသမီးကွာ၊ အီးမှန်းမသိ ချီးမှန်းမသိ ငါ့နှယ်. ."

စွန့်ပစ်အမှိုက်များနှင့် ရှုပ်ပွနံစော်နေသော လမ်းကြားတလျှောက်လုံး ဆုံးသွားပြီး တစ်ဖက်ထိပ်သို့ ရောက်၍သာသွားသည်။ ဆန်ကောချပ်ကိုကားမတွေ့၍ ရေချမ်းစိတ်ပျက်သွားကာ ရုံးသို့ပြန်လာခဲ့တောသည်။

သုံးလွှာမှ ပစ်ချလိုက်ခြင်းဖြစ်၍ လေလွင့်၍လည်း သွားနိုင်သည်။ တစ်နေရာရာမှာလည်း တင်နေနိုင်ပါသည်။ မဟုတ်လည်း လမ်းကြားထဲ အတိုအစဝင်မွှေတတ်သော သူတွေတွေ့ကာ ကောက်ယူသွားနိုင်သည်။ ဘယ်လိုပဲကြည့်ကြည့် လူတိုင်းသာမန်မြင်တွေ့နေကျ ဆန်ကောမျိုးမဟုတ်ဘဲ အလွန်လှပဆန်းကြယ်ပြီး သပ်ရပ်သော ကြိမ်ထည်ပစ္စည်းဆိုတာတစ်ခုနဲ့တင် ရယူသွားမှာ သေချာသည်။

အဖိုးတန် ပတ္တမြားတွေကတော့ ဆုံးချေပြီ။

ကောင်းရောကွာ. .။

သူ ရုံးထဲပြန်ရောက်တော့ ဆန်ကောနှင့် ပါကင်ဘူးရော လက်ဆောင်မွှန်ကဒ်ပြားပါ ဌာနခန်းထဲက ဦးအောင်တင့် ဆီရောက်နေသည်။

"မယ်သီတာ ဘယ်ရောက်သွားလဲ"





ကိုအောင်တင့် နှာခေါင်းရှုံ့ကာနှင့်. .

"နံလိုက်တာကွာ၊ မင်း ဘယ်တွင်းထဲက ထွက်လာတာလဲ"

"ကျွန်တော်မေးတာ ဖြေစမ်းပါ"

"ဟ. . ဘယ်သိမလဲကွ၊ မယ်သီတာ ဘယ်ရောက်သွားမှန်း သိရအောင် ငါက ရာမမင်းမို့လို့လား"

"ခင်ဗျားရုပ်ကြီးနဲ့ ဒသဂီရိပဲ လုပ်ပါဗျာ"

"ဟကောင်. . သွား. . သွား. . မင်း၊ နံလိုက်တာကွာ ချီးမှုပဲ"

ဒေါ်ချိုတို့ပါ နောက်ကရောက်လာပြီး. .

"ဟုတ်ပ. . တစ်ခန်းလုံးကို မွှန်ထွန်နေတာပဲ"

ရေချမ်းဂရုမစိုက်ဘဲ လက်ဆောင်ကဒ်ပြားလေးကိုပြ၍. .

"ဒါ. . ဘာလဲ သိလား၊ ဘာရေးထားလဲ"

"ဘယ်သိမလဲဟဲ့၊ ငါတို့မှ တရုတ်စာမတတ်တာ"

"နားထောင် ကျွန်တော် မြန်မာလို ပြန်ပြမယ်. ."

ထိုနောက် ရေချမ်းက ဘာသာစကားအသံထွက်နှင့် မြန်မာလို အဓိပ္ပါယ်ပါ ရွတ်ဖတ်ပြလိုက်သဖြင့် အားလုံး မျက်လုံးမျက်ဆန် တွေပြူးထွက်လာကာ. . ဒေါ်ချိုက အာလုတ်သံကြီးနှင့်. . .

"ဒါ. . ဒါဆို GM တော့ ပွပြီပေါ့"

"ပွပါလိမ့်မယ် ကျုပ်ကိုဒေါ်သဖြစ်ပြီး အဲ့ဒီပတ္တမြားဆန်ကောကြီးကို နောက်ဖေးလမ်းကြားထဲ လွှင့်ပစ်လိုက်ပြီဗျ. ."

"ဟမ်!!. ."

"အဲ့ဒါကြောင့်. . ကျုပ်. ."

ရေချမ်းစကားမဆုံးခင်မှာပင် ကိုအောင်တင့် ပြေးထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားသဖြင့် ဒေါ်ချိုချိုတို့ စာရေးမအုပ်စုပါ သုတ်သုတ်ကလေး လစ်ထွက်ကုန်ကြသည်။ ကိုအောင်တင့်နှင့် ဒေါ်ချိုတို့ကြောင့် နောက်လူတွေပါ သူတစ်ခွန်း ငါတစ်ခွန်းမေးလာကြ၍ ရေချမ်းလည်း ထပ်ရှင်းပြသဖြင့် ဆန်ကောရှာရန် ထပ်ပြီးလစ်ထွက်ကုန်ကြသည်။

ကြည့်လိုက်တော့ ဌာနခန်းထဲ၌ သူနှင့် ယွန်းဝတီသာ ကျန်တော့သဖြင့် ယွန်းဝတီက. .

"ဘယ်မှာလဲ Present Card၊ ကျွန်မ ဖတ်ကြည့်မယ်"

"ဟင်. . ယွန်းဝတီလည်း တရုတ်ဘာသာစကား တတ်သလား"

"တရုတ်ဖက်စပ်ကုမ္ပဏီမှာ အလုပ်လုပ်မယ့် ဝန်ထမ်းပဲရှင့် ဒီလောက်တော့ တတ်ထားရမှာပေါ့"

ရေချမ်းလျှောက်သွားပြီး ပေးသဖြင့် ယွန်းဝတီ နှာခေါင်းရှုံ့ကာ ယူကြည့်သည်။ ရေချမ်းလည်း အနံ့အသက်ကြောင့် ယွန်းဝတီကို အားနာနေမိကာ သန့်စင်ခန်းသို့ ထွက်လာခဲ့လေ၏။

သူသန့်စင်ခန်းကပြန်လာမှ ယွန်းဝတီက ကဒ်ပြန်ပေးပြီး. .

"ဒီကိစ္စကို GM သိပြီးပြီလား. ."

"မသိသေးဘူးဗျ"

"ဒါဆို အသိပေးလိုက်ပါ၊ ကျွန်မတို့ ကုမ္ပဏီနဲ့ ဆက်သွယ်လုပ်ကိုင်နေတဲ့ ရှန်ဟိုင်းကုမ္ပဏီဒါရိုက်တာ မစ္စတာလီရွှမ်းဟန်က ဟန်မင်းဆက်လက်ထက်ကတည်းက ဒီလို ဆန်ကော၊ ဆန်ကာတွေ တောင်းပလုံးတွေယက်လုပ်တဲ့ လက်မှုပညာသည်မျိုးရိုးက ဆင်းသက်လာတာ၊ ရှန်ဟိုင်းက သူ့ကုမ္ပဏီ အဆောက်အဦးပုံသဏ္ဌာန်ကိုပဲကြည့်လိုက်လေ၊ တရုတ်ရိုးရာ ဆွဲခြင်းတောင်းပုံ ဆောက်လုပ်





ထားတာ"

ဒီတော့မှ ရေချမ်းမျက်လုံးထဲ မြင်ယောင်ကြည်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ရဟတ်ယာဉ်ပေါ်မှ မြင်ရသောမြင်ကွင်းက ပို၍ပင် ထင်ရှားသိသာလှသဖြင့်. . .။

"ယွန်းဝတီ ဘယ်တုန်းက"

"ကျွတ်. . ကျွန်မအလုပ်လုပ်ရမယ့် ကုမ္ပဏီပါဆို၊ အဲဒါထားပါ အခု ဒီလက်ဆောင်က ရှင့်အတွက်တော့ သာမန်ပေါ့၊ နေညိုညိုအတွက် အဲ့သလောက်ထိုက်ထိုက်တန်တန် လုပ်ပေးတယ်ဆိုရင်. . MD ဦးခင်မောင်ဇော်အတွက်ဆို နဂါးမှာ ပတ္တမြားမျက်လုံးအပြင်သွားတွေ အစွယ်တွေက ပလက်တီနံတွေတောင် ဖြစ်ချင်ဖြစ်နိုင်တယ်"

"အာ. . . အဲ့ဒီလက်ဆောင်က ကျွန်တော်နဲ့ နေညိုညိုအတွက်ပဲ ပါတာလေ"

"ရှင် မအစမ်းပါနဲ့၊ MD နဲ့ အရင်တွေ့ပြီး ဝမ်ဇွေ့လုပ်ပြီးမှ ရှင်တို့ဆီ ရောက်လာတာ၊ ကဲ့ပါ. . ရှင့် GM ကို သွားပြီးပြောပြလိုက်ပါဦး၊ တော်ကြာ MD ရောက်လာပြီး ဘယ်လိုလဲ ဘာညာမေးနေရင် GM ဒုက္ခရောက်နေပါဦးမယ်. .၊ တစ်ခုတော့ ပြောချင်တယ်. ."

"ပြောပါ. . ယွန်းဝတီ"

"အခု ရှင်ရထားတဲ့ ဆန်ကောကို ကျွန်မ လိုချင်တယ်"

"ဗျာ!. . ဟာ. . ဒါတော့ အမေ့အတွက်ဖြစ်မှ ဖြစ်မယ်ထင်တယ်ဗျာ. ."

"စိတ်မပူပါနဲ့ ရှင့်အမေအတွက် ကျွန်မအစားပြန်ပေးမှာပါ၊ လောလောဆယ် ဒီဆန်ကောကိုတော့ ရှင့်စိတ်ကြိုက်ဈေးနဲ့ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကိုရောင်းပေးပါ”

“အာ. . မရောင်းပါဘူးဗျာ”

“ကျွန်မလည်း အလကားမလိုချင်ဘူး. . ရှင့်ဘဏ်စာအုပ်ထဲ နှစ်သိန်းထည့်ပေးလိုက်မယ်. . ဟုတ်ပြီလား”

ရေချမ်းခေါင်းညိတ်လိုက်ကာ နေညိုညိုကို ပြောပြဖို့ ဌာနခန်းထဲက ထွက်လာခဲ့တော့တယ်။

ငါနှယ်. . . ဆန်ကောတစ်ချပ်က ဘာတွေဘယ်လို ဖြစ်နေတော့တာပါလိမ့်. . ။







# အခန်း (၇)

ရေချမ်း တတိယထပ်သို့အရောက် နေညိုညိုနှင့်သီတာတို့ လှုပ်စစ်လှေခါးအိမ်ရှိရာသို့ လျှောက်အလာနှင့် ဆုံသည်။

“မမ ကျွန်တော်အရေးတကြီး အသိပေးစရာရှိပါတယ်”

“ဘာလဲ!. . ”

“မမလွှင့်ပစ်လိုက်တဲ့ ဆန်ကောအတွက် နည်းနည်းပြဿနာရှိနိုင်ပါတယ်”

“ဘာ!. . ဟင်းဟင်းဟင်း. . မင်းငါနဲ့ လွတ်အောင်နေလိုက်တာ ကောင်းလိမ့်မယ်”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးမမ၊ အခု မမကို ပေးတဲ့လက်ဆောင်က ရှန်ဟိုင်းဒါရိုက်တာကြီးဆန္ဒနဲ့ နဂါးမျက်လုံးတွေကို ပတ္တမြားအစစ်တွေနဲ့ စီခြယ်ပေးလိုက်တာ"

နေညိုညိုမျက်လုံးအကြည့်တွေ တစ်ချက်တော့ လူးပြာကာသွားသည်။ ပြီးမှ. . နှုတ်ခမ်းလေး တွန့်ကွေးပြီး. .

"ရေချမ်း မင်းငါ့ကိုနှောင့်ယှက်နေတာ အတိုင်းထက်လွန်လာပြီနော်"

"ကျွန်တော် ပြောတာမယုံရင် ဒီ Present Card ကို တရုတ်ဘာသာကျွမ်းကျင်တဲ့ တခြားတစ်ယောက်ကို အဓိပ္ပါယ်ပြန်ခိုင်းကြည့်ပါ။ ဒါ မမပါကင်ဘူးက ရတာပါ။ မယုံရင် မယ်သီတာကိုမေးကြည့်ပါ"

သူမ ခတ်စူးစူးလေးကြည့်ရင်းက သီတာကို တစ်ချက်လှည့်ကြည့်ပြီး. . Present Card အား ဆတ်ခနဲဆွဲယူကာ လျှပ်စစ်လှေခါးအိမ်ထဲ ဝင်သွားလေ၏။ ရေချမ်းလည်း ထိုလှေခါးအိမ်နှင့်ပင် လိုက်ဆင်းဖို့အပြင်. .

"မင်း နေခဲ့. ."

ရေချမ်း ပင့်သက်ရှိုက်ကာ သူ့ခြေလှမ်းအား ပြန်ရုပ်သိမ်းကာကျန်ခဲ့သည်။

၅ ၅ ၅ ၅





ရုံးခွဲရှိ MD၏ ရုံးခန်းထဲလှမ်းဝင်လိုက်သည်နှင့် ညာဘက်ဧည့်ခန်းနံရံမှာ ချိတ်ဆွဲထားသော ဆန်ကောချပ်ကိုကြည့်ကာ. . နေညိုညို အံ့အားသင့်သွားသည်။ ဆန်ကောအလယ်ခေါင်မှာ ပုံဖော်ထားသော နဂါးရုပ်မှာ တောက်ပဆန်းကြယ်ကာ အသက်ဝင်လှ၍ နေညိုညို ခဏမျှမှင်သက်သွားခိုက်။

"နေညိုညို လာလေကွာ. . ထိုင်"

"ဟုတ်. . MD ရှင့်"

"ဘာလဲ ငါရတဲ့လက်ဆောင်က ပိုကောင်းနေလို့လား"

"ရှင်. . အဟင်းဟင်း ပိုကောင်းတာတော့ အမှန်ပါပဲရှင့် အရမ်းကို အသက်ဝင်တာပဲ"

"မျက်လုံးက ပတ္တမြားလေကွာ သွားစွယ်တွေက ပလက်တီနံဆိုတော့ ဟဲဟဲဟဲ. ."

သူမဆက်တီမှာ ထိုင်လိုက်သည်နှင့် ဒါရိုက်တာကြီးက. .



www.burmeseclassic.com

www.burmeseclassic.com



"ဂုဏ်ယူပါတယ် နေညိုညို၊ ဒါဟာ သမီးရဲ့ စွမ်းဆောင်ရည် ဘယ်လောင်မြင့်မားတယ်ဆိုတဲ့ ဂုဏ်ထူးဝိသေသပဲကွ၊ သူတို့က ရိုးရာအစွဲကြီးတဲ့သူတွေ ဆိုတော့ကာ ဒီတစ်ခေါက် သမီးတို့ ခရီးစဉ်က သူတို့ရင်ထဲအထိ ရောက်စေတယ်လေ၊ လာမယ့်နှစ်မှာ ဒီထက်ပိုကောင်းတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ကြဖို့ပါ ပြောသွားတာ အနက်ကယ်ဖြင့် ဝမ်းသာလွန်းလို့ ထမင်းတောင် မဆာတော့ဘူးကွာ. . ဟားဟားဟားဟား. . ."

"ဟုတ်. . အဟင်း. . ဟင်း. . ဟင်း. ."

"အဲ့ဒီတော့ သမီးလည်း သမီးရတဲ့လက်ဆောင်ကို အခုလိုပဲ သမီးရဲ့ရုံးခန်းမှာ ချိပ်ဆွဲထားရမယ်ကွ"

"ရှင်!. ."

"ဘာဖြစ်လို့လဲ နေညိုညို"

"ရှင်!. . ဘာ. . ဘာမှမဖြစ်ပါဘူးရှင့်၊ ကောင်း. . ကောင်းပါတယ် သူတို့ရောက်လာလို့ ကြုံကြိုက်တဲ့အခါ မြင်သွားရင် ပိုတောင်လေးစားသွားကြမှာလေ"

"ဒါပေါ့. . ဒါပဲလေ. . ဟားဟားဟား. . ၊ အေး. . ဟုတ်ပြီဟုတ်ပြီ. . ဖွင့်ဖောက်စစ်ဆေး အခြေအနေ. ."

"ပြည့်စုံပါတယ်"

"အိုကေ သိပ်ကောင်းတယ်၊ အပြင်မှာ ဘယ်သူရှိလဲဟေ့"

"ရှိပါတယ်ရှင့်"

"အေး. . ကော်ဖီနှစ်ခွက်လုပ်ပေး"





သေပြီ. . ။ နေညိုညို ရူးချင်နှမ်းချင်သလိုလိုကို ဖြစ်နေကာ သူမအခန်းထဲ ခေါက်တုန့်ပြန်ကာလျှောက်ရင်း ဖုန်းဝင်လာ၍ ကဗျာကသီ လက်ခံလိုက်သည်။

"ဘာတဲ့လဲဟင် ကိုကျော်ဇေယျ. ."

". . . . . . . . . . . . . . . . . . . . . . . . ."

သူမ ဖုန်းနားထောင်ရင်း အသက်ရှူဖို့မေ့ကာ ရင်တွေတုန်လာပါသည်။

"ဒါဆို တကယ်ပဲ ပတ္တမြားအစစ်တွေပေါ့. ."

သူမ ဖုန်းထဲမှာပြန်မေးရင်း. . ဆန်ကောပစ်ချလိုက်သော မြတင်းပေါက်ဆီ လျှောက်သွားကာ ငုံ့ကြည့်သည်။ ရုံးနောက် စည်ပင်သမ်းကြားထဲ ဖွေးဖွေးလှုပ်နေသော လူတွေကိုကြည့်ကာ. . လန့်ဖျပ်တာသွားသည်။

"ဟုတ်. . ကျေးဇူးပဲ ကိုကျော်ဇေယျ ဒါပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ကဗျာကသီ ဖုန်းပိတ်ပြီး. . .

"သီတာ ဒီကိုလာစမ်း"

"ဟုတ်. . လာပြီ မမ. . "

သီတာ အနားရောက်လာ၍ အောက်ဖက်က စည်ပင်လမ်းကြားကို လက်ညှိုးထိုးပြကာ. .

"အဲ. . အဲဒါ ငါ့ရုံးက လူတွေပဲ မဟုတ်လား"

သီတာငုံ့ကြည့်ပြီး. . .

"ဟုတ်တယ် မမ. . ဟို. . ဟိုက စာရင်းထိန်းရုံးက အဖွဲ့မှူးဦးအောင်တင့်၊ ဟိုးက. . ဟာ. . ဟုတ်တယ် မမရေ"

"ဟမ်. . ဒါ. . ဒါ. . ဘာလုပ်ကြတာလဲ"

"မမဆန်ကောကို လိုက်ရှာနေကြတာလားမှ မသိတာ. . ၊ ကိုရေချမ်း ဆန်ကောကိုတောင် သူတို့ဌာနက ဝိုင်းလုပြီး ဝယ်နေကြတာလေ"

"တောက်!. . နင် ဆင်းသွားပြီးပြောလိုက်၊ တွေ့ရင် လာပြန်ပေး. . မတွေ့မချင်းရှာလို့ ကြားလား"

"ဟုတ်"

သူမရင်ထဲ မောလွန်း၍ ရေတစ်ခွက်ယူကာ ငုံ့သောက်သည်။

"ဂလု!. . အဟွတ်!!. . အဟွတ်!!"

၅ ၅ ၅ ၅





"ဒိုး. . ဟေ့လူ. . ခင်ဗျား ဘာသွားလုပ်တာလဲ နံလိုက်တာဗျာ"

"ပတ္တမြားရရင် မွှေးသွားလိမ့်မယ်"

"တဲ့!. . အဲ့ဒီနေရာအထိ ငါဦးထားတာ၊ နင်တို့ရှာချင်ရင်ဟိုဘက်သွားရှာ"

"ဟေ့!. . တွေ့ပြီကွ"

စာရေးလေးထင်ကျော် ထအော်၍ အနီးနားက လူတွေ ချွန်းသုန်းကားနှင့် အပြေးရောက်ရှိလာကြသည်။

"ထင်ကျော် ဘယ်မှာလဲ"

"ဒီမှာလေ"

"ဟာကွာ. . တောက်!. . "

ကိုအောင်တင့် ဒေါပွသွားဟန်နှင့် လက်ထဲက ဆန်ကောအပေါက်ကြီးအား ဆွဲယူကာ ထင်ကျော့်လည်ပင်းမှာပင် စွပ်ချလိုက်



www.burmeseclassic.com

၍ အားလုံးပွဲကျကုန်တော့၏။ ထိုနောက် ကိုအောင်တင့်က. . .

“ကဲ. . အားလုံးပြန်ကြမယ်၊ ဒီလောက်မွှေနှောက်ရှာနေတာ. . . ရှိရင် မတွေ့စရာအကြောင်းကိုမရှိဘူး၊ အကုန်လုံးလည်းပေပွနံစော်ကုန်ပြီ. . ကိုင်း. . ပြန်ကြမယ်ဟေ့”

“ပြန်လို့မရဘူး အဖွဲ့မှူး”

လှည့်ကြည့်လိုက်တော့ နေညိုညို၏ အကူစာရေးမလေး မယ်သီတာ. .

“ဟဲ့!. . နင်ဘာလာလုပ်တာလဲ”

“GM မှာလိုက်လို့ ဆန်ကောကို မတွေ့မချင်းရှာပေးပါတဲ့”

“ဘာ!!. . ”

“ဟာ. . ကျွန်မကို ဘာလို့အော်တာလဲ”

“အော်မှာပဲကွ. . ဒီလောက်နံစော်စုတ်ပြတ်နေတာ၊ ငါတို့ရှာပြီးပြီ. . မတွေ့ဘူးလို့ ပြောလိုက်”

“ဟာ. . မရဘူး၊ မမက မတွေ့ရင် ပြန်တက်မလာနဲ့တဲ့”

“ဟမ်!. . ”







# အခန်း (၅)

ရေချမ်း အလုပ်ကပြန်ရောက်လာပြီး အိမ်ပေါ်တောင်မတက်နိုင် ထမင်းချိုင့်နှင့် လွယ်အိတ်ကို လှေခါးဘေးကနေ အိမ်ပေါ်လှမ်းတင်၊ အပေါ်အင်္ကျီချွတ်ပြီး ခါးပတ်တောင် မချွတ်နိုင်ဘဲ အိမ်ရှေ့ရေစည်သို့ပြေးကာ ခေါင်းပေါ်ကနေ လောင်းချိုးချလိုက်သည်။ လေးငါးခွက်လောက်ဆင့်ကာ လောင်းပြီးမှ နေသာထိုင်သာရှိသွားဆလို ပင့်သက်မောကြီးမှုတ်ချကာ ရေဆက်ချိုးပါသည်။

ဆန်ကောတစ်ချပ်က တစ်ရုံးလုံးကို ဆန်ပြာသလိုပြာထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။ နေညိုညို၏ တစ်ချက်လွှတ်အမိန့်နှင့် ရုံးသူရုံးသားတွေအားလုံး စည်ပင်လမ်းကြားထဲမှာ နေ့တစ်ပိုင်းကုန်သွားပြီး လမ်းကြားထဲကပင် ရုံးဆင်းလိုက်ကြရသည်။ သူဆို နှစ်ကျော့ပြန်. .။

ဒီနေရာမှာ ယွန်းဝတီ၏သတ္တိကို ချီးကျူးရတော့မည်. . ကုမ္ပဏီရုံးတစ်ခုလုံး အမိန့်အတိုင်း လမ်းကြားထဲ ဆန်ကောထွက်ရှာကြသော်လည်း ယွန်းဝတီ လုံးဝထွက်ပေါ်မလာ၊ လုံးဝမလုပ်. .။

"ရှင်. . ရူးသွားပြီပဲ၊ ခေါင်းဆောင်တစ်ယောက်က အဲ့သလောက် ပေါတောတော ဦးဆောင်နေရင် ကျွန်မ ဒီကုမ္ပဏီမှာ ယုံကြည်စွာ အလုပ်ဆက်လုပ်ဖို့ စဉ်းစားရလိမ့်မယ်"

အသံတုန်ခြင်းခါခြင်းမရှိဘဲ တည်ငြိမ်ပြတ်သားစွာ ထွက်ပေါ်လာသော ယွန်းဝတီ၏စကားက နေညိုညို၏ မျက်နှာကို ဖြတ်ရိုက်ပစ်သလို လွှင့်ခါနီရဲတက်သွားစေခြင်းက ရင့်လှသည်။

ယွန်းဝတီကို တစ်ခုခုလုပ်ပစ်ဖို့ ဒေါသတကြီး ရှေ့တိုးသွားသော နေညိုညိုအား ယွန်းဝတီတားမြစ်ပုံကလည်း ကြည့်လိုက်ဦး။

"ကျွန်မက ဂျူဒိုခါးပတ်နက်နော်၊ ကိုင်ပေါက်မိလို့ ခါးကျိုးသွားရင် ကိုယ့်ဒေါသနဲ့ကိုယ်ပဲ. . ."

နေညိုညို ဒေါသကလည်း လျှော့တွက်လို့တော့မရ။ ယွန်းဝတီ၏ ခါးပတ်နက်ကြောင့် ရှေ့မတိုးရဲပေမယ့် ဌာနထဲက စားပွဲတွေ အကုန်ဆွဲလှန် တွန်းထိုးပစ်သွားသည်။

မည်သို့ဆိုစေ. . သူ အားကျမိတော့သည်။ မိန်းမတွေဖြစ်လင့်ကစား စိတ်ဓါတ်အင်အား ကောင်းလှသည်။ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်သည်။ သတ္တိကောင်းကာ ပြတ်သားရဲရင့်နေကြသည်။ နောက်ခံအင်အား တောင့်တင်းနေ၍လား. .၊ ထိုက်သင့်သ





လောက် အထောက်အပံ့ပြုနေနိုင်သော်လည်း. . လုံးလုံးလျားလျား မဖြစ်နိုင်၊ ပင်ကိုယ်ဗီဇ ခိုင်ခန့်မှုက အဓိက ဖြစ်လောက်မည်။ သူလည်း ခပ်တုံးတုံးကောင်ပေမယ့် ဒီလောက်တော့ တွေးတတ်သည်။

သူ့ကိုယ်စွမ်းကိုယ်စက ထိုမိန်းမတွေလောက် မတောက်ပြောင်ခြင်းအတွက်လည်း မချင့်မရဲဖြစ်မိသည်။ ပိုပြီး သဘောကျမိတာကတော့ ယွန်းဝတီက သူ့အတွက် တစ်ကယ်ကို Hero ဖြစ်ခဲ့သည်။ အထက်စီးဆန်သော နေညိုညိုကမှ မိုးချိမ်းသံတွေ ကြားနေရသေးသည်။ ယွန်းဝတီက လျှောင်လေးတောင် လှုပ်မပြ။ လိုအပ်မှ မြင်ခွင့်ပေးသော အစွယ်က တစ်ချောင်းတည်းပေမယ့် အသည်းယားစရာ ကောင်းလှသည်။

ပြီးတော့. . ဒီကဝေမလေး လှလွန်းသည်။

"ဟဲ့!. . ရေချမ်း. ."

"ဂလုံ!!. ."

ရေချမ်းလန့်ကာ ရေခွက်လွှတ်ကျသွား၍ ကဗျာကသီ ပြန်ကောက်ပြီး. .

"ဗျာ!. . အမေ. ."

"ဗျာမနေနဲ့ အအေးပတ်ပြီး သေတော့မှာပဲ. .၊ ဘာပူမိနေမှန်းကို မသိဘူး. . မြန်မြန်လုပ်"

"ဟုတ်. ."

သူ အဝတ်အစားလဲပြီး ပြန်ထွက်မှ ငါးညှီနံ့လိုလို သတိထားမိ၍ သူ့ကိုယ်သူ ဟိုနမ်းဒီနမ်းလုပ်ရင်း. . အခန်းထောင့်မှာ ထောင်ထားသော ဆန်ကောကိုမြင်ကာ လန့်သွားသည်။ အနားကပ်သွားမှ ငါးညှီနံ့က ဆန်ကောမှ ထွက်နေမှန်း သိတော့သည်။ သို့သော် ဆန်



www.burmeseclassic.com

www.burmeseclassic.com



ကောက သူကြယ်ခေါင်က သယ်လာသော ဆန်ကောမျိုးပဲဖြစ်၍. . မယုံနိုင်သလို ငေးကြောင်ကြည့်ပြီးမှ. .

"အမေ. ."

"ဟေ. ."

"ဒီဆန်ကောက ဘယ်ကနေ ဘယ်လို. ."

"အေး. . အဲ့ဒါယူပြီး ထွက်လာခဲ့"

ရေချမ်းယူလာကာ မိခင်ဘေးမှာ ချ၍ ထိုင်လိုက်သည်။ ဒေါ်အေးခင်က သူမ၏ ဆေးပေါ့လိပ်ကို ပြာခွက်ထဲ ပြာချွေကာ ချထားလိုက်ပြီးမှ. . .

"မင်း အမေ့အတွက် ဝယ်လာတယ်ဆိုတာ ဒါမျိုးလား"

"ဟုတ်တယ် အမေ. .၊ ဒါကရော ဘယ်သူ့ဥစ္စာလဲ"

"ဟင်းစားထုပ် လည်ရောင်းတဲ့ တင်မြရီ ဆန်ကောလေ၊ သူ့ယောကျ်ား မူဆယ်ဘက်မှာ အလုပ်သွားလုပ်တုန်းက ဝယ်လာတာတဲ့"

"အင်း. . အဲ့ဒီတော့"

"အေး. . ဒီနေ့ အမေ ငါ၀ယ်ရင်း ဒါကိုတွေ့လို့ တန်ဖိုးကြီးပစ္စည်းမို့လို့ ထိုက်ထိုက်တန်တန် ရပါစေဆိုပြီ စေတနာနဲ့ ကူညီမလို့လေ. ."

"ဗျာ!. ."

"အဲ့ဒါကို မင်းပဲယူရောင်းပေးလိုက်ကွယ်၊ မင်းရသလောက် မရရင်တောင် တူတူတန်တန်လေးဖြစ်လည်း မဆိုးပါဘူး၊ သူ့ခမျာ လင့်လုပ်စာ မျှော်ကိုးလို့ရတာမဟုတ်တော့ တစ်အုပ်တစ်မကြီးကို တစ်ယောက်ထဲ ရုန်းကျွေးနေရတာမဟုတ်လား. ."





"အမေ. ."

"ဟေ. ."

"အဲ့ဒါက အမေထင်သလို မဟုတ်ဘူးလေ. ."

"ဘာ. . ကွဲ. ."

ရေချမ်းခေါင်းတွေကုတ်ပစ်ပြီး မိခင်နားလည်အောင် ဘယ်သို့ရှင်းပြရမှန်းမသိ ဖြစ်သွားသည်။

ထိုအခိုက်မှာပင် တင်မြရီတို့လင်မယား ရောက်လာပြီး. .

"ဒေါ်ကြီးရေ. ."

"ဟေ. . အေး. . လာကြ၊ နင်တို့ဆန်ကောက တကယ်ပဲ ဘန်ကြေးရှိတဲ့ ဆန်ကောတဲ့ဟဲ့၊ နင်တို့တော့ပွတာပဲ. ."

"ဟယ်!!. ."

"ဟာ!!. ."

လင်မယားနှစ်ယောက်စလုံး လှေခါးသုံးထစ်ကို ခြေတစ်လှမ်းတည်းနှင့် အိမ်ပေါ်ရောက်လာ၍ ရေချမ်းတို့သားအမိ မျက်လုံးအိုန်းကာ မျက်တောင်ခတ်ကြသည်။

"ဒေါ်ကြီး. . တစ်. . တစ်ကယ်ပဲလား"

"အေး. . အဲ့ဒီမှာ နင့်မောင်ကို မေးကြည့်လေ. ."

"အမေ. . ကျွန်တော် အပြင်ခဏ. ."

"ဟဲ့!. . ဟဲ့!. . နေပါဦးမောင်လေးရယ် ခဏလေးပါ. ."

ရေချမ်း ထပြေးဖို့ပြင်ပြီးမှ တင်မြရီ ပြန်ဆွဲချ၍ ထိုင်လိုက်ရှာ. .

"ကဲ. . ပြောဗျာ မြန်မြန်. ."

"ဟိုလေ. . အစ်မတို့ဆန်ကောလေးက. . သိန်း. . သိန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းများစွာ တန်တယ်လို့ ဒေါ်ကြီးက ပြောလို့၊ အဲ. . အဲ့ဒါလေး”

“ခက်တာပဲဗျာ၊ အခြေအနေအမှန်ကို အမေ မသိဘဲ ပြောလိုက်တာဗျ. . ဒုက္ခပါပဲ”

“လုပ်ပါ ညီလေးရာ. . သိန်းပေါင်းများစွာ မဟုတ်လည်း သိန်းချီတဲ့ ငွေနည်းနည်းလောက်ရရင်ကို အစ်ကိုတို့ အဆင်ပြေပါပြီ၊ မင်းသိတဲ့အတိုင်း အစ်ကိုတို့အလုပ်ကလည်း အခုမိုးရွာ အခုနေပူနဲ့၊ မင်းအစ်မ ကူနေလို့သာ. . မဟုတ်ရင် ခွက်ဆွဲပြီး တောင်းရတော့မလားပါပဲ. . ကူညီပါကွာ၊ မဟုတ်ဘူး. . ကယ်တင်ပေးပါကွာ. . . ရော. . ရော့. . ”

၅၅၅၅





“ကျ ဆိမ့်တစ်ခွက်ဗျာ. . ကျ. . ကျလေး. . ”

“ချုပ်သေလား ရေချမ်း”

“ဘာလဲကွ ချုပ်သေ”

“ဟိုလေ. . ဝမ်းချုပ်ပြီး သေနိုင်လောက်တဲ့ ကျဆိမ့်လားလို့ မေးတာ”

အရေးထဲမှ ဖျော်ဆရာ ဦးဝကြီးက နောက်နေသေး၍. .

“ချုပ်သေမဟုတ်ဘူး. . ငုံသေ. . ငုံသေ. . ”

“ဟမ်!. . ”

“ချုပ်သေဆိုတာ သောက်ပြီးမှ ဝမ်းချုပ်ပြီးသေတာ၊ ငုံသေ က သောက်ဖို့ပါးစပ်ထဲ ငုံမိရုံနဲ့ ချုပ်ပြီးသေတာ၊ လုပ်ဗျာ. . . ခတ်မြင်းပြင်းလေး. . ”

ဦးဝကြီး လက်ဖက်ရည်ဖျော်ယူလာပြီး ကိုယ်တိုင်ချပေးရင်း



www.burmeseclassic.com

www.burmeseclassic.com



ခုံဆွဲထိုင်လိုက်သည်။ ပြီးမှ သူဗိုက်စူစူကြီးပေါ်က ပုဆိုးကို ဖြေလျှော့၍ ပြန်ဝတ်ပြီး. .

"ငါ့ကောင် ဆိုင်မရောက်တာလည်း အတော်ကြာပြီး. . ရောက်လာတော့လည်း မှုန်ကုတ်ကုတ်နဲ့ ဘာတွေမပြေမလည် ဖြစ်နေတာလဲ. ."

"မပြောချင်တော့ပါဘူးဗျာ. . ကိုယ့်ဘာသာကိုယ် ဘာဖြစ်နေမှန်းမသိတာ. ."

"အဲ့ဗျ. . အလုပ်ရော အဆင်ပြေရဲ့လား"

"ပြေပါတယ်. ."

"ဒေါ်အေးတင်ရော နေကောင်းတယ်မဟုတ်လား"

"ကောင်းတယ်"

"အိမ်စပေါ်တင်ဖို့ ခေါင်းကိုက်တယ်နဲ့တူတယ်"

"အဲ့ဒါလည်း တင်ပြီးသွားပြီ. ."

"ရည်းစားနဲ့ရော. ."

"အာ. . ဘာရည်းစားမှ မရှိပါဘူးဗျာ. ."

"ဟမ်!. . မင်းဟာက ဘာအတွက် စိတ်ညစ်တာတုန်း"

"ဩော်. . ကျွန်တော့်ဘာသာကို ဘာဖြစ်နေမှန်း မသိပါဘူးဆိုမှ. ."

"ကောင်းရောကွာ၊ မင်းနားလာထိုင်ရတာ ခေါင်းပေါ် ငှက်ချေးပါချခံလိုက်ရသလိုပဲ"

"ဗျာ!. . ဘယ်လိုကြောင့်လဲ"

"ဘယ်သူ့အော်ဆဲလို့ ဆဲရမှန်းမသိဘူးလေကွာ၊ ဒီမှာလည်း ပေကုန်ပြီ နံလည်းနံနေပြီ. ."





"လွယ်ပါတယ်ဗျာ တစ်ရှူးတစ်ထုပ်ဝယ်ပြီး ရှင်းလိုက်ပေါ့"

ဦးဝကြီးက စားပွဲပေါ်ရှိ တစ်ရှူးဘူးကို ရေချမ်းရှေ့ ဆောင့်ချပေးပြီး. .

"မင်းမျက်နှာလည်း အဲ့ဒါနဲ့ရှင်းလိုက်. . အရောင်းအဝယ်မကောင်းရတဲ့ကြားထဲ ကြက်နာကျနေတဲ့မျက်နှာနဲ့ လာထိုင်တယ်"

ရေချမ်း ဟက်ခနဲတစ်ချက်ရယ်ပြီး လက်ဖက်ရည်ငုံ့သောက်သည်။ ထိုနောက်မှ. . .

"ကျွန်တော် တစ်ကယ်စိတ်ညစ်လို့ပါ ဦးဝကြီးရာ၊ သူများတွေ ကဲလိုက်တာတို့ ဘာတို့ပဲ ကြားဖူးပါတယ်. .၊ ကျွန်တော့်ကျမှ ဆန်ကောလိုက်နေလို့ဗျ. ."

"ဘာရယ်. ."

ဦးဝကြီး နာမလည်သလို မျက်လုံးပြူးပြီးကြည့်၍ ရေချမ်းက သူ၏ဆန်ကောပြဿနာအား တရုတ်ပြည်မှအစ အိမ်ကဆန်ကောပြဿနာအထိ တလျှောတဝ ရှင်းကာပြသဖြင့် ဦးဝကြီး ပြုံးရင်းပြုံးရင်း မအောင့်နိုင်သလို အူးခနဲ ရယ်ကာချတော့သည်။

"အဟတ်. . ဟတ်. . ဟတ်. . မင်းနှယ်. . ဟီးဟီးဟီး"

"အဲ့ဒါပဲဗျာ. . ကျွန်တော်ဘာကို ဘယ်လိုလုပ်ရမှန်းကို မသိတော့ဘူး"

"ဒီလိုလုပ်ကွာ ယတြာချေလိုက်"

"ဗျာ!. ."

"လူဖျင်းလူညံ့တွေကတော့ ဒီလိုပဲလုပ်ကြတာပဲကွ"

ရေချမ်း မျက်ခုံးလေးမြှင့်ပြီး ကြည့်နေ၍. .

"အမှန်. . လူဟာ အကြောင်းအကျိုးဆက်စပ်မှု ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ ကံရဲ့သဘောကတော့ ရလဒ်တစ်ခုပဲ. . အကြောင်းအကျိုး (၁+၁)ဆိုပါတော့. . ရလဒ်(၂)ဖြစ်နေတယ်၊ အဲ့ဒီ (၂)က. . ကံရဲ့ ပြယုတ်ပဲ (၁-၁)ရလဒ်က (၀)ကွာ၊ အဲ့သုညက ကံပဲရှင်းလား"

"ဟုတ်. . ရှင်းတယ်"

"ယတြာဆိုတာ ကိုယ့်ဘာသာ တစ်နဲ့တစ်ပေါင်းထားပြီး နှစ်ဖြစ်တာကို လက်မခံချင်တဲ့လူတွေ လုပ်ကြတာလေ၊ ရဲရင့်တဲ့ ငါတို့ ဘုရားက သူလုပ်ခဲ့သမျှအရာအားလုံးကို သူ့ဘာသာ လက်ခံခဲ့တယ်၊ မှားခဲ့သမျှ အရာအားလုံးရဲ့ရလဒ်ကို လက်ခံပြီး. . ခွဲခြားသိမြင်နိုင် အောင် ကြိုးစားတယ်၊ မမှားအောင်ဆင်ခြင်ပြီး အမှန်အတိုင်း ရပ် တည်တယ်. . ၊

အဲ့ဒီအတိုင်း နေထိုင်ကျင့်ကြံနိုင်တဲ့ သူမှန်သမျှ နောင်တ ဆိုတာမရှိဘူး၊ ရလဒ်လို့ခေါ်တဲ့ ကံအားလုံး ကောင်းခဲ့တယ်၊ ကိုယ် ဘာဖြစ်နေတယ်ဆိုတာ သိတယ်၊ ဘာလုပ်ရမယ်ဆိုလည်း သိမယ်၊

မင်းက ဘာဖြစ်မှန်းမသိ၊ ဘာလုပ်ရမှန်းမသိ ဆိုတဲ့ကောင် ဆိုတော့ လူညံ့တွေလုပ်တဲ့ ယတြာပဲ လုပ်ပေါ့ကွာ. . အဲ့ဒါပြောတာ ပါ. ."

ရေချမ်း အတွေးထဲ စူးဝင်နေတဲ့အလင်းကို သတိထားမိနေ တုန်း ဦးဝကြီးက သူ့စကားဖြတ်ပြီး ဆိုင်ထဲဝင်လာတဲ့သူ တစ်ယောက် ဆီ ရောက်သွားသည်။ ထုံးစံအတိုင်း ဘာစားမလဲ ဘာသုံးဆောင်မလဲ မေးပြီး ဖျော်ခန်းထဲ ဝင်ကာသွားလေသည်။

သူလည်းတွေးပါသည်. . ။ လောလောဆယ် ဆန်ကောနှင့် ဆန်ကောပေါင်းပြီး ဆန်ကောဖြစ်နေသော သူ့ရလဒ်အား. . ရလဒ် အတိုင်း လက်ခံပြီး စိတ်မပျက်ဖို့ ကိုယ့်ဘာသာပဲ အားပေးနိုင်ရမည်။





ဆန်ကောတွေလား. .


ဘာဖြစ်လဲ. . ဆန်ကောက ဆန်ကောပေါ့ကွ. . .

ငါ့နှယ်. . ။



www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၄)

တစ်ပတ်လုံးလုံးအိမ်မှာ နပူဂျီ တိုက်နေသော မတင်မြရီ တို့လင်မယား၏ ဆန်ကောအား အမေက သုံးသိန်းနှင့်ဝယ်လိုက်သည်။

"အမေ့နဲ့ဗျာ. . ဒီဆန်ကောက ဘယ်လိုလုပ် သုံးသိန်းဖြစ်ရမလဲဗျ. . ."

"ဟဲ့. . နင်တောင် သိန်းအများကြီးရခဲ့တာပဲ၊ ဒါ သုံးသိန်းပဲ ပေးရတာ၊ ငါလည်းသဘောကျတယ်. . အခု သေချာဆေးကြောပြီး သိမ်းထားလိုက်ပြီ၊ လောလောဆယ်တော့ မင်းပေးထားတဲ့ အိမ်



www.burmeseclassic.com

www.burmeseclassic.com



စရိတ်ကတော့ တစ်ပြားမှ မကျန်တော့ဘူး. . . ”

ဘာတတ်နိုင်မည်နည်း။ ဘာမှမတတ်နိုင်၍ ရေချမ်း ခေါင်းညိတ်ထားခဲ့ကာ ရုံးသို့ထွက်လာခဲ့သည်။ ရုံးမှာလည်း ဆန်ကောပြဿနာက မီးပေါင်မြင့်လာပါသည်။

ရှေ့တစ်ပတ်ဆို ဒါရိုက်တာကြီး ရုံးချုပ်မှာ ရုံးလာထိုင်မည်ဆိုသောသတင်းကား. . နေညိုညိုကို ဘယ်လိုသောကတွေ ပေးနိုင်သည်တော့မသိ။ ခုတလော သူ့အပေါ်မှာ နေညိုညိုပင် ဆက်ဆံရေးများ အချိုးပြောင်းလာခဲ့သည်။ သူမလွှင့်ပစ်လိုက်သော ဆန်ကောက ဘယ်လေစီးနှင့်မျောသွားပြီး ဘယ်သူထောသွားပြီးတော့မသိ။ တစ်ရုံးလုံး နှစ်ရက်ဆက်ရှာတာတောင် မတွေ့၍ လက်လျှော့လိုက်ရသည်။

နောက်ရက်ကစပြီး သူ့အပေါ်ဆက်ဆံရေး ပျော့ပျောင်းလာကာ. . . ‘လိုအပ်ရင် မင်းဆီကဆန်ကော ခဏလောက်ငှားပေးမလား’ဟု. . . ပြုံးကာရယ်ကာ မေးလာသည်အထိ ဖြစ်သည်။

သူလည်း ယွန်းဝတီကိုရောင်းလိုက်ပြီးဖြစ်၍ နေညိုညို ငှားရင် ယွန်းဝတီဆီက ခဏပြန်ငှားပေးရမှာပဲဟု တွေးထားလိုက်သည်။ ယခုတော့ အိမ်မှာ ဆန်ကောတစ်ချပ်ရှိနေပြီဖြစ်၍ ယွန်းဝတီ မငှားချင်လည်း ကိစ္စမရှိ။

“ရေချမ်းရေ မင်းကို GM စောင့်နေတယ်၊ ရောက်ရောက်ခြင်း အပေါ်ကိုလွှတ်လိုက်ပါတဲ့ကွာ. . . သွားလိုက်ဦး. . . ”

သူ့ရုံးကိုရောက်ရောက်ခြင်း. . ကိုအောင်တင့်ဆီပြေး၍ ဌာနခန်းထဲ လွယ်အိတ်နှင့် ထမင်းချိုင့်ဝင်ထားသည်။

“ကိုရေချမ်း. . . ”





“သူလှည့်ကြည့်တော့ ယွန်းဝတီ”

“အင်း. . . ပြော. . . ”

“GM က. . ရှင့်ဆီကနေ ဆန်ကော တောင်းပြီး ဝယ်လိမ့်မယ်. . ၊ ဒါမှမဟုတ်. . ငှားလိမ့်မယ်. . ရှင် ကျွန်မကို ရောင်းလိုက်တဲ့အကြောင်း ပြောလိုက်နော်. . . ”

“အား. . . ဒါတော့ ပြောရမယ်လေဗျာ၊ မှန်နေတာပဲဟာ”

“အိုခေ. . . အဲ့ဒါပြောချင်လို့. . . ”

“တစ်ကယ်လို့ သူကခဏငှားခိုင်းရင်ကော. . . ”

“ကျွန်တော်နဲ့စကားများထားလို့ အဆင်မပြေနိုင်ဘူးလို့ပြောပေါ့။ ဒီလောက်ကလေးမှ မပြောတတ်ဘူးလား. . . ”

“အဲ့ဒါက. . တစ်ကယ်မဟုတ်ဘူးလေ၊ ကျွန်တော်တို့ အဆင်ပြေနေတာပဲဟာ. . . ”

“ရှင့်နှယ်. . ၊ ဒီမှာ. . . ရှင်လာငှားလည်း ကျွန်မ မငှားဘူး၊ သူကိုယ်တိုင်လာရင်တော့ မသိဘူး. . . ”

“အိုခေ. . အိုခေ. . ကျွန်တော်သဘောပေါက်ပြီ၊ ဒါပဲမဟုတ်လား. . . ”

“ဟုတ်တယ်. . . အဲ့ဒါပဲ. . . ”

မွှေးမြလွန်းသော သူမကိုယ်သင်းနံ့လေးကြောင့် ရေချမ်းထိုင်နေရာမှ ရုတ်တရက် မခွာချင်ဖြစ်ကာ ရှင်းနေသော စားပွဲပေါ်မှ ဖိုင်တွေ ရှုပ်ပွနေလိုက်သည်။ သို့သော်လည်း သူမ ထွက်ခွာသွားသဖြင့် ဖိုင်တွေပြန်ရှင်းလင်း စီထပ်နေရ၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"မမ ခေါ်တယ်ဆိုလို့. . ."

"အေး. . မောင်လေး၊ လာ. . ထိုင်. . ၊ သီတာရေ ကော်ဖီနှစ်ခွက်ယူခဲ့ပါ. . ."

ထို့နောက် နေညိုညိုက စားပွဲမှထ၍ ညှော်ဆောင်ဘက်ရှိ ဆက်တီဝိုင်းဆီမှာ ထိုင်စေကာ. . .

"တို့လက်ဆောင်ရတဲ့ ဆန်ကောတော့ ဘယ်သူကောက်ရပြီး ပွသွားပြီလဲမသိဘူး ရေချမ်းရေ၊ လောလောဆယ်တော့ မင်းဆီက ဆန်ကောဝဲ ခဏငှားရမှာပဲ. . ."

"ဘာအတွက်လဲမမ. . ."

"စိတ်ညစ်ပါတယ်ဟာ၊ ဒါရိုက်တာကြီးက လက်ဆောင်ရတဲ့ ဆန်ကောကို သူ့ရုံးခန်းမှာ ချိတ်ထားသလိုမျိုး တို့လည်း ချိတ်ထားရမယ်တဲ့၊ ရှေ့အပတ်ထဲမှာ. . သူ ရုံးတက်မယ်လေ၊ လာကြည့်လို့





မတွေ့ရင်. . တို့ကို မန်းမှုတ်နေဦးမယ်. . အဟာစ်. . ဟင်း. . ဟင်း"

"အင်း. . . ဒါလည်းဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ဆန်ကောက ယွန်းဝတီလာဝယ်လို့ ရောင်းလိုက်ပြီ"

"ဘာ!!. . ."

ကြည်ကြည်လင်လင်လေး ကောင်းဘီကောင်းလျှက်နှင့် ရုတ်ချည်းပြာတတ်လာသော သူမမျက်နှာအပြောင်းအလဲက အဖွင့်အပိတ်မြန်လွန်းသည်။

ရေချမ်းလည်း လန့်ကာ ကြောင်ကြည့်နေခိုက်. . .

"နေစမ်းပါဦး. . မင်းက. . ဘယ်သူ့အမိန့်နဲ့ ရောင်းတာလဲ. . ."

"ဗျာ!. . ကျွန်တော်က ဘယ်သူ့ဆီ. . အမိန့်တောင်းရမှာလဲ"

"ဒီတော့မှ. . နေညိုညို သူ့စကားမှားသွားမှန်းသိပြီး. ."

"တောက်!. . . ယွန်းဝတီကတော့ တော်တော်ခြေရှုပ်နေပြီ၊ ကောင်းပြီး. . မင်းပြန်တော့၊ ယွန်းဝတီကိုလွှတ်လိုက်. . ."

"ဟုတ်ကဲ့. . ."

ရေချမ်းအသက်အောင့်ကာ ပြန်ထွက်လာပြီး အခန်းအပြင်ရောက်မှ အားပါးတရ ရှိုက်သွင်းပြီး ပြန်မှုတ်ချရင်း စားပွဲပေါ် ကော်ဖီနှစ်ခွက်တင်ကာ မျက်လုံးလေးအဝိုင်းသားနှင့် ရပ်ကြည့်နေသော သီတာကို. . . ပုခုံးတွန့်ပြလိုက်သည်။

ထို့နောက်. . .

"ဒီကော်ဖီက. . ငါ့အတွက် တစ်ခွက်ပါတယ်. . ကွ"

"ဂလု!. . . ဂလု!. . . ဂွတ်!. . ."

"အား. . . ကောင်းတယ်. . . ကျေးဇူးပဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်း. . . ကော်ဖီတစ်ခွက်မော့ထားခဲ့ပြီး ဆက်လျှောက်လာတော့၍ သီတာက. . .

"ငတ်ကြီးကိုကျတယ်. . . တစ်ကယ်ပဲ. . ."

ၛ ၛ ၛ ၛ





"ကျွန်မ ရောက်ပါပြီ. . ."

"အိုခေ. . ညီမလေး. . လာ. . ဟိုဘက်မှာ ထိုင်ရအောင် သက်တောင့်သက်သာပေါ့. ."

သို့နှင့်. . . ဆက်တီဝိုင်းမှာ ထိုင်ကြသည်။

"လောလောဆယ်. . အဲ့ဒီဌာနမှာ အလုပ်လုပ်ရတာ အဆင်ပြေရဲ့လား. . ."

"ပြေပါတယ်မမ. . ဌာနတွင်းဝန်ထမ်းတွေအားလုံး နွေးထွေးကြပါတယ်. . ."

"ဟုတ်လား. . မမ ကြားတာတော့. . ညီမလေးက မာနကြီးတယ်ဆိုလားလို့. . ."

"ဖြစ်နိုင်ပါတယ်. . ၊ ဟာသစာအုပ် ဆိုပေမဲ့. . ကျွန်မက ရယ်စရာတွေ့မှ ရယ်တာဆိုတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ . ။ မမက ညီမလေးနဲ့အဆင်မပြေဘူးဆိုလည်း အဆင်ပြေတဲ့ ဌာနတစ်ခုခု ပြောင်းပေးမလားလို့၊ အိုခေလေ . . ဒါနဲ့ . ရေချမ်းဆီက ဆန်ကောကို ညီမလေးဝယ်လိုက်တယ်ဆို . ."

"ဟုတ်ကဲ့ . . ."

"မမကို! . ပြန်ရောင်းပါလားကွယ် . . ."

"အားနာစရာပဲ . ။ ညီမ . . ပြန်ရောင်းဖို့ဝယ်တာ မဟုတ်ဘူး . ."

"ဒါဆိုလည်း တစ်ပတ်တည်းလောက်ဖြစ်ဖြစ် ငှားကွာ . . ."

"မငှားချင်ဘူးမမ . . . စိတ်မရှိပါနဲ့ . . ."

နေညိုညို၏ ပျော့ပျောင်းသော မျက်နှာလေး တင်းလာကာ မျက်လုံးအရောင်တွေပါ တောက်သွားသည်။

"မင်းရည်ရွယ်ချက်က ဘာလဲ . . ယွန်းဝတီ . ."

"မမ ရည်ရွယ်ချက်တဲ့ ရည်ရွယ်ချက်ကရော . . ."

"ဟင်း . . ငါ့ကို ထိပ်တိုက်ရင်ဆိုင်ဖို့ ရည်ရွယ်တာကို မေးနေတာ . . ."

"အခုချိန်အထိ . . ကျွန်မအနေနဲ့ ထိပ်တိုက်ရင်ဆိုင်တာမျိုး မရှိသေးဘူးမဟုတ်လား . . ."

"ဘာကွ . . ပြီးခဲ့တဲ့လေလံကိစ္စမှာ မင်းငါ့ကိုရစ်တာ ဘာသဘောလဲ . ။ အခု . . ငါ့ဆန်ကောပျောက်လို့ ရေချမ်းရဲ့ဆန်ကောကို ငါလိုအပ်မှန်းသိပြီး ကြိုတင်ထိန်းလိုက်တာရော ဘာသဘောလဲ . ။ အဲ့ဒါ . . မင်းငါ့ကို သက်သက်ချဲလင့်လုပ်တာ မဟုတ်ရင် ဘာလဲ"

"အားလုံး မမစွဲချက်တွေချည်းပါပဲ၊ လေလံတုန်းကလည်း





မမရောက်လာတာ . ။ အခုလည်း မမခေါ်တာလေ . ။ ကျွန်မဘက်က ဒီအတိုင်းလေး ပုံမှန်သွားနေတာ မဟုတ်လား . . ."

"တောက်!! . . . အခု ငါအခက်အခဲဖြစ်နေတယ်၊ ဒါရိုက်တာကြီးက အခန်းမှာ ဆန်ကောချိတ်ထားပါလို့ ညွှန်ကြားတယ် . ။ အဲ့ဒီအတွက် . . မင်းဆီမှာ အဆင်ပြေနိုင်ဆုံးနည်းလမ်းနဲ့ အကူအညီတောင်းတယ် . . မင်းဘက်က အမြိုးကြီးစွာ ကန့်ထားတယ်၊ ငါ့အနေနဲ့ မင်းကိုဘယ်လို ထင်မြင်ချက်ပေးရမလဲ . ."

"ငါအသုံးမကျလို့ဖြစ်တာလို့ မှတ်ယူလိုက်ပါ . . ."

"ဘာ!! . . ."

"ကိုယ့်ဘဝနဲ့ ပါဝင်ပတ်သက်မှုဟာ . . အရေးပါသည်ဖြစ်ဖြစ် မပါသည်ဖြစ်ဖြစ် ပတ်သက်မှုဆိုတာတစ်ခုအတွက် နည်းနည်းတော့ စဉ်းစားပေးရမယ်လေ မမရဲ့၊ မမ . . မစဉ်းစားမဆင်ခြင်ဘဲ ကိုယ်ရတဲ့ တန်ဖိုးကြီးလက်ဆောင်ကို လွှင့်ပစ်ပြီး . . တန်ဖိုးနည်းတဲ့ လက်ဆောင်အတွက် ခုလိုအောက်ကျခံပြောနေရတာ မမလိုအပ်ချက်ပဲ မဟုတ်လား . ။ အဲ့ဒီတော့ အချိန်ရပါတယ် . . ဝန်ထမ်းတစ်ယောက်ကို လေယာဉ်နဲ့ အရေးပေါ်လွှတ်ပြီး ဝယ်ခိုင်းလိုက်ပါ . . ."

"ဟုတ်လား . . သိပ်ကောင်းတဲ့ အကြံဉာဏ်ပါပဲ၊ မင်းက သိပ်ကို စေ့စပ်သေချာတဲ့ ဝန်ထမ်းဆိုတော့ . . မင်းကိုပဲ လွှတ်လိုက်မယ် . ။ ငါ . . အသွားအပြန် လေယာဉ်လက်မှတ် စီစဉ်ပေးမယ် . . အဲ့ဒီတော့ မနက်ဖြန်ခရီးသွားဖို့ စီစဉ်ပါ . . ."

"ကျွန်မ ယူထားတဲ့လစာက . . ဒေါ်နေညိုညိုအတွက်လား ကုမ္ပဏီအတွက်လား၊ ကုမ္ပဏီအတွက် ယူရတဲ့လစာဆိုရင် ဒီတာဝန်ကို ငြင်းပါတယ် မမ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း. ."

"အကြောင်းကိစ္စက ဒါပဲဆိုတော့ ကျွန်မ ပြန်လိုက်ပါဦး မယ်"

နေညိုညို၏ ပေါက်ကွဲမှုက အထွတ်အထိပ်သို့ရောက်သွား သည်။ ယွန်းဝတီထွက်သွားမှ အခန်းထဲမှာ ဝုန်းဒိုင်းကြဲနေသော အသံဗလံများကြောင့် သီတာ ပြေးဝင်ကာ သွားသည်။ စားပွဲတွေ ရော ခုံတွေပါ ကျွမ်းထိုးမှောက်ခုံဖြစ်နေလေ၏။

"ရေချမ်းကို ခေါ်လာခဲ့. . ."

"ဟုတ်ကဲ့ မမ"

၅. ၅. ၅. ၅.





**ယွန်း**ဝတီ ပေါ့ပေါ့ပါးပါးလေး လျှောက်ဝင်လာသဖြင့် ရေချမ်း သူ့စားပွဲမှ ထလိုက်သွားကာ မေးကြည့်သည်။

"ဘယ်လိုအဆင်ပြေခဲ့လဲ ယွန်းဝတီ"

"အဟင်းဟင်း. . ပြန်လှည့်ကြည့်မိရင်တော့ တစ်ခန်းလုံး ပြောင်းဆန်နေတာ မြင်ရမှာပဲလေ၊ ဘာလဲ. . ရှင်က ငါးတာပဲဖြစ် ဖြစ် လုပ်စေချင်လို့လား"

"အင်း. . ဘယ်လိုပြောရမလဲ၊ ကျွန်တော့်သဘောကတော့ အားလုံးအဆင်ပြေစေချင်တာပါ. ."

"ဒါဆိုလည်း ရှင်သွားလိုက်လေ. .၊ ဆန်ကောတစ်ချပ် လောက် လေယာဉ်နဲ့သွားဝယ်ခိုင်းမလို့တဲ့"

"အဲ!. ."

ယွန်းဝတီပြောပြီး သူ့မစားပွဲဆီ လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်း အူတူတူနှင့်ဖြစ်ကာ ကျန်ခဲ့သည်။ ဒီဆန်ကောတစ်ချပ်က ဘယ်လောက်အရေးပါ အရာရောက်နေလို့လဲ. . ။ သူ မတွေးတတ်တော့၍ ခေါင်းကုတ်ပြီး အလုပ်စားပွဲဆီ ပြန်လာခိုက် သီတာရောက်လာပါသည်။

ကိုအောင်တင့်က. .

"မယ်သီတာ လာပြန်ပဟေ့၊ ရာမမင်း ပျောက်လို့လား ဒဿဂီရိ ပျောက်နေလို့လားတော့ မပြောတတ်ဘူး"

"ရာမရော ဒဿပါ မပျောက်ဘူး ဆရာရေ့. . လက္ခဏာလိုနေလို့"

"လက္ခဏာလိုနေရင် ဗေဒင်ဆရာဆီ သွားလေကွာ"

"ဒီမှာတွေ့ပြီ၊ ကဲ. . ကိုရေချမ်းရေ အပေါ်ကို တစ်ခေါက်လောက် ကြွခဲ့ပါဦး. ."

"အင်း. . ခါတ်လှေခါးရှိပေလို့ပဲ မဟုတ်ရင် ဒူးပြုတ်ကိန်းရှိတယ်"

နေညိုညို၏အခန်းကို ရောက်သွားမှ ဒီနေရာမှာ တိုက်ပွဲတွေ အတော်ပြင်းထန်ခဲ့မှန်း ရေချမ်းသိသွားသည်။ ဆက်တီမှာကျောပေးထိုင်နေသော နေညိုညို၏ နောက်မှာရပ်၍. . .

"မမ ကျွန်တော်ရောက်ပါပြီ"

"မင်း မနက် ဆန်ကောတစ်ချပ်သွားဝယ်ပါ၊ လေယာဉ်လက်မှတ်ပါ တစ်ခါတည်းစီစဉ်လိုက်. ."

ရေချမ်းတစ်ချက်တွေးကြည့်ပြီးမှ. .

"မနက်ဖြန် အဲ့ဒီဆန်ကောကို ကျွန်တော်ယူလာပေးရင် အဆင်ပြေမလားမမ. ."





နေညိုညို လှည့်ကြည့်ပြီး. . .

"ဟိုမိန်းမဆီကလား. ."

"ကျွန်တော့အိမ်မှာ ရှိပါတယ်"

"အဲဒါ မင်းစောစောက ဘာလို့မပြောတာလဲ"

"ကျွန်တော မေ့နေတာ. ."

"ရှစ်(ထ). . ပြီးရော မနက်ဖြန်ယူလာခဲ့၊ နေဦး မနက်ဖြန်မင်း အဲ့ဒီဆန်ကောကို ရှင်းယုန်ရတနာဆိုင်ကိုယူသွား မျက်လုံးမှာပတ္တမြားခြယ်လာခဲ့ ငါဖုန်းဆက်ထားမယ်"

"ဟုတ်. ."

"သွားတော့. ."

ရေချမ်း ပြန်ထွက်လာပြီး သီတာ့စားပွဲရှေ့မှာ ရပ်လိုက်သည်။ စောစောက ဖျော်ထားသောကော်ဖီက တစ်ခွက်ကျန်နေသေးသဖြင့် ယူမော့ကာ ထွက်လာခဲ့တော့၏။



www.burmeseclassic.com

ငါ့ရဲ့အဖိုးနည်းအိုးကွဲ အချစ်တွေလည်း
မိုးလွန်မှထွန်ချသလို
ဖွတ်မရ ဓါးမဆုံး
ပုဆိုးပါ ကွင်းလုံးကျွတ်ရတဲ့အဖြစ်
ပြောဲ...
ဖွတ်ထွက်မှ တောင်ပို့မှန်းသိ
မင်းမှာယောကျ်ား ရှိနေတာ..
လှူတွင်ပါလို့ နွားကျားကိုက်လည်း..
ငါ့အဲ့သလောက် မမိုက်ပရစေနဲ့..
ဆန်စင်ရာ ကျည်ပွေ့လိုက်လာမှာကြောက်လို့
စောက်မှန်းကမ်းမှန်းမသိမှတော့
လသာတုန်း ဗိုင်းငင်မနေဘဲ..
ဆင်ပြောင်ကြီး အမြီးကျမှ တစ်ပရစေတော့ကွယ်..။







# အခန်း
# ( ၁၀ )

"သမီး အဆင်ပြေလား. ."

"တစ်ခြားမေးခွန်းလေး ပြောင်းမေးပါလား ဖေဖေ၊ ဥပမာ သမီးနေကောင်းလား. . စားပြီးပြီလားပေါ့. ."

ဦးဒေဝါရင်ထဲ တစ်ချက်တော့ မျက်သွားသည်။ သို့သော်လည်း သမီးဖြစ်သူ ပင်ပန်းနေမှန်းသိ၍. . .။

"မနက်ဖြန်ကစပြီး သမီးရဲ့ကားကို ပြန်သုံးပါလား၊ လိုင်းကားနဲ့ဆိုတော့ ပင်ပန်းမယ်လေ. ."

www.burmeseclassic.com



"ဟင့်အင်း . . လစာ ကိုးသောင်းခွဲစားတဲ့ စာရေးမပဲ ဖေဖေရဲ့၊ တော်ကြာ . . အမြင်မတော် ဆင်တော်နဲ့ခလောက် ဖြစ်နေပါဦးမယ်"

ဦးဒေဝါ သမီးဖြစ်သူဘေးနား ဝင်ထိုင်ကာ ပခုံးဖက်၍ နှစ်သိမ့်ရင်း . . .

"ဖေဖေလည်း ထိုင်ကြည့်ပြီး ပင်ပန်းပါတယ် သမီး၊ ဘယ်လိုမှ စိတ်ထဲအောင့်မထားနိုင်တော့လို့ မနေ့က သမီးရဲ့ ဒါရိုက်တာကြီး ဦးခင်မောင်ကျော်ကို ပြောပြလိုက်တယ်၊ သူတောင် အတော်အံ့သြသွားပြီး ချက်ချင်းသူ့ရုံးခေါ်မယ် လုပ်နေတယ် . . သမီးရဲ့ . ."

"သမီးလုပ်ချင်တာ တစ်ခုတော့ တောင်းဆိုချင်တယ်"

"ပြောကြည့်လေ . ."

"လက်ရှိ သမီးတို့ကုမ္ပဏီရဲ့ ရှယ်ယာတစ်ဝက်လောက် သမီးပိုင်ချင်တယ်၊ လောလောဆယ် သမီးအဆက်အသွယ်နဲ့သမီး လက်သိပ်ထိုးဝယ်ထားတဲ့ ရှယ်ယာတွေလည်းရှိနေပြီ . ."

"ဟာ . . သမီးရဲ့၊ ရှယ်ယာစပ်တယ်ဆိုတာ တော်တော်စွန့်စားရတဲ့အလုပ်နော် အခန့်မသင့်ရင် . ."

"သမီး အဲ့သလောက်မအပါဘူး ဖေဖေ၊ ကြယ်စင်ထိပ်တန်းမှာ သမီးအလုပ်မဝင် တစ်နှစ်လောက်ကြိုပြီး လေ့လာထားပြီးသားပါ . .၊ သမီးပြောပြရင် ဖေဖေ အံ့သြမလား . ."

"အင်း . . ပြောပါဦး . ."

"ကြယ်စင်ထိပ်တန်းမှာ သမီးရှယ်ယာဟာ တစ်ဝက်ပိုင်ဆိုင်ရင် ရှန်ဟိုင်းကုမ္ပဏီရဲ့ တစ်ဦးတည်းသော မြန်မာပြည်တာဝန်ခံအဖြစ် အသိအမှတ်ပြုပေးဖို့ အစီအစဉ်ရှိတယ်၊ ဒီတစ်ခေါက် မစ္စတာ





ဝမ် ရောက်လာတော့ . . ဒါရိုက်တာလီဆီက အကြံပြုချက်တစ်ခု ပါလာတယ်လေ . ."

"ဘုရား . . ဘုရား ငါ့သမီး ခြေလှမ်းကြီးက ကြောက်စရာပါလား . ."

"အမှန်အတိုင်းဝန်ခံရရင် ဖေဖေ့ကုမ္ပဏီမှာ GM ရာထူးနဲ့ အလုပ်ဝင်နိုင်ပါလျှက်နဲ့ သမီးကို တစ်ခြားအလုပ်တစ်ခုခု ရှာလုပ်ပါလို့ ဖေဖေပြောတုန်းက သမီးအရမ်းစိတ်ပျက်သွားခဲ့တယ် . . အရမ်းလည်း အားငယ်မိတယ် . .၊ မမျှော်လင့်ဘဲ ကြယ်စင်ထိပ်တန်းကို အလုပ်လျှောက်တဲ့အချိန်မှာ ပြုတ်ကျနေတဲ့ ခွန်အားတွေ ပြန်တက်လာတယ် . .၊ ဘာကြောင့်လဲဆိုတော့ ရှင်းပြဖို့စောနေသေးတဲ့အတွက် မပြောသေးဘူး . . ဖေဖေ၊ ဒီကာလအတွင်း သမီးပင်ပန်းခဲ့ပေမယ့် . . ကိုယ့်ရဲ့ပန်းတိုင်ကို မြင်နေရလို့ ပင်ပန်းတာကို မေ့ထားတယ် . .၊ တစ်ခုပဲ သမီးကို ကူညီပါ၊ ဒါရိုက်တာကြီးနဲ့ ရင်းနှီးတယ်ဆိုရင် ရှယ်ယာတစ်ဝက်ကို သမီးနာမည်နဲ့လွှဲပေးပါ . ."

"ဒါ . . ဘာမှမခက်ဘူး သမီး၊ ကိုယ်ခင်မောင်ကျော် ဖေဖေ့ဆီက အလွတ်သဘော ယူထားတဲ့ငွေကို ရှယ်ယာနဲ့ လွှဲယူလိုက်ရုံပဲ မနှစ်ကတောင် ရှယ်ယာလုပ်ဖို့ ဖေဖေ့ကို ကမ်းလှမ်းနေတာ၊ တစ်ဝက်ဆိုရင် ဘယ်လောက်သွားမယ်ထင်လဲ . ."

"အစိမ်းဆိုရင် သုံးသန်းလောက်ရှိမယ်ထင်တယ်"

"ဗုဒ္ဓေါ . . ဒါဆို . . ဖေဖေ နောက်ထပ်တစ်သန်းခွဲလောက် ထပ်ဖြည့်ရမှာပါလား"

"များလို့လား ဖေဖေ . ."

"အာ . . မများပေမယ့် မနည်းဘူးမဟုတ်လား သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် လုပ်ငန်းအခြေအနေကောင်းနေတယ်၊ နောက်ထပ် ရင်းနှီးမြှုပ်နှံမှု အသစ်ထပ်ဖြည့်ဖို့ မစ္စတာလီ ဆန္ဒရှိနေတယ်. .၊ ဖြစ်နိုင်ရင် ဖေဖေ့ဘက်က နှစ်သန်းလောက် ဆောင်ထားပေးပါ. ."

ဦးဒေဝါ ပင့်သက်ရှိုက်မိသည်။ သို့သော်လည်း. . မုန့်ဘိုးလောက်ပဲတောင်းတတ်သော သမီးထံမှ ကြီးကျယ်သောရင်းနှီးမြှုပ်နှံမှုကိစ္စ တောင်းခံလာသည့်အတွက် စိတ်ထဲပီတိဖြစ်သွားသည်။

ဘာတဲ့. . . ကြယ်စင်ထိပ်တန်းမှာ အလုပ်လုပ်ဖို့ တစ်နှစ်လောက် ကြိုတင်လေ့လာထားတယ်တဲ့. . .

တော်လိုက်တဲ့ ငါ့သမီးလေး. .။

"အေး. . အေး. . ဟုတ်ပြီ၊ ဒါဆို ဖေဖေ ဦးခင်မောင်ကျော်နဲ့ ဆွေးနွေးမယ်လေ. . ဟုတ်ပြီလား. ."

ꩮ ꩮ ꩮ ꩮ





မြစ်ပြင်တစ်လျှောက်လုံး တွန့်ကွေးပြေးလွှားနေသော လှိုင်းတွေကိုကြည့်ပြီး သူမ၏ လှပသော မျက်ခုံးတန်းလေးနှစ်ခုပါ တွန့်ရှုံ့ကာထားသည်။ ဘယ်လိုပဲကြည့်ကြည့် လှသော၊ ချစ်မက်မှုဖွယ်ရာကောင်းသော မိန်းမတစ်ယောက်ဆိုတာ ကျော်ဇေယျသိပါသည်။ သူကိုယ်တိုင်လည်း ရင်ခုန်ချင်မိသည်။

သို့သော်. . သူမမျက်နှာပေါ် ခုန်ပေါက်နေသည့် စိတ်အရောင်ရင့်ရင့်တွေကိုတော့ သဘောမကျ။ တစ်ခါတစ်လေ သူမရှေ့ သူရောက်နေသည်မှာ အချိန်မရွေး ပေါက်ကွဲနိုင်သည့် ဗုံးတစ်လုံးရှေ့မှာ ရောက်နေသလို ခံစားနေရသည်။

ဝန်ခံရလျှင် နေညိုညို စိတ်ကြည်ကြည်လင်လင်လေး ရှိတဲ့ နေ့တစ်နေ့ကို သူမျှော်လင့်နေမိသည်။ ထိုနေ့မှာ သူ၏ ချစ်ခွင့်ပန်ခြင်းကို စတင်ရပါမည်။ သို့သော် ထိုနေ့လိုနေ့မျိုး ဒီတစ်သက် ရှိနိုင်. . ရောက်နိုင်ပါ့မလားလို့ စိုးရိမ်စိတ်ဖြစ်ရသည်အထိ နေညိုညိုထံမှ



www.burmeseclassic.com

www.burmeseclassic.com



သက်တောင့်သက်သာအပြုံးမျိုး မြင်ရခဲလေ၏။

ယခုလည်း. . သူနှင့်သူမတို့ထိုင်နေကျ နန်းသီတာစား သောက်ဆိုင်ကို ရောက်နေသည်မှာ နာရီဝက်နီးပါးမျှပင် ရှိနေချေ ပြီ. . ။ သူမှာပေးထားသော စပျစ်ဝိုင်နှစ်ခွက်လည်း တစ်စက်မှ မ လျော့သေးဘဲ ငြိမ်သက်အေးစက်နေခဲ့သည်။ သူမထံမှ စကားတစ် ခွန်းမျှ မကြားရသေး။ ဒါပေမယ့် သူ တစ်ခုတော့ ဖြေသာပါသည်။ သူချစ်သော မိန်းမတစ်ယောက်၏မျက်နှာကို အချိန်အကြာကြီး ငေး ခွင့်ရနေသည်။ ထိုစဉ်မှာပင် သူမ၏အကြည့်များ မြစ်ပြင်ဆီမှ ရွှေ့ယူ တာ. .

"ယွန်းဝတီကို နှစ်နာကြေး သုံးလစာပေးပြီး အလုပ်ကထွက် ခိုင်းလိုက်တော့မယ်"

"ဘာအတွက်လဲ နေညိုညို. . "

"ကျွန်မ စိတ်ပင်ပန်းတယ်"

ကျော်ဇေယျ ငြိမ်ကာ စဉ်းစားနေပြီးမှ. .

"အကြောင်းပြချက် တစ်စုံတစ်ရာမရှိရင်တော့ မလွယ်ဘူး မဟုတ်လား နေညိုညို။ ပြီးတော့. . . ယွန်းဝတီက ထက်မြက်တဲ့ မိန်းကလေး ဖြစ်လောက်တယ်. . "

"GM တစ်ယောက်အနေနဲ့ သာမန် ဝန်ထမ်းတစ်ယောက် ကို အလုပ်ကထုတ်ပယ်တဲ့ကိစ္စ ဒီလောက်ခက်ခဲသလား ကိုကျော် ဇေယျ. . "

"ဟိုခေတ်ကတော့ ဟုတ်ပါတယ်. . အခုက မတူတော့ဘူး၊ အလုပ်သမားများ ကာကွယ်ပိုင်ခွင့်ဥပဒေရဲ့ ရပ်တည်မှု အခန်းကဏ္ဍ က ပိုပြီးကျယ်ပြန့်ခိုင်မာလာတော့ နေညိုညိုအတွက် စိတ်ဖိစီးမှုထပ်





ပြီး အဖြစ်မခံစေချင်ဘူး. . ၊ ဒါပေမယ့် ယွန်းဝတီဘက်က အမှား ကျူးလွန်မှုတစ်ခုခု ရှိနေမယ်ဆိုရင်တော့ GM ရဲ့ လုပ်ထုံးလုပ်နည်း ကို အသုံးပြုလို့ရပါတယ်. . "

"ကျွန်မအတွက် ဒီမိန်းကလေးက ခံစားမှုမကောင်းဘူး"

"ကျွန်တော်စိတ်ထဲ ခံစားမိတာတော့ နေညိုညို အရမ်းပင် ပန်းနေတယ်. . "

"ကျေးဇူးပဲ ကျွန်မအတွက် စဉ်းစားပေးတာ ကိုကျော်ဇေယျ တစ်ယောက်ပဲ ရှိတယ်၊ အင်းလေ. . ဘဝကိုကလည်း တစ်ယောက် ထဲပဲဟာကို. . "

ကျော်ဇေယျရင်ထဲ ပီတိလှိုင်းကလေး ဖြတ်ပြေးသွားပြီး မှ. . .

"ကျွန်တော်တို့ ရင်းနှီးတာကြာပြီနော်၊ ဒါပေမယ့်. . တစ် ယောက်နဲ့တစ်ယောက် စိမ်းနေသလိုပဲဗျ၊ အဲ့ဒီတော့ နေညိုညိုစိတ် အပြောင်းအလဲလေးဖြစ်အောင် ကျွန်တော့ဘဝအကြောင်းလေး နား ထောင်ကြည့်ပါလား. . "

သူမ စိတ်ဝင်စားဟန်လေးနှင့် ပြုံးပြီး ခေါင်းညိတ်ပြသည်။

ထိုနောက် စပျစ်ဝိုင်လေး အနည်းငယ် စုတ်သောက်၍. .

"နားထောင်ကြည့်မယ်လေ. . "

"အိုခေ. . ပထမဦးဆုံး ကျွန်တော့်ကျေးဇူးရှင်တွေပြောပြ မယ်. . ၊ ဖခင်အဖြစ်နဲ့ အားကိုးခဲ့ရတဲ့သူက ဦးပညာသာရတဲ့. . ပန်းတစ်ပွင့်တောင် ဆရာတော်ကြီးပေါ့. . ၊ ကျွန်တော့်ကို လူမှန်းသိ စအရွယ်ကတည်းက ဥပဒေဘွဲ့ရတဲ့အထိ ထောက်ပံ့ကျွေးမွေးစောင့် ရှောက်ခဲ့တဲ့သူပေါ့. . ၊ ဝါးနက်ချောင်းဘူတာမှာ ဘယ်ရွာသားကနေ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့လို့ ကျန်ခဲ့မှန်းမသိ၊ ပလက်ဖောင်းပေါ်မှာ 'အမေ. . အမေ' လို့အော်ခေါ်ပြီး ငိုနေတဲ့ကျွန်တော့်ကို အဲ့ဒီအနီးအနား ဈေးရောင်းနေတဲ့ အဒေါ်ကြီးက ခေါ်လာပြီး ဆရာတော်ကြီးဆီ ပို့ပေးထားခဲ့တာ၊

ဆရာတော်က ကျွန်တော်တို့လို မိဘမဲ့တွေ မရှိဆင်းရဲလို့ ပညာမသင်နိုင်တဲ့သူတွေကို ဘာကပညာရေးကျောင်းဖွင့်ပြီး ပညာသင်ပေးတယ်. . ကျောင်းအိပ်ကျောင်းစားပေ့ါ. . ၊

ဒုတိယကျေးဇူးရှင်က မိခင်တစ်ယောက်လို့ အနီးကပ် ပြုစုစောင့်ရှောက်တဲ့သူက အဲ့ဒီမှာပဲ ဆရာတော်ရဲ့ သာသနာပြုလုပ်ငန်းကို ပါရမီဖြည့်ပြီး သီတင်းသုံးနေတဲ့ သီလရှင်ဆရာကြီးတွေပေ့ါ. . ၊ ကျွန်တော်က ဆရာတော်ကြီးရဲ့ ဘာကကျောင်းကနေ ဆယ်တန်းအောင်တယ်၊ ဥပဒေနဲ့ကျောင်းပြီးမှ စက်ာပူမှာ စီးပွားစီမံဆက်တက်တာ၊ အခု ကြယ်စင်ထိပ်တန်းကုမ္ပဏီမှာ ဥပဒေအကြံပေးအဖွဲ့ ခေါင်းဆောင်အဖြစ် အလုပ်ဝင်နေပြီး. . ရတဲ့လုပ်အားခကို ပန်းတစ်ပွင့်တောင်မှာရှိနေကြတဲ့ ဘဝတူ ညီ,ညီမတွေအတွက် ထောက်ပံ့တယ်၊ အချစ်ရေးကိစ္စပါမှ. . ပြည့်စုံမယ်ဆိုရင် ကျွန်တော် မိန်းကလေးတစ်ယောက်ကို တိတ်တခိုးလေး ချစ်နေမိတယ်. . ၊ အဲ့ဒါပဲဗျ နားထောင်လို့ကောင်းလား. . "

သူမ ပင့်သက်ကလေးရှိုက်ရင်း. . .

"လက်စသပ်တော့ ကိုကျော်ဇေယျလည်း ကျွန်မနဲ့ ဘဝတူပဲကိုး. . . "

"ဟင်!. . "

"ကျွန်မက ပရဟိတ မိန်းကလေးကျောင်းကနေ ဆယ်တန်းအောင်ပြီး ငါးလုပ်ငန်းကုမ္ပဏီသူဌေးတစ်ယောက်ရဲ့ ပညာဒါန အကူအညီနဲ့ အမေရိကား ပညာသင်ခွင့်ရခဲ့တယ်. . ၊ စီးပွားစီမံ ဘွဲ့ရခဲ့လို့ ပြန်လာပြီး. . အဲ့ဒီသူဌေးရဲ့ ကုမ္ပဏီမှာပဲ (၇)နှစ် အလုပ်ဝင်လုပ်ခဲ့တယ်. . "

သူမစကားဖြတ်ပြီး စပျစ်ဝိုင်ကို စုပ်သောက်သည်။ ထိုနောက်မှ ဝိုင်ကြောင့်မဟုတ်တဲ့ ပါးအို့ရဲရဲလေးနှင့် ကျော်ဇေယျကို လှမ်းကြည့်ပြီး . .

"ကျွန်မဘဝ အကုန်လုံးပြောပြလိုက်ရင် ကျွန်မအတွက် စဉ်းစားပေးတတ်တဲ့ တစ်ယောက်တည်းသော ကိုကျော်ဇေယျလည်း စိတ်ပျက်သွားမယ်ထင်တယ်. . "

"ဟာ. . ပျက်စရားလား နေညိုညိုရာ. . "

"အဟင်းဟင်း. . ဟုတ်မှလည်းလုပ်ပါ ကိုကျော်ဇေယျရယ်၊ တော်ကြာ. . ရှင့်ရဲ့ တိတ်တခိုးချစ်စိတ်လေး ဘယ်ရောက်သွားမှန်းမသိ ဖြစ်နေပါ့မယ်. . "

"ဗျာ!. . "

"ကျွန်မသိနေတယ်လေ. . ရှင့်ရဲ့ စိတ်ရင်းကိုပေ့ါ. . ၊ ဟုတ်တယ် မဟုတ်လား"

"ဟာ. . နေညိုညိုကလည်းဗျာ. . "

တစ်ကယ်ကို ရိုးရှင်းသန့်စင်တဲ့ ရှက်ပြုံးမျိုးနှင့် အနေခက်သွားသော ကျော်ဇေယျကိုကြည့်ပြီး. .

"ရှင်က ရိုးသားတဲ့သူပါ၊ အဲ့ဒါကြောင့်လည်း ရှင်မျှော်လင့်ထားသလောက် မပြည့်စုံမှာ စိုးရိမ်သလို. . စိတ်ပျက်သွားမှာလည်း စိုးရိမ်တယ်. . "

ကျော်ဇေယျ ဝိုင်တစ်ခွက်လုံး ကုန်အောင် မော့သောက်ပစ်

www.burmeseclassic.com



ပြီးမှ. .

"ကျွန်တော် ပြောတော့မယ်ဗျာ၊ နေညိုညို ဘာဖြစ်ဖြစ် ကျွန်တော်ချစ်တယ်. ."

"ကောင်းပြီလေ. . ချစ်တယ်လို့ ရှင်ပြောလိုက်တဲ့စကားကို ကျွန်မ မကြားမိဘူးလို့ သဘောထားပြီး ဆက်ပြောပြပါ့မယ်. ."

သို့သော် သူမ ချက်ချင်းမပြော၊ ဝိုင်ကို တစိမ့်စိမ့် သောက်ရင်း သူမ၏ အတိတ်အား တူးဆွကြည့်နေပုံရသည်။

ခဏကြာမှ. . .

"ကျွန်မ အဲ့ဒီကုမ္ပဏီမှာ အလုပ်လုပ်ရင်း သူဌေးရဲ့ အငယ်အနှောင်းဖြစ်ခဲ့တယ်. . နောက်လှည့်ကြည့်ရင် ကျောပဲရှိတဲ့ဘဝမှာ အနည်းဆုံး မနေအင်အားတော့ ရှိသင့်တယ်ဆိုတဲ့ အတွေးရိုင်းကြောင့်ပါ. .၊ တကယ်လည်း မျှော်လင့်ထားတာထက်တောင် ပိုပြည့်စုံခဲ့ပါတယ်. . ဒါပေမယ့် မိန်းမတစ်ယောက်ရဲ့ ကာယကန္ဒြေ၊ ဂုဏ်သိက္ခာ အားလုံး ပေးဆပ်လိုက်ရတယ်. .၊

အဲ့ဒီအပြင် ကျွန်မကြောင့် သောကမီးတောက်ပွေ့ထားမိတဲ့ သူဌေးကတော်လည်း ရုံးမှာ ကျွန်မကိုရန်လာတွေ့ရင်း နေရာမှာတင် သွေးတက်ပြီး ဆုံးပါးသွားခဲ့တယ်. . သူဌေးရဲ့ တစ်ဦးတည်းသောသမီးလည်း မိခင်စိတ်နဲ့ တစ်နှစ်လောက် စိတ်ကျန်းမာရေး အထူးကုနဲ့ပြပြီး ဆေးကုလိုက်ရတယ်. .၊ အဲ့ဒီတုန်းက အဲ့ဒီကလေးမလေးက ရှစ်တန်းလား ကိုးတန်းလား ငယ်တော့ငယ်သေးတယ် သေချာမမှတ်မိဘူး. .၊

ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့ လောဘအတ္တကြောင့် ပျက်စီးကုန်ရတဲ့ဘဝတွေကိုမြင်ပြီး ကျွန်မ သွေးပျက်သွားတယ်၊ အဲ့ဒီ ကုမ္ပဏီ





ကလည်း ထွက်လိုက်တယ်၊ ကျွန်မမှာ သူဌေးနဲ့ရတဲ့ ကိုယ်ဝန်လည်းပါလာတော့ သူဌေးက ကျွန်မနဲ့ကလေးအတွက် ပိုင်ဆိုင်မှု ပြည့်စုံအောင် ခွဲပေးလိုက်တယ်၊ ဒါကြောင့်လည်း ဒီကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံနိုင်ခဲ့တာလေ"

"အခု ကလေးကရော. ."

"ကံဆိုးတဲ့ကလေးပဲလေ. .၊ ကျွန်မ စိတ်လေပြီး ဂရုမစိုက်နိုင်တာကြောင့် မွေးရက်လွန်ပြီး မွေးလာတော့ အသက်မပါခဲ့ဘူး"

"ဖြစ်ရလေဗျာ. .၊ ဒါနဲ့ သူဌေးကရော ပြန်ဆက်သွယ်သေးလား. ."

"ကျွန်မဘက်က မဆက်သွယ်တော့တာပါ၊ ပထမနာမည်က ယုယုဇင်လေ. . အခုနာမည်က ဘဝအသစ်အတွက် နာမည်အသစ် ပြောင်းထားတာ"

ကျော်ဇေယျ ခေါင်းတညိတ်ညိတ်လုပ်ကာ ပင့်သက်ရှိုက်လိုက်သည်။ ထို့နောက် သူမလက်ဖဝါးလေးအား မဝံ့မရဲ လှမ်းဆုတ်ယူရင်း. .

"နေညိုညိုသာ လက်ခံရင် ဘဝအသစ်ရဲ့ ထာဝရ အဖော်အဖြစ် ကျွန်တော်ရချင်တယ်၊ ကျွန်တော့အတွက်တော့ တစ်ဘဝစာအတွက် ပထမဦးဆုံး ရင်ခုန်မိတာ နေညိုညိုပါဗျာ ယုံကြည်ပါ"

"ကျွန်မ သိသားပဲ. . ပိုးကြေးပန်းကြေးနဲ့ ဘာမဆို ပြာယာခတ်အောင် ကူညီနေတာလေ. ."

"ဟာဗျာ. ."

"အဟင်းဟင်း. ."

တစ်ကယ်တော့လည်း အဲ့သလို "ဟာဗျာ" ဆိုပြီး ရှက်သွား



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ အရိုးခံစိတ်ရင်းကို သူမရင်ခုန်ခြင်းဖြစ်သည်။ ဝန်ခံရလျှင် အရောင်အသွေးစုံလှသော စိတ်နှင့် ရှုတ်ထွေးပွေလီလွန်းနေသော လောကကြီးထဲ အသက်ရှင်နေရမှုကို သူမ ငြီးငွေ့နေခဲ့ပြီ။ ကျန်ရှိနေသေးသော ဘဝအား အဖြူစင်ဆုံး အရိုးရှင်းဆုံးဘဝဖြင့် ကုန်လွန်ရလျှင် အဘယ်မျှကောင်းလေစွဟု စိတ်ကူးယဉ်ဖူးသည်။

ထပ်ပြီးဝန်ခံရလျှင် ထိုစိတ်ကူးလေးအား 'ရေချမ်း'ကြောင့် ရခဲ့သည်ဟုပြောလျှင် သူမ မငြင်းနိုင်ပါ။ ဂုဏ်သိက္ခာတစ်ခုကြောင့် ရေချမ်း၏ ရိုးသားမှုက အနှောင့်အယှက်ဖြစ်ရသည်ဟု ဆိုနိုင်သော်လည်း ထိုရိုးသားမှုအပေါ် သူမ သာယာမိခဲ့သည်။ ကိုယ့်စိတ်နှင့်နှိုင်းကာ ရှက်ခဲ့သည်။

သူမ ရေချမ်းလို အရွယ်နဲ့ဘဝတုန်းက ဘာကြောင့်မဖြူစင်ခဲ့ပါလိမ့်ဆိုသောအတွေးက သူမ၏ ရှက်ဒေါသအား စံနက်တံတပ်ပေးလိုက်ခြင်းဖြစ်သည်။

ငွေကြေးနှင့် သူမ၏ဖြူစင်မှုအားလုံး လဲလှယ်လိုက်ပြီးမှ ငွေတန်ဖိုးနှင့် ဘဝတန်ဖိုး မမျှမတဖြစ်နေမှန်း သိကာ ကိုယ့်ဘဝကိုယ် ရွံမုန်းလာခဲ့သည်။ ဘာမဆိုအလိုမကျ ဖြစ်ခဲ့သည်။

စိတ်ရိုင်း၊ ကိုယ်ရိုင်း၊ မိန်းမရိုင်းကြီးလုံးလုံး ဖြစ်တော့မည့် အခြေအနေအား ရေချမ်း၏ ရိုးသားမှုက ပြယ်ရယ်ပြုလာသောအခါ သူမ ရှုးချင်သွားပါသည်။ ထို့ကြောင့်လည်း ရေချမ်း၏ ကမောက်ကမ နိုင်မှုကို တိတ်တဆိတ် နားလည်ပေးနေခြင်းအပေါ် ဘယ်သူမှ သတိမထားမိခြင်း ဖြစ်ချိမ့်မည်။

"ကျွန်တော်တို့ ပြန်ကြမလား (၂)နာရီမှာ ဒါရိုက်တာရုံးမှာ အစည်းအဝေးရှိတယ်"





သူမအတွေးဖြတ်ကာ ကျော်ဇေယျကို အားနာသွားမိသည်။

ဘယ့်နှယ် ကျော်ဇေယျရဲ့ နှစ်သိမ့်မှုအောက်မှာ ရေချမ်းအကြောင်း တွေးနေရတယ်လို့. . ငါနှယ်. . ။





www.burmeseclassic.com

www.burmeseclassic.com



- မချစ်မဖြစ်..
ချစ်မှဖြစ်မည်..
ချစ်ရည်တူမျှ
ချစ်ခွင့်ရဖို့
ဝီရိယထား..
သူကြိုးစားသည်..
ရည်ရွယ်သူလေး..
အခွင့်ပေးချိန်..
အပြေးကပ်ကာ
ပြောခဲ့ပါလည်း
မအဂ္ဂာ၏..
စွာလိုက်သည့်နှုတ်
တုတ်လိုက်သည့်အဆဲ..
ဝက်ဝက်ကွဲမှ..
နောင်တစင်စစ်..
စိတ်မှာဖြစ်တည်..
အချစ်မရှိလည်း နေနိုင်ပြီ...။





# အခန်း (၁၁)

ရေနံ ညိုညိုကို ဆန်ကောယူလာခဲ့ပါမယ်လို့ ကတိပေးပြီးမှ ဆန်ကောက ရှာလို့မရ၊ တစ်အိမ်လုံး အနှံ့ရှာသော်လည်း မတွေ့။ အမေ သူ့ဆန်ကောကို မြေကြီးထဲများ မြုပ်ထားလေရော့သလား။

"ဟဲ့. . ရေချမ်း ရုံးမသွားသေးဘဲ ဘာလုပ်နေတာလဲ"

"ဗျာ!. . သွား. . သွားမယ်လေ. . "

"နာရီလည်းကြည့်ဦး. . "

သူ ယောင်ချာချာလုပ်နေပြီးမှ. .



www.burmeseclassic.com

www.burmeseclassic.com



"အမေ. ."

"ဟေ. ."

"အမေ့ ဆန်ကောရော. ."

"ဘုရားရှေ့ကဆိုင်မှာ အပ်ထားတယ်"

"ဗျာ!. . ဘာလို့တုန်း"

"ဟဲ့. . စစ်ဆေးသုတ်ရမယ်လေ၊ တင်မြရီ ရေနံမိုးနဲ့ သုံးထားတာ ဆွေးသွားရင် ဘယ့်နှယ်လုပ်မှာတုံး"

"အဲ. . ဗျာ. ."

"နေပါဦး. . နင် တစ်မနက်လုံး ပြာယာခတ်ပြီး ရှာနေတာ အဲ့ဒါလား"

"ဟုတ်. . ရှုံးကမန်နေဂျာက ခဏလောက်ငှါးပါဆိုလို့. ."

"ဘာ!. . နင့်မန်နေဂျာက ဒီဆန်ကော ဘာလုပ်ဖို့လဲ"

"ဒါတော့ဘယ်သိမလဲ အမေရ၊ အပိုဝင်ငွေလေးရအောင် ဖရဲသီးစိတ် လည်ရောင်းချင်လို့နေမှာပေါ့. ."

"အလိုတော် သူ့စီးပွားသူရှာတာများ ငါ့ဆန်ကောနဲ့၊ ဟင်း ပေးနိုင်ပေါင်. ."

"အလကား စတာပါ အမေရာ၊ ပိုက်ဆံခေါင်းအုံးအိပ်နေတဲ့ လူက လုပ်ပါ့မလား၊ အခုဟာက. . ဟိုဗျာ. . ဒီလို. ."

ဒီလိုဆိုပြီး မိခင်နားလည်အောင် ဆက်ရှင်းပြဖို့ဟာလည်း ခက်နေသဖြင့် ရှင်းမနေတော့ဘဲ ထမင်းချိုင့်ဆွဲကာ အိမ်ပေါ်ကဆင်း လာခဲ့တော့သည်။ ထိုအခါမှ မိခင်ဖြစ်သူက. . .

"မင်းကိစ္စရှိရင်လည်း ဘုရားမှာ ဝင်ယူသွားလေ၊ ဆန်ကော တော့မပျက်စီးစေနဲ့နော် တန်ဖိုးကြီးကြီး ပေးဝယ်ထားရတာ. ."





ရေချမ်းစိတ်ညစ်သွားပြီး ဒီအတိုင်းပဲ လက်ဗွေ့ရှမ်းပြထားခဲ့ ကာ ဆက်လျှောက်လာပါသည်။ စစ်ဆေးသုတ်လိုက်ပြီဆိုတော့. . ဒီ မည်းမည်းကြီးနဲ့ ဘယ့်နှယ့်လုပ်ရပ့ါ. . ငါ့နှယ်. . မယူသွားရင်လည်း ပြဿနာ၊ ယူသွားလည်း. . .

"ဂလို!. . ဂလို!. ."

"ဟဲ့!. . အိုးတစ်လုံးလုံး ချထားတာ နင့်အလုံးက ကန်းနေ လား"

"မမြင်လို့ပါ အဒေါ်ရယ်. . တောင်းပန်ပါတယ်"

"ငါ့နှယ် ဈေးရောင်းမကောင်းပါဘူးဆိုမှ. . ဟိုမှာ ငါးတွေ ထွက်ကုန်ပြီ. . ပြန်ကောက်ထည့်"

"ဟုတ်. . ဟုတ်ကဲ့ဗျ. ."

ရေချမ်း ငါးတွေပြန်ကောက်ထည့်နေခိုက် တင်မြရီ ရောက် လာကာ. .

"အမေ. . . ဒီမှာ လက်ဖက်ရည်ရပြီ သမီးသွားတော့မယ်၊ ဒီမနက် အမေ့သား အလုပ်သွားမယ်လို့ပြောတယ်၊ ထမင်းချိုင့် သွား ပြင်ပေးလိုက်ဦးမယ်"

သို့နှင့်. . ရေချမ်း ငါးတွေလိုက်ကောက်ပြီး အိုးထဲလာပြန် ထည့်ပေးမှ တင်မြရီ မြင်သွားပြီး. .

"ဟင်. . မောင်လေး. ."

"ဩော်. . မတင်မြရီ. ."

"အမေ. . ဒါ သမီးတို့ကျေးဇူးရှင်လေ၊ ဆန်ကောကို သုံး သိန်းပေးပြီး ဝယ်လိုက်တာ"

"ဘာကျေးဇူးရှင်လဲ. . အဲ့ဒီဆန်ကော ရှိတုန်းကမှ ငါအိမ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်စားနေရသေးတယ်၊ အခု ဆန်ကော ရောင်းပြီးကာမှ ငါကိုယ်တိုင် ငါးထွက်ရောင်းနေရတယ်၊ ဆန်ကောအကြောင်း စမလာနဲ့”

“အမေရယ် အဲ့ဒါ အမေ့သားမှ မလိမ္မာတာ. .”

“တောက်. . ငါ့ပါးစပ်က အယုတ်တ အနတ်တတွေ ထွက်တော့မယ်နော်”

ရေချမ်းလည်း ရောအတုတ်ခံရမှာကြောက်၍ ခပ်သုတ်သုတ် လစ်လာရတော့သည်။

“ငါ့နှယ်ကွာ. . .”

၅ ၅ ၅ ၅





“ရေချမ်း. . အဲ့ဒါဘာလဲ. .”

“ဆန်ကောလေ မမ”

ရေချမ်းကိုင်မြှောက်ပြသော ဆန်ကောကိုကြည့်ပြီး နေညို့ညို့ စိတ်ပျက်သလို ရှုံ့မဲ့သွားကာ. . .

“မင်း. . ငါ့ကို အကူအညီပေးတာလား၊ လာနှောက်နေတာလား”

“ဗျာ. . . သေချာကြည့်ပါဦးမမရာ၊ စစ်ဆေးသုတ်ထားလို့ မည်းနေတာပဲရှိတာ. . ကြယ်ခေါင်ဆန်ကော အစစ်ပါဗျာ. .”

“တောက်!. . မင်းနဲ့တော့ ဒုက္ခပါပဲ၊ ငါက အဲ့ဒီမည်းမည်းကြီးကို ချိတ်ထားရမှာလား၊ သွား. . သွား. . မင်း သွားတော့. .”

“ကျွန်တော်လည်း အတတ်နိုင်ဆုံးကူညီတာပါ၊ မမ အဆင်မပြေဘူးဆိုလည်း. .”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူးလေ မင်းပဲတွေးကြည့်ပါဦးတော့လား"

"ဒါတော့မမရာ. . . ပိုးကိုက်ခြကိုက်မှာစိုးလို့ စစ်စေးသုတ်ထားတာပါ. . စစ်စေးသုတ်တယ်ဆိုတာလည်း မြန်မာ့ရိုးရာပဲလေ၊ မမ အခုဒီလိုမြင်ရတာဟာ တရုတ်ရိုးရာနဲ့ မြန်မာ့ရိုးရာကို ပေါင်းစပ်လိုက်တဲ့မြင်ကွင်းပဲမဟုတ်လား မမ. . ရဲ့"

သူမ တစ်ချက် မျက်မှောင်ကြုံ့ထားပြီးမှ. .

"အဲ့ဒါဆို နဂါးမျက်လုံးကရော. . "

"ဒါတော့ နည်းနည်းအကြံအဖန်လုပ်ရမယ် ထင်တယ်. . ကျောက်အနီနှစ်လုံးရှာပြီး ဆူပါဂလူးနဲ့ ကပ်မယ်လေ. . "

"ဒုက္ခပဲကွာ. . မည်းမည်းကြီးနဲ့ ရဲရဲကြီးဖြစ်တော့မှာပဲ၊ အေးအေး. . ပြီးရော အဲ့ဒီဆန်ကောကိစ္စ မင်းကိုပဲ ယုံကြည်ပြီးအပ်လိုက်တော့မယ်. . ဒီနေ့အပြီးလုပ်ပေး၊ မနက်ဖြန် ဒါရိုက်တာကြီးရောက်မှာ. . ဒီနေ့ရှယ်ယာရှင် အစည်းအဝေးရှိလို့ ငါလည်းသွားရမှာ၊ ရော့ ပိုက်ဆံတစ်သိန်းယူထား လိုအပ်တာကြည့်လုပ်. . "

"ဟုတ်. . "

ရေချိုးအခန်းထဲက ပြန်ထွက်လာမှ သီတာစားပွဲကို လှမ်းကြည့်သဖြင့် သီတာက. . .

"ဘာလဲ ကော်ဖီလား. . "

"ဘာလုပ်မှာလဲကွာ အချိုပေါ့တယ်. . ၊ ဂျေဒိုးနပ်မှာ သွားသောက်မယ်. . "

"ချေးပန်းနေမယ် ကြည့်လုပ်. . "

၅ ၅ ၅ ၅





သည်မနက်တော့ ရုံးလုပ်ငန်းတွေ ခဏပစ်ချပြီး ဌာနခန်းထဲ ဆန်ကောတစ်ချပ်နှင့် အလုပ်ရှုပ်သွားသည်။ ကျောက်လောကကို ကျွမ်းကျင်သည်ဟူသော ကိုအောင်တင့်က ကျောက်သွားဝယ်ပြီး. . ပန်းချီမှာ နံပါတ်တစ်ဟူသော ကိုခင်မောင်က ဆန်ကောမှာ စစ်စေးနှင့် မြုပ်နေသော နဂါးပုံကို ပြန်ဖော်ပါသည်။

"မင်းဝယ်လာတဲ့ဆေးဘူးက ငါသုံးနေကျ ရေဆေးဆီဆေး မဟုတ်တော့ နည်းနည်းလက်ဝင်တယ်ကွ၊ ဒါပေမယ့် အေးအေးပါ"

"ကို. . ကိုခင်မောင်. . ဒါ. . ဒါက ဘာလဲဗျ"

"နဂါးအမောက်လေကွာ. . ဘာဖြစ်လို့လဲ"

"အမောက်နဲ့ မတူလို့"

"ဟ. . ဒါက တရုတ်နဂါးကွ ဗမာနဂါးနဲ့ ဘယ်တူမှာလဲ. . "

"ဩော်. . ဩော်. . ဒါကရော. . "



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါ နဂါးမုတ်ဆိတ်. ."

"ဟင်!. . နဂါးမှာ မုတ်ဆိတ်ပေါက်လို့လား"

"ဟော. . ပါးမြိုင်းမွှေးတောင် ရှိသေး"

"ဩော်. . ဩော်. . အစ်ကို့နဂါးက နည်းနည်းအသက်ကြီးနေပြီထင်တယ်"

"ဟမ်. . မင်းက ဘာကြည့်ပြောတာလဲ"

"ဆံပင်ဖြူတွေ ထွက်နေပြီလားလို့ မုတ်ဆိတ်တောင် နည်းနည်းဖြူနေတယ်"

"ဟကောင်ရ. . အဲ့ဒါ အလင်းဖွင့်တာ. ."

"ဩော. . သိပြီ၊ ဟိုက်လိုက် ဖောက်တယ်ဆိုတာ. ."

"အေး. . ဟုတ်တယ်"

ကိုခင်မောင် စိတ်မရှည်သလို ခတ်ဆောင့်ဆောင့် ပြန်ဖြေပြီး စုတ်တံနဲ့ ဟိုတို့ဒီတို့ ဆက်လုပ်နေလေသည်။

"မင်းတို့ပန်းချီကဏ္ဍ ပြီးပြီလားကွ. .'

"ဟာ. . ကိုအောင်တင့်. . ရ. . ရခဲ့လားဗျ. ."

"သိပ်ရတာပေါ့ကွာ. . ကျောက်လောကမှာ အောင်တင့်ဆိုတာ နာမည်တစ်လုံးနဲ့ နေခဲ့တာပါ. .၊ ငါ့ဘဝမှာ တစ်ခါပဲ ကျောက်ရှုံးဖူးတာ. . အိမ်ပါပြုတ်သွားလို့ စာရေးဝင်လုပ်တာ၊ ရော့. . မင်းမှာတဲ့ ကျောက်နီ. ."

ရေချမ်းယူကြည့်ပြီး. .

"ဟား. . မိုက်တယ် ရဲခံနေတာပဲ"

"ဒါတောင် ဆေးမဆိုးရသေးလို့"

"ဗျာ!. ."





"ဩော်. . ဆေးသားမတင်ရသေးလို့ လို့ပြောတာ တစ်လုံးတစ်သောင်းပေးရတယ်၊ ရော့. . ပိုတဲ့ပိုက်ဆံ"

"ဟုတ်. . ဟုတ်ကဲ့"

သို့နှင့် ကိုအောင်တင့်က ကိုခင်မောင်ဘေးဝင်ထိုင်ကာ. .

"ဟ. . ခင်မောင်ရ မင်းအရောင်တွေက ကြောင်မနေဘူးလား"

"ဟုတ်ကဲ့. . ဘယ်လိုလုပ်ပေးရမလဲ"

"ဒီနားမှာ အဝါလေး ထပ်ဖောက်လိုက်. ."

"ဟုတ်. . နောက်ပြီးတော့ရော"

"အင်း. . ဒီအမျှင်လေးတွေက အနီဖျော့လေးတွေဖြစ်မယ့်အစား အဖြူဖျော့လိုက်ကွာ. ."

"အိုချေ. . ရပြီ"

"ဟာ!. . ခင်မောင်. ."

"ဗျာ!. ."

"မင်းနဂါးက အစွယ်တွေ သွားတွေလည်း မပါပါ့လား"

"ပါပါသော်ကောဗျာ. . နဂါးက မာန်ထည့်ပြီး အံကြိတ်ထားတော့ သွားတွေက နှုတ်ခမ်းမွှေးတွေ မုတ်ဆိတ်တွေနဲ့ ဖုံးနေတာလေ"

"ကောင်းကွာ မာန်သိပ်မထည့်နဲ့ ပါးစပ်ကလေး နည်းနည်းပြန်ဟပြီး သွားတွေဖော်စမ်း. ."

"ဟုတ်. ."

ကိုခင်မောင်လည်း ကိုအောင်တင့်ပြောသမျှ စိတ်ရှည်လက်ရှည်လုပ်ပေးသည်။ သဘော်ဆေးလည်းဖြစ်၍ မခြောက်သေးဘဲ



www.burmeseclassic.com

www.burmeseclassic.com



အထပ်ထပ်အခါခါ ထပ်တင်ထပ်တို့ လုပ်ရ၍ တစ်ချို့နေရာများ၌ ဆေးများအိကာ ပျော်ကျလာခဲ့သည်။

"ဟာ!. . ကိုခင်မောင်. ."

"ဘာလဲ"

"အစ်ကို့နဂါးကြီး ငိုနေပြီဗျ"

"ဟမ်!. ."

"ဟိုမှာလေဗျာ မျက်လုံးနေရာက မျက်ရည်တွေ စီးကျနေတာ"

"အဲ့ဒါ ဆေးအိတာကွ ချီးပဲ. ."

"ဟာဗျာ. . ကျွန်တော်က မသိလို့ပါ. ."

ကိုခင်မောင် သိပ်စိတ်မရှည်ချင်တော့ဟန်နှင့်. .

"ကဲ. . ကိုအောင်တင့် ပြီးပြီလား ဘာကျန်သေးလဲ"

"ကျန်တယ်ကွ အမောက်အမျှင်တွေက နည်းလွန်းတယ်"

ကိုခင်မောင် ခတ်သွက်သွက်ပင်ရေးကာ ဖြည့်လိုက်သည်။

"ပြီးပြီလား"

"မပြီးသေးဘူး.မျက်ရစ်. . မျက်ရစ်က အနက်ဖြစ်ရမယ်ကွ ဒါမှ ကျောက်နီတပ်လိုက်ရင် အိုခေမှာ"

ကိုခင်မောင် ရေးပြန်သည်။

"ပြီးပြီလား"

"ကျောက်နီကပ်လိုက်. ."

ရေချမ်း ရှေ့တိုးဝင်လာပြီး သူ့လက်ထဲက ကျောက်နီအား မျက်နှာပြင်တစ်ဖက်ကို ဆူပါဂလူးညှစ်ထည့်၍ မျက်လုံးနေရာမှာ ကပ်လိုက်သည်။ အောက်ခံဆေးက မခြောက်၍ ကျောက်အလေး





ချိန်နှင့် အောက်သို့အိကျလာပါသည်။ ဒါကို ရေချမ်း ပြန်တင်မယ် လုပ်၍ ကိုအောင်တင့်က. . .

"ဟ. . ဟ. . သွားမခွာနဲ့ကွ၊ ဆူပါဂလူးက ခွာပြီးပြန်ကပ်လို့ မကောင်းတော့ဘူး. .၊ ခင်မောင် မျက်လုံးနေရာကို ကျောက်ရှိတဲ့နေရာမှာ လိုက်ဝိုင်းပြီး ပြင်ပေးလိုက်. ."

"ဟုတ်"

"အေး. . အေး. . ဒါပဲပေါ့ကွ၊ ဟုတ်ပြီ. . ဒါဆို. . မျက်လုံးနည်းနည်း နိမ့်သွားတဲ့အတွက် နဂါးရဲ့နဖူးကို အောက်နည်းနည်း လိုက်ချပေးရမယ် ခင်မောင်ရေ"

"ဗျာ!. ."

"နဂါးရဲ့နဖူးကို အောက်ချကွာ. ."

ယွန်းဝတီလာကြည့်သော်လည်း ကြားနေရသော စကားသံတွေကြောင့် ရယ်ချစ်စိတ်ကို အောင့်မြိုထားရသည်။ ဒေါ်ချိုတို့ စာရေးမ အုပ်စုကတော့ ဝိုင်းအုံကြည့်ကာ တစ်ယောက်တစ်ပေါက် မှတ်ချက်ပေးကြလေသည်။

"ကာလနဂါးဆိုတာ အဲ့ဒါပေါ့ဟဲ့. ."

"ဟုတ်လား အံတီချို မြင်ဘူးလား. ."

"မမြင်ဘူးပေမဲ့ ကြည့်လိုက်ရင် သိနေတာပဲဟာ၊ ကာလနဂါးဆိုတော့ အိပ်ပုပ်ပြီးတယ်လေ. . ဟိုမှာ မမြင်ဘူးလား ပါးစောင်မှာ အာပုပ်ရည်တွေ စီးကျနေတာ"

"မဖြစ်နိုင်ဘူး အံတီချို. . ညာဘက်ပါးစောင်က နည်းနည်း ဖောင်းနေတယ်ဆိုတော့ သွားဖုံးယောင်ပြီး သွားကိုက်လို့ သွားရည် ကျနေတာပဲဖြစ်ရမယ်. ."



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒန္တသုခ နည်းနည်းခွဲ့လိုက်ရင်ကော"

"ပိတောက်ခေါက်ပြုတ်ပြီး ငုံရင်လည်းရတာလဲ"

ထိုအခိုက်မှာပင် နဂါးမျက်လုံးကျောက်နီက အောက်ကိုထပ်ပြီးအိကျပြန်သဖြင့် မျက်လုံးနေရာနှင့် လွဲနေ၍. .

"ဟဲ့. . ဟဲ့. . နဂါးမျက်စောင်းထိုးတာ အောက်တည့်တည့်ဟဲ့. . မြင်လား၊ အမလေး. . ကြောက်စရာကြီး မျက်လုံးပါထွက်ကျအောင် ထိုးတာတော့. ."

"ခင်မောင်ရေ မျက်လုံးနေရာ အသစ်ထပ်ဝိုင်းပြီး နှဖူးပါအောက်ဆွဲချစမ်း"

"ဆရာသမား ကြည့်လည်းလုပ်ဦးဗျ၊ နဖူးက ချရင်းချရင်းပါးစပ်ထဲရောက်တော့မယ်"

"အသာနေစမ်းပါ ရေချမ်းရာ၊ ခင်မောင် ငါပြောသလိုလုပ်"

"ဟုတ်. ."

"ရေချမ်း အလိုမကျဖြစ်ဟန်နှင့် နည်းနည်းခွာကာ ကြည့်ပြီး"

"ဆရာ့နဂါးက ဖားပြုတ်ပုံပေါက်နေပြီဗျ. ."

"ဆရာ ပြီးပြီလား ဘာလိုသေးလဲ. ."

"နှုတ်ခမ်းမွှေး ကျဲလွန်းတယ်. ."

"ဟုတ်. . ရပြီ၊ ပြီးပြီလား"

"ပြီးပြီ"

"ပြီးရင်. . . ချောင်းထဲသာ မျှောလိုက်တော့ဗျာ"

"အဲ့ဒါဆို နဂါးက ရေးကူးမှာလားဟင်. ."

"ကဲ. . တော်ပြီတော်ပြီ. . ရေချမ်း. ."

"ဗျာ. ."





"သွား. . မင်း GM ရုံးခန်းမှာ ခန့်ခန့်ကြီး သွားချိပ်ထားလိုက်တော့. ."

"ဟုတ်. ."



www.burmeseclassic.com

www.burmeseclassic.com








# အခန်း (၁၂)

ပယုံကြည်နိုင်စွာ ကြားလိုက်ရသောစကားကြောင့် နေညိုညို အံ့အားသင့်လျှက်ရှိနေသည်။ ရှယ်ယာရှင် အစည်းအဝေးခန်းထဲမှာတုန်းက ဒါရိုက်တာကြီး၏ အဖွင့်အမှာစကားထဲမှာ ကုမ္ပဏီ ရှယ်ယာနှင့်ပတ်သက်၍. . ပိုင်ဆိုင်မှုတစ်ချို့ အပြောင်းအလဲရှိနေကြောင်း၊ ယခုတစ်ပတ်အတွင်းမှာပင် တရားဝင် ပိုင်ဆိုင်မှုများ စစ်တမ်းကောက်၍ အတိအလင်းကြေညာကာ လာမည့်စတုတ္ထပတ် အစည်းအဝေးတွင် EC အဖွဲ့အတွင်း ရာထူးနေရာများ အပြောင်း



www.burmeseclassic.com

www.burmeseclassic.com



အလဲရှိနိုင်ကြောင်း ပြောတုန်းက သူမစိတ်ထဲ တုန်လှုပ်မှု အံ့ဩမှုတို့ အလျှင်းမရှိခဲ့။ ရှယ်ယာအတိုးအလျှော့ အဝင်အထွက်နှင့် EC အဖွဲ့ အပြောင်းအလဲက နှစ်စဉ်ဖြစ်ပေါ်နေကျ လုပ်ငန်းရပ်တစ်ခုလည်း ဖြစ်သည်။ တစ်ခုတော့ပြောနိုင်ပါသည်။ ဒီနှစ်အတွင်း ပုံမှန်ထက် စောစီးစွာ အပြောင်းအလဲများ ရှိနေခြင်းဖြစ်သည်။

ထို့ပြင်. .

"နေညိုညိုကို အန်ကယ်အကူအညီတောင်းတာပါ။ အခု တိတ္ထကလည်း အန်ကယ်တို့ကုမ္ပဏီ ခုလောက် အခြေအနေမကောင်း ခင် ဒေဝါလီခံရဆဲဆဲအခြေအနေမှာ တစ်ဦးတည်း ကျောထောက် နောက်ခံပြုပြီး ဘယ်လိုအကျိုးအမြတ်မှ မမျှော်လင့်ဘဲ မိတ်ဆွေဖြစ် အကူအညီပေးခဲ့တဲ့ ကျေးဇူးက ရှိနေတော့ ခုချိန်မှာငြင်းဖို့ အရမ်း ခက်ခဲသွားတယ်ကွာ၊ ဒါကလည်း အန်ကယ်နဲ့ နေညိုညိုနှစ်ယောက် မျှပြီးခွဲပေးလိုက်ရင် ပြဿနာက ပြေလည်နေတာပါ. .၊

တစ်ခုပြောချင်တာက အခုခွဲရောင်းပေးလိုက်တဲ့ ရှယ်ယာ ရဲ့ ငွေပမာဏဟာ မစ္စတာလီနဲ့ အသစ်ဖန်တီးမြုပ်နှံမယ့် ပရော့ဂျက် မှာ အဆင်သင့်ဖြစ်သွားမှာပဲလေ၊ ဒါကြောင့် အမြတ်အစွန်းမထွက် ရင်တောင် ပိုကောင်းတဲ့ ရင်းနှီးမြုပ်နှံမှုတစ်ခု ဖန်တီးနိုင်တဲ့ အခြေ အနေပါကွယ်"

သူမ ဒီထက်ပိုပြီး ငြင်းခွင့်မရှိတော့တာ သေချာသည်။ ပြီး တော့ မိဘလိုဆက်ဆံစောင့်ရှောက်ခဲ့သော ဒါရိုက်တာကြီး၏ ကျေး ဇူးနှင့် အကြောင်းအကျိုးညီညွတ်သော စကားကြောင့် ခေါင်းညိတ် လိုက်ရလေတော့၏။

"ကျွန်မ ပြန်လို့ရပြီလား ဆရာ. ."





"ကောင်းပြီ. . မနက်ဖြန်တော့ အန်ကယ်အဲ့ဒီမှာ ရုံးတက် မယ်"

"ဟုတ်ကဲ့ပါ. ."

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**နေ** ညိုညို စိတ်မောလူမောနှင့် ရုံးသို့ပြန်ရောက်လာပြီး အခန်းထဲဝင်လိုက်သည်နှင့် အခန်းနံရံက ဆန်ကောကိုမြင်ကာ. .

"ဗုဒ္ဓေါ မြတ်စွာဘုရား!. . ၊ ဟဲ့!. . သီတာ. ."

"ရှင်. . မမ"

"ဒါ. . ဒါက ဘာကြီးလဲ. ."

"ကိုရေချမ်းလာပို့ထားတဲ့ နဂါးဆန်ကောလေ. ."

"တောက်!. . ငါ့ကို အမျိုးမျိုးဒုက္ခပေးတဲ့အကောင်"

ထိုနောက် နေညိုညိုအခန်းထဲ ပြေးဝင်သွားကာ နံရံမှဆန်ကောကို ဖြုတ်ချပြီး အနောက်ဖက်ပြတင်းပေါက်မှ လွှင့်ပစ်လိုက်တော့၏။

"ဟာ. . ငါတော့သေချင်တာပဲ၊ ခေါ်စမ်း အဲ့ဒီကောင်"

"ဟုတ်. ."





ထမင်းစားဆင်းချိန်ဖြစ်၍. . ရေချမ်းတို့ ကင်(န်)တင်းထဲ ရောက်နေလျှက်ရှိကာ ကိုအောင်တင့်က နဂါးဇိုကာ ဖွင့်ပြလျက်ရှိလေသည်။

"အမှန်တော့ ပန်းချီရေးတာဖြစ်ဖြစ်. . စာရေးတာပဲဖြစ်ဖြစ် အာရုံခံစားမှုကို ဦးစားပေးခြင်းဟာ အနုပညာပဲကွ၊ ဒါကို ဝိတိုရိယခေတ်က 'ရိုမန့်ထစ်' လို့ခေါ်တယ်၊ မူလပုံသဏ္ဍာန်အစစ်နဲ့ မတူတူအောင် ကြိုးစားရင် အနုပညာမဟုတ်ဘဲ ပုံတူကူးတာလို့ ပလေတိုက ဆိုတယ်. . ၊ အဲ့ဒီတော့ကွာ ငါတို့အခုရေးဆွဲပေးလိုက်တဲ့ နဂါးပုံကို ခံစားကြည့်လိုက်. . ဒါဘာကောင်လဲမေးရင် နဂါးလို့သာဖြေ ဘယ်သူမှ မငြင်းနိုင်ဘူး၊ ဒါပေမယ့် နဂါးအစစ်နဲ့လည်း မတူပြန်ဘူး အဲ့ဒါ အနုပညာကွ မှတ်ထား. ."

"လောလောဆယ် ဆရာ့အနုပညာကြီးကတော့ နောက်ဖေးလမ်းကြားထဲ ရောက်သွားပြီရှင့်"

"ဟေ!. ."

အားလုံးလှည့်ကြည့်လိုက်တော့ သီတာ. .

"ကိုရေချမ်းကို ခေါ်ခိုင်းလိုက်တယ်. . မမ အကြီးအကျယ် ပေါက်ကွဲနေပြီ. ."

"ဟော့. . ဟဲ့ မယ်သီတာ. . နေ. . နေဦးလေ. ."

"ဘာလဲ"

"ဘယ်လိုကနေဘယ်လိုတွေ ဖြစ်ကုန်တယ်ဆိုတာ ငါ့ကိုလည်း ပြောဦးလေဟာ"

"ဟာ. . ဘာပြောစရာရှိလဲ၊ ကျွဲလူးအိုင်ထဲ အမှိုက်သွန်ထားတဲ့ဟာကြီး လာချိပ်ထားတာ ကျွန်မသာဆို မီးတောင်ရှို့စဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . အဲ့ဒါ ရိုမန်တစ်တွေ ပလေတိုတွေနဲ့ လုပ်ထားရတဲ့ အနုပညာပစ္စည်းဟ. . ငါ့နှယ်. ."

ရေချမ်းလည်း ကိုအောင်တင့်လေသံနှင့် ခတ်တည်တည် ချေပလိုက်ရသော်လည်း သူဘာတစ်ခုမှ နားမလည်။ အဲ့ဒါထက် အမေ့ အမြတ်တနိုးဆန်ကောလေး လမ်းကြားထဲရောက်သွားပြီဆိုသောအသိက ခေါင်းထဲဝင်လာသဖြင့်. .

"နင်သွားနှင့် ငါလိုက်လာခဲ့မယ်. ."

ပြောပြီးလှမ်းကြည့်လိုက်တော့ ရုံးအနောက်ဖက်ထွက်သည့် တံခါးပေါက်ပွင့်နေသဖြင့် ထိုတံခါးပေါက်ဆီ ဒရောသောပါး ပြေးထွက်လာခဲ့သည်။

သူတံခါးပေါက်သို့အရောက် သန့်ရှင်းရေး ဦးလေးကြီး ဆန်ကောနှစ်ချပ်ကိုင်ကာ ဝင်လာသဖြင့်. . ရေချမ်း မျက်လုံးပြူးကြီးတွေနှင့်. . .

"ဒါ. . ဒါဘယ်ကရတာလဲ ဦးလေး"

"ဟေ. . ငါ ရုံးနောက်ခြံစည်းရိုးက ချုံတွေသွားရှင်းရင်း ဒီတစ်ချပ်ကိုတွေ့တာ၊ ဒီမည်းမည်းကြီးက စောစောကမှ အပေါ်ကနေ လွှင့်ကျလာတာ. ."

"အား. . ကျေးဇူးပါပဲဗျာ၊ ဒီဆန်ကောက မန်နေဂျာမမ ပျောက်နေလို့ ခေါင်းမီးတောက်နေတဲ့ဆန်ကော. . ဒါက ကျွန်တော့် ဆန်ကော. ."

"အံမာ. . ဒီလိုပြောလို့ရမလားကွ ငါကောက်ရတာပဲ"

ရေချမ်း ခေါင်းကုတ်ပြီး. .

"အေး. . အေးဗျာ၊ ဦးလေးကောက်ရတာကို လက်ခံတယ်၊





ကျွန်တော်ပြန်ဝယ်မယ်"

"မရောင်းပါဘူးကွာ ဒီလောက်လှတာ၊ အဲ. . ဒါ. . ဒါကြီးတော့ မင်းအလကားယူသွား ခွေးချေးပုံ တုတ်နဲ့မွှေထားတာ ကျနေတာပဲ"

"ဟာဗျာ. . အဲ့ဒါ စပါယ်ရှယ်အနုပညာလက်ရာဗျ၊ ခင်ဗျားမရောင်းဘူးလား"

"မရောင်းဘူး"

"အိုခေ. . မန်နေဂျာက သူ့ဆန်ကောပျောက်မှုနဲ့ တိုင်ချက်ဖွင့်ရင် ခင်ဗျားတော့ ဂစ်ပြီ"

"ဟော့. . ဟော့. ."

"ဘာတုန်းဗျ. ."

"မင်း. . ဝယ်. . ဝယ်မလို့ဆို"

"ဘယ်လောက်လဲ"

"ဟဲဟဲဟဲ. . နေ့တွက်လေး ကိုက်ရင်ပေါ့. . ဟဲဟဲဟဲ"

ရေချမ်းလည်း ကိုအောင်တင့်ပြန်ပေးထားသော ပိုက်ဆံထဲက ငွေတစ်သောင်းပေးပြီး ပြန်ယူလာခဲ့ရတော့သည်။

အပေါ်သို့တက်လာခဲ့ပြီး GM ရုံးခန်းထဲဝင်လိုက်သည်နှင့်. .

"မင်း ဘာလုပ်တာလဲ ရေချမ်း"

"ဗျာ!. ."

"ငါ့ဘဝမှာ မင်းလိုဒူကောင်မျိုးကို မြင်ဖူးတာ ဒါပထမဆုံးပဲ. . သိလား. ."

ရေချမ်းဘာမှပြန်မပြောဘဲ သူ့လက်ထဲက ဆန်ကောကို ယူ



www.burmeseclassic.com

www.burmeseclassic.com



လာပြီး နေညိုညို၏ နောက်ကျောဖက်နံရံမှာ ချိတ်ဆွဲပေးလိုက်သည်။

နေညိုညို လှည့်ကြည့်ကာ အံ့အားသင့်နေပြီးမှ. .

"ဟင်. . ဒါ. . ဒါ. . ပြန်တွေ့တာလား. ."

"ဟုတ်ကဲ့. . ကျွန်တော့်လို ငဒူကောင်မျိုးက တစ်ခါတလေမှာ အဲ့သလို အဆင်ပြေအောင်လည်း လုပ်ပေးနိုင်ပါတယ်၊ နောက်တစ်ခုက ဒီခေတ်မှာ ရိုးသားခြင်းကို မက်မောတာ ကျွန်တော်တို့လို ငဒူတွေပဲရှိပါတယ်၊ မမ အဆင်ပြေပြီဆိုတော့ ကျွန်တော့်ကို ခွင့်ပြုပါ. .၊ ဪ. . ဒါက ဒီဆန်ကောကိုပြုပြင်ပြီး ပိုလျှံတဲ့ငွေပါ"

ရေချမ်း အခန်းထဲကထွက်သွားတဲ့အချိန်ထိ နေညိုညို ဘာမှမပြောနိုင်ဘဲ ကျန်ခဲ့သည်။ ထိုနောက် လှလှပပ ချိတ်ဆွဲထားသော ပတ္တမြားမျက်လုံးနှင့် နဂါးခေါင်းပုံဆန်ကောကြီးကို လှည့်ကြည့်ပြီး။

ဟုတ်တာပေါ့ ပတ္တမြားတစ်လုံးတင် သိန်းနှစ်ဆယ်လောက်တန်တာ. . ပျောက်သွားပြီဆိုပြီး ငါ့စိတ်ထဲမှာတောင် မရှိတော့တဲ့ ပစ္စည်းပဲ၊ ဒီခေတ်ထဲ ရိုးသားခြင်းကို မက်မောတာ ငဒူတွေပဲရှိတယ်တဲ့. . .။

ဒီကောင်လေး အဲ့သလိုအသိမျိုးလည်း ရှိလျက်နဲ့ ဘာလို့များ. .၊ အင်းလေ သူပြောသလို ရိုးသားခြင်းကို မက်မောတာပဲပေါ့၊ အေးပါ ရေချမ်းရယ်. . ငါမင်းကို အသိအမှတ်ပြုပါတယ်။

ရုံးနောက်ဘက်မှာ ရေချမ်းတစ်ယောက်တည်း သူ့ဆန်ကောကို ခါတ်ဆီနှင့်လောင်းကာ ဆေးကြောနေတုန်း ယွန်းဝတီ ရောက်လာပါသည်။

"ဘာတဲ့လဲ၊ ရှင့်မမက အသစ်ပြန်ရေးပေးရမယ်တဲ့လား"





"သူ အဆင်ပြေသွားပြီ"

"ဘာရယ်. ."

"ပျောက်နေတဲ့ သူ့ပတ္တမြားဆန်ကော ပြန်တွေ့သွားပြီလေ၊ အဲ့ဒါချိတ်ပေးထားခဲ့လို့ ကျွန်တော့်ဆန်ကောကို ပြန်ယူလာခဲ့တာ"

ယွန်းဝတီ ပုခုံးတွန့်ပြုံးလိုက်ပြီး. .

"ရှင်က တစ်ကယ်သစ္စာရှိပဲနော်. ."

"ဗျာ!. ."

"ပွင့်ပွင့်လင်းလင်း ပြောရရင် သူ့အဆင်မပြေအောင် ကျွန်မအမျိုးမျိုး ပညာပေးနေတာ ရှင်လည်းသိသားပဲ၊ အဲ့ဒါတောင် ရှင်က သူ့ဘက်ကလား"

"အာ. . အဲ့သလိုလည်းမဟုတ်ပါဘူးဗျာ. .၊ ဒီအတိုင်းပဲ အားလုံးအဆင်ပြေချင်တာပါ"

"ကောင်းပါတယ်. . ရှင့်ရဲ့ ဖြူစင်တဲ့စိတ်ကိုတော့ လေးစားပါတယ်၊ တစ်ခုတော့ မေးချင်တယ်"

"ဟုတ်ကဲ့"

"အကယ်၍များပေါ့ ရှင့်မမရာထူးနဲ့အဆင့်နေရာမှာ ရှင့်မမ မဟုတ်ဘဲ ကျွန်မဆိုရင်ရော ဒီလိုပဲ သစ္စာရှိမှာပဲလား"

ရေချမ်း လုပ်လက်စချ၍ ထရပ်လိုက်ပြီးမှ. .

"ကျွန်တော်က ရိုးတယ်အတယ်ဆိုပေမယ့် သစ္စာတရားရဲ့ သိမ်မွေ့မှုကိုတော့ သိတယ်. . ယွန်းဝတီ၊ အခုလည်း နေညိုညိုကို ဆက်ဆံရခက်ပေမယ့် ကျွန်တော်တွေ့ရသလောက် သူ့မှာ ကောက်ကျစ်စဉ်းလဲတာမျိုး မရှိဘူး၊ စိတ်ဆတ်ပြီး ဆက်ဆံတာ. . အဲ့ဒါပါ၊ သူ့နေရာမှာ ယွန်းဝတီဆိုလည်း ဒီလိုပဲလေ. . ဘာပဲပြောပြော ယွန်း



www.burmeseclassic.com

www.burmeseclassic.com



ဝတီသာဆို ကျွန်တော်အတော်စိတ်ချမ်းသာမှာပါ. . ”

“ဘာကြောင့်လဲ. . ”

“အာ. . ယွန်းဝတီက တည်ငြိမ်အေးဆေးတယ်လေဗျာ. . ၊ မဆူမငေါက်ဘူးဆိုတော့ အဆင်ပြေတာပေါ့”

“ဒါတော့ အာမ,မခံဘူး လူကြီးဆိုတာ မဆူမငေါက်တတ်လို့ မဖြစ်ဘူး၊ အနည်းဆုံး စိတ်ထဲကမပါတောင် လူရှိသေရှင်ရှိသေလေး ငေါက်ရမှာပဲ. . ”

“ဗျာ!. . ”

ယွန်းဝတီ ပြုံးကာ လှည့်ပြန်လာခဲ့သည်။ ယောကျ်ားထဲမှာတော့ တစ်ကယ့်ကို ထူးခြားဖြူစင်တဲ့သူဆိုတာ သူမ စိတ်ထဲက မှတ်ချက်ပေးနေမိလေသည်။





# အခန်း (၁၃)



ဒါရိုက်တာရုံးတွင် ကုမ္ပဏီ၏ အထူးအစည်းအဝေးရှိနေသဖြင့် ဌာနမှူးများအားလုံးလိုလို တက်ရောက်ရသောကြောင့်. . ဝန်ထမ်းများ လွတ်လပ်ပေ့ါပါးစွာ ရှိနေကြပါသည်။ အလုပ်ရှိနေသူများ အလုပ်လုပ်နေကြသကဲ့သို့ လုပ်ငန်းတာဝန် ပေ့ါပါးနေသူများ တင်(န်)တင်းထွက်ထိုင်ကာ လေကန်နေကြသည်။

“ဒီနေ့ ယွန်းဝတီ ရုံးမတက်ပါလား”

“မတက်လည်း မျက်စိနောက် သက်သာတယ် ရေချမ်းရော



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေမာန်တက်လို့ တက်နေမှန်းမသိတာ အာရုံစားမနေနဲ့"

"ဩော်. . ကိုယ့်ဌာနကဝန်ထမ်းဆိုတော့လည်း သာရေးနာရေးတော့ သတိထားသင့်တယ် မဟုတ်လား. . အဲ့ဒါပါ"

ထိုအခိုက်-မှတ်တမ်းစာရေးအဖြစ် လိုက်ပါသွားသော ဒေါ်ချိုတစ်ယောက် အူလျားဖားလျားနှင့် ကင်(န်)တင်းရောက်လာပြီး. .

"ဟဲ့. . အခွေသစ် နားထောင်ချင်ရင် ငါ့ကို လက်ဖက်ရည်တိုက်ကြ"

"ဒုက္ခပဲ. . ကင်(န်)တင်း လက်ဖက်ရည်တောင် ခွင်လေးနဲ့ သောက်ချင်နေသေးတယ်၊ ကဲ. . မှာပေးလိုက်ကွာ"

ထိုနောက် ရေချမ်း သွက်လက်စွာထသွားကာ ကောင်တာမှ လက်ဖက်ရည်တစ်ခွက် ယူလာပေးလိုက်သည်။

"ကဲ. . သောက်တော်မူပါဗျာ၊ ပြီးရင်. . ဘာခွေလဲဆိုတာ ပြဦး"

"ပြမှာမဟုတ်ဘူး. . ပြောမှာ. . ပြောမှာ"

"အင်း. . ပြော. ."

"ဒီနေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီရဲ့ ဒုတိယ ရှယ်ယာအများဆုံး ပိုင်ရှင်ဖြစ်တဲ့ ယွန်းဝတီက GM ရာထူး ရယူလိုက်ပြီ. ."

"ဟမ်!!. ."

"နေညိုညိုကရော"

"ထွက်စာတင်သွားပြီ. ."

"ဟောဗျာ!. ."

"ကျန်သေးတယ် ယွန်းဝတီရဲ့ တွဲဘက်စာရေးကြီးက ဘယ်သူဖြစ်မလဲ. . သိလား. ."





"ဘယ်သူလဲ. ."

"ရေချမ်း"

"ဟာ!. ."

"ဘယ်လိုဖြစ်လို့ မိုးကြိုးတွေ ပြောင်းပြန်ပစ်ကုန်တာလဲဗျာ"

"သိနိုင်မလားဟဲ့၊ အဲ့ဒါကြောင့် ဟိုဟာမလေးက အခြေကြီးအနေကြီးဖြစ်နေတာ"

"နေပါဦး ခင်ဗျားအခွေသစ်က ကုန်ပြီလား"

"ကျန်သေးတယ်. . . နေညိုညိုနဲ့အတူ ဉပဒေအကြံပေး ကျော်ဇေယျလည်း နုတ်ထွက်စာ တင်သွားတယ်"

"ဩော်. . သူတို့က. ."

"ဟုတ်တယ် ငါပြောပါတယ် သူတို့က တွဲနေပါပြီဆို. ."

"ဒါဆို နေညိုညိုရဲ့ ရှယ်ယာတွေကရော. ."

"ဒီအတိုင်း ကုမ္ပဏီရှယ်ယာရှင်အဖြစ်နဲ့ပဲထားမှာ ကျန်တာတော့မသိဘူး. ."

"ပြီးပြီလား. . ခင်ဗျား အခွေသစ်"

ဒေါ်ချို ပြန်မဖြေဘဲ ငူငူကြီးဖြစ်နေတဲ့ ရေချမ်းကို မေးငေါ့ပြပြီး လက်ဖက်ရည်ငုံ့သောက်သည်။ ကိုခင်မောင်က ရေချမ်းကို တံတောင်နှင့် တွက်၍. .

"မင်းက ဘာဖြစ်နေတာလဲ. ."

"ဗျာ!. . ဩော် စဉ်းစားနေတာပါ၊ လောကမှာ ဘယ်အရာမှ အမြဲမရှိဘူးဆိုတာ သေချာနေတော့ အနိစ္စလောကလို့ပဲ ပြောရမလား"



www.burmeseclassic.com

www.burmeseclassic.com



"မလေးကွာ. . ဘုန်းကြီးလူထွက်နဲ့မှ လာတိုးနေပြီ မနက်ဖြန် ဆရာအသစ်ရောက်တော့မှာ၊ မင်းကိုယ်မင်း တပည့်အသစ်ဖြစ်အောင်သာ လုပ်ထား. ."

"အဲ့ဒါကမလိုအပ်ပါဘူး ကိုခင်မောင်ရာ၊ ဆရာတွေ ဘယ်လောက်ပြောင်းပြောင်း ကိုယ့်ကိုယ်ကိုယ် တပည့်ကျင့်ဝတ်နဲ့ နေတတ်တဲ့ တပည့်ကောင်းတစ်ယောက်ဖြစ်နေဖို့ပဲ လိုတာပါ. .၊ အာဘော်ချင်းတော့ နည်းနည်းကွာမှာပေါ့၊ ကဲ. . ကျွန်တော့်အလုပ်ကလေး ရှိလို့ ပြန်နှင့်ပြီ. ."

ရေချမ်း ထွက်သွားမှ ဒေါ်ချိုက. .

"သူ့ကိုလည်း လျှော့တွက်လို့မရဘူး ခင်မောင်ရဲ့"

"ဗျာ. . ဘာကြောင့်လဲ"

"ဒါရိုက်တာကြီးက GM စာရေးရာထူးကို By name နဲ့ ပို့လိုက်တာ"

"ယွန်းဝတီခေါ်တာ မဟုတ်ဘူးလား"

"ဒီငတုံးကို ဘယ်ကြောင်က ခေါ်မှာလဲ. ."

"ဒါရိုက်တာကြီး ခေါ်တယ်လေ. ."

"ဒါ. . ဒါ. . ဟာ. . မသိတော့ဘူး. ."

၅ ၅ ၅ ၅





"ဂုဏ်ယူပါတယ် ညီမလေး. ."

တိတ်ဆိတ်နေသော ရုံးခန်းလေးထဲ နေညိုညို၏ စကားသံနှင့် လှုပ်ခါလိုက်သကဲ့သို့ မယ်သီတာနှင့် လုပ်ငန်းတာဝန် လွှဲပြောင်းယူနေသော ရေချမ်းပါ လှည့်ကြည့်မိသွားသည်။

နေညိုညိုက လှပသောအပြုံးနှင့် ဂုဏ်ပြုနှုတ်ဆက်ဖို့ လက်ကမ်းပေးသော်လည်း. . ယွန်းဝတီက မလှုပ်မယှက် ထူးဆန်းသလို ရပ်ကြည့်နေလျှက်နှင့်. .။

"ကျွန်မ အဲ့ဒီစိတ်ကိုပဲ လက်ခံလိုက်ပါ့မယ်၊ ဒေါ်နေညိုညိုရဲ့လက်ကို တစ်ရင်းတစ်နှီး ဆွဲယူဆုပ်ကိုင်ဖို့ ကျွန်မမေမေ့ကို အားနာရမယ်လေ. ."

ယွန်းဝတီအား နေညိုညို သတိလက်လွတ် ငေးမိကြည့်သွားသည်။ ယွန်းဝတီ အတွင်းဘက်လျှောက်ဝင်လာပြီး GM စားပွဲတွင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်ပြီးမှ. . .

"ရုတ်တရက် ဒီနေရာကို ကျွန်မ ဝင်ထိုင်လိုက်တော့ ရှင့်စိတ်ထဲ ကသိကအောင့်တော့ ဖြစ်မှာပေါ့နော်. ."

နေညိုညို အံ့အားသင့်နေရာမှ သတိဝင်လာသလို ခနိုးခနဲ့ပြုံးကာ လှည့်ကြည့်သည်။

ထို့နောက်. .

"ငါ့ရာထူးကို မင်းလုယူလိုက်လို့ ငါသိပ်ဝမ်းနည်းနေမယ်လို့မင်းထင်ရင်တော့ မှားတာပဲ ယွန်းဝတီ၊ ငါ့ဘဝအတွက် ငါ ဒီလောက်ဦးကျောက်မစားလဲ အေးအေးချမ်းချမ်း နေနိုင်ပါတယ်"

"အင်းလေ. . . ဖေဖေက ရှင့်အတွက် လုံလောက်အောင်ပေးထားပြီးသားပဲ"

"ဘာ!!. ."

"အဟင်ဟင်း. . ရေလုပ်ငန်းကုမ္ပဏီ ဒါရိုက်တာ ဦးဒေဝါကိုတော့ မေ့လို့မရဘူးမဟုတ်လား. . ရှင့်၊ ကျွန်မအတွက်တော့ မိခင်လည်းဆုံး ကိုယ်ကိုယ်တိုင် နှစ်နဲ့ချီပြီး စိတ်နဲ့လူနဲ့မကပ်တဲ့ သောကတွေနဲ့ ဆုံးရှုံးခဲ့ရတာဆိုတော့ ရှင့်ဆီက ဒီလောက်ကလေး ပြန်ရတာဟာ ကျေနပ်လောက်စရာ မဟုတ်ဘူးလေ၊ ဒါပေမယ့်လည်း အထိုင်တစ်ခု ရွှေ့ပေးလိုက်ရလို့ စိတ်ဖြေစရာလေးတော့ ဖြစ်ပါတယ်"

"မင်း. . မင်းက. ."

နေညိုညို ရှက်ရွံ့နာကျင်နေသောမျက်နှာနှင့် ယွန်းဝတီရှိရာ ခြေနှစ်လှမ်းလောက် ယောင်နနတိုးကပ်ကာသွားသည်။

ထိုနောက် အိပ်မက်ယောင်သလို အသံပြုလျှက်. .

"တစ်ကယ်ပဲ မင်းဖြစ်နေခဲ့တာကိုး. ."





"အံ့ဩသွားတယ်ပေါ့"

"ဟုတ်တယ် ပထမတော့ အံ့ဩတယ်၊ အခုတော့ ကျေနပ်တယ်. .၊ ပြီးတော့. . ဝမ်းသာတယ်"

ယွန်းဝတီ တစ်ချက်ငြိမ်သွားသည်။

"ငါ့လောဘကြောင့် မိန်းမနှစ်ယောက်ရဲ့ဘဝတွေ တစ်မျိုးစီဆုံးရှုံးခဲ့ရပြီဆိုတဲ့ နောင်တက အရမ်းနောက်ကျပြီး ငါ့ဆီရောက်လာတယ်. .၊ အဲ့ဒါကြောင့် ငါဒီအတိုင်းပဲ ထွက်လာခဲ့တာ. .၊ ဒီပိုင်ဆိုင်မှုတွေက ဦးဒေဝါက ငါ့ဆီပါလာတဲ့ သူ့ရင်သွေးအတွက်ပါ။ ဒါပေမယ့် ကံဆိုးတဲ့ကလေးက မီးတွင်းမှာပဲ ဆုံးခဲ့တယ်လေ. .၊

အခုလည်း ရှယ်ယာရောင်းရတဲ့ငွေကို ဒါရိုက်တာက ပရောဂျက်အသစ်မှာ မြှုပ်နှံဖို့ တွန်းအားပေးခဲ့ပါတယ်၊ ငါကတော့ မိဘမဲ့ကလေးတွေအတွက် လှူဖို့ဆုံးဖြတ်လိုက်တယ်. . အဲ့ဒါကြောင့် ငါဝမ်းနည်းနေလိမ့်မယ်လို့ မင်းထင်ရင် မှားမယ်လို့ ပြောတာပါ၊ ဘာပဲဖြစ်ဖြစ် ယွန်းဝတီကို ခုလိုဘဝနဲ့ ငါပြန်တွေ့ခွင့်ရတာကိုပဲ ကျေနပ်နေပါပြီ. . .

ငါကျူးလွန်ခဲ့တဲ့ အပြစ်တွေထဲက တစ်ခုကို. . ဖြေသိမ့်ခွင့်ရသွားပြီ. . အဲ့ဒါကြောင့် ဝမ်းသာတယ်၊ အိုခေ. . ဒီရာထူးနေရာဟာ မင်းရဲ့ ရင့်ကျက်ခိုင်မာတဲ့စိတ်နဲ့ အင်မတန်လိုက်ဖက်ပါတယ်. . တို့ဂုဏ်ယူပါတယ် ယွန်းဝတီ"

ထို့နောက် နေညိုညို အခန်းထဲက တစ်လှမ်းချင်းထွက်ခွာသွား၍ သီတာပါ လိုက်ပါသွားသဖြင့် ရေချမ်းနှင့် ယွန်းဝတီသာ တိတ်ဆိတ်ငြိမ်သက်စွာ ကျန်ရစ်ခဲ့ကြသည်။

ထိုအခိုက်မှာပင် ယွန်းဝတီ ငုန်းခနဲခုန်ထပြီး နံရံမှာ ချိပ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ထားသော ပတ္တမြားမျက်လုံးနှင့် နဂါးဆန်ကောအား ဖြုတ်ယူလွှင့်ပစ်သဖြင့် ရေချမ်း ပြန်လိုက်ကောက်ရသည်။

"အဲ့ဒီ ဆန်ကောကို ကျွန်မ မမြင်ချင်ဘူးနော်"

"ရတယ် ကျွန်တော့အမေသာ ဒါမျိုးရရင် ထခုန်ပြီး ဝမ်းသာမှာ"

"တောက်!. . ရှင်လည်း အရူးပဲ"

"ဟုတ်တယ် ရူးသင့်တယ် ယွန်းဝတီ၊ ဒီဆန်ကောက အမေ့ဘဝပဲ၊ အဲ့ဒီ ဆန်ကောနဲ့ ကျွန်တော့်ကို လူဖြစ်အောင် မွေးခဲ့တယ်၊ ပညာတတ်အောင်သင်ခဲ့တယ်. . ဘယ်လောက်ကျေးဇူးများခဲ့သလဲ၊ တစ်ကယ်ရူးသွားတာက မင်းပဲ"

"ဘာ!. ."

"မင်းထင်သလို နေညိုညိုက မင်းရဲ့ပြိုင်ဘက်ကောင်း မဟုတ်ခဲ့ဘူးလေ၊ သူ့ရဲ့ကျရှုံးမှုကို အရသာခံဖို့ မင်း ဒီနေ့ရောက်လာခဲ့တာပဲ မဟုတ်လား၊ ကဲ. . ဘယ်သူရှုံးခဲ့သလဲ. ."

"ရှင် ဆက်မပြောနဲ့တော့နော်"

"ကျွန်တော် တစ်ကယ်မထင်မိခဲ့တာပါ၊ မင်းလို တည်ငြိမ်သိမ်မွေ့တဲ့ မိန်းမတစ်ယောက်ဆီမှာ. . အဲ့သလောက် ချွန်ထက်တဲ့ အာဃာတတွေ ရှိလိမ့်မယ်လို့. ."

"အာဃာတ. . ဟုတ်လား၊ ကျွန်မဘဝတစ်ခုလုံး ရွှမ်းထိုးမှောက်ခုံ ဖြစ်ခဲ့တာကိုရော. ."

"ဒါက အတိတ်ကံပါ၊ အတိတ်က မင်းတင်ခဲ့တဲ့အကြွေးတို့ ပစ္စုပ္ပန်ဘဝမှာ ပြန်ဆပ်လိုက်ရတာလို့ မင်းတွေးရင် အာဃာတ ဆိုတာ ရှိပါ့မလား၊ လက်ရှိဘဝအတွက် နစ်နာခဲ့တယ်လို့ မင်းတွေး





မလား၊ မင်းက အရမ်းဉာဏ်ကောင်းတဲ့ မိန်းမပါကွာ. . လွယ်နေတာကို ခက်အောင်မလုပ်စမ်းပါနဲ့. ."

"ရှင်ပြောလို့ ပြီးပြီလား"

"ပြီးပြီ. ."

"ပြီးရင်. . ထွက်စာတင်ပါ"

ရေချမ်းငြိမ်သွားသည်။ စိတ်ထဲမှာ တစ်ကြိမ်တစ်ခါမှ မဖြစ်ဘူးသော ခံစားမှုတစ်မျိုးက သူ၏သွေးတို့ကို ပူနွေးစေပါသည်။

ထိုနောက် သူ့လက်ထဲမှ ဆန်ကောအား ပတ္တမြားနှစ်လုံး ဖြုတ်ချထားခဲ့ကာ အခန်းထဲမှ ထွက်လာခဲ့တော့၏. . .။





www.burmeseclassic.com

www.burmeseclassic.com








# ရှုံး

ဒီနေရာကိုရောက်လာဖို့ သူမ ဘယ်လောက်တောင် ပင်ပန်းခဲ့ရသလဲဆိုတာ တွေးတောင်မတွေးချင်၊ ဌာနမှူးဦးအောင်တင့်အကူအညီနှင့် တစ်လလောက် စုံစမ်းလိုက်ပြီးမှ လာရတော့လည်း ကားနှင့် တစ်နေ့ခရီး ပျော့ပျော့လို့ ဆိုရမလား။ အိမ်က မနက်(၇)နာရီကတည်းက ထွက်လာပြီး ညနေ(၄)နာရီကျော်မှ ဒိုးဒိုးဟုခေါ်သော ပဲခူးရိုးမတောင်ခြေရွာကလေးသို့ ရောက်လာခဲ့သည်။

မေးမြန်းကြည့်တော့ ရွာထဲမှာမဟုတ် တောင်ခြေသို့ ဆယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါးမိနစ်ခန့်မောင်းမှ ရောက်လာခဲ့ရသည်။ ပင်ပန်းလိုက်တာဟု ညည်းတွားသော်လည်း ရင်တွေခုန်ပါသည်။

စိမ်းမှောင်သော ရာဘာစေကြခြံကြီးအား အဖြူရောင် ခြံစည်းရိုးနှင့် အနားသတ်ထားသဖြင့် ခြံအဝင် မြေနီလမ်းလေးအတိုင်း အဝေးမြင်ကွင်းကပင် နှစ်လိုဖွယ်ရာ ကောင်းနေသည်။

ခြံအဝင်ဝကိုရောက်သည်နှင့် မုဒ်ဦးသဖွယ် ပြုလုပ်ထားသော အဝိုင်းခုံလေးအလယ်၌ နဂါးခေါင်းပါသော ဆန်ကောချပ်အား ချိပ်ဆွဲထားသဖြင့် သူမပြုံးမိပြီး ဒီခြံပဲဟုသော သေချာသော အသိနှင့် ပင့်သက်ချမိသည်။

သူမ ကားကိုအရှိန်လျှော့ကာ မောင်းဝင်လာခဲ့ရင်း ခြံအဝင်လမ်းတစ်လျှောက် ဘေးဘယ်ညာ အစီအရီ စိုက်ပျိုးထားသော စက္ကူပန်းရုံလေးတွေကြည့်ကာ သဘောကျသွားသည်။ မြေနီလမ်းပေါ် ရောင်စုံစက္ကူလေး ဖွဖွညက်ညက် ခင်းကျင်းထားသည့် မြင်ကွင်းကပင် စိတ်လှုပ်ရှားစေပါသည်။

ဘဝတစ်လျှောက်လုံး မြို့ပြရနံ့နှင့် အသားကျခဲ့ပြီး ကျေးလက်ရနံ့နှင့် မြင်ကွင်းအား စတင်ထိတွေ့ရခြင်းက အရာရာအားလုံး အသစ်တွေချည်းဖြစ်နေကာ တစ်နေ့တာ ပင်ပန်းခဲ့သမျှ ရုတ်ချည်း သက်သာသွားသလို ပေါ့ပါးလန်းဆတ်လာခဲ့သည်။

ပြီးတော့ အတိတ်မြင်ကွင်းဆီ. .

၅ ၅ ၅ ၅





"ရွှတ်!. ."

"အာ. . ဘာလုပ်တာလဲ"

"ငါ. . နင့်ကိုချစ်လို့"

"ဘာ!!. ."

"ကျန်သေးတယ်"

"ဘာ. . ဘာကျန်တာလဲ"

"ရွှတ်!. ."

"အား. . ဟီး. . အီး. ."

"ဟဲ့. . ဟဲ့. . သမီးငိုသံထင်တယ်၊ ကိုဒေဝါရေ လုပ်ပါဦး"

ပွဲရုံထဲမှ လူကြီးတွေ ပြေးထွက်လာမှ ဂါဝန်ဖြူဖြူလေးနှင့် ကလေးမလေး ပို၍ဝမ်းနည်းလာကာ သည်းသည်းသန်သန် ငိုတော့သည်။ ဖခင်ဖြစ်သူက သမီးကိုပွေ့ချီရင်း. .

"သမီး. . သမီးလေး ဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟီး. . သမီးကို ဟိုကောင်လေး လာနမ်းတယ်၊ ဘယ်ရော ညာရော နမ်းတာ. . ဟီး. ."

ဒီတော့မှာ လူကြီးတွေ ငိုအားထက် ရယ်အားသန် ဖြစ်ကုန်ကာ ပွဲရုံပိုင်ရှင် ဦးခင်မောင်ကျော်က မျက်လုံးဝိုင်းဝိုင်းလေးနှင့် ပြူးကြောင်ကြောင်ဖြစ်နေတဲ့ ကောင်လေးအား. .

"ဖိုးချမ်း. . မင်းဘာလုပ်လိုက်တာလဲ ညီမလေးကို"

"သား. . သား. . ညီမလေးကို ချစ်လို့ နမ်းလိုက်တာ. ."

"ဟား. . ဟား. . ဟား၊ အေး. . အေး. . ညီမလေး လိုချင်လို့လားဟုတ်လား"

"ဟုတ်. . သားကို အဲ့ဒီညီမလေး ပေးပါ. ."

"ဘယ့်နှယ်ကွာ. . လာ. . လာ. .၊ အဟားဟား မအေးတင်ရေ နင့်သားအတွက် တစ်ယောက်ထပ်မွေးပေးဦးဟ. . ငါ့နှယ်"

ထိုစဉ် ဦးဒေဝါက. .

"သူက ဘယ်သူလဲဗျ ကိုခင်မောင်ကျော်. ."

"ဩော်. . ကျွန်တော့်ပွဲရုံက အလုပ်သမားရဲ့ ကလေးပါ။ ကျွန်တော်လည်း ဒီကလေးကိုချစ်လို့ မွေးစားမလို့ဗျ. . ဟား. . ဟား ဟား. . ငါ့နှယ်ကွာ. ."

မသဲကွဲသော်လည်း ပီပြင်နေသည့် စိတ်ခံစားမှုကြောင့် အတွေးပြတ်သွားသည့်တိုင် ရင်ထဲနွေးကာ ကျန်ခဲ့သည်။ ထိုစဉ်က ရှိလှမှ သူမအသက်(၆)နှစ် တစ်တန်းကျောင်းသူဆိုတော့လည်း ကလေးပေမယ့် စိတ်ထဲကျန်ကာ မှတ်မိနေခဲ့သည်။

သည်နောက်ပိုင်း နွေကျောင်းပိတ်ရက်တွေ ဖခင်ဖြစ်သူနှင့် လိုက်ပါသွားတတ်သဖြင့် ပွဲရုံသို့ရောက်ကာ ဖိုးချမ်းနှင့်လည်း ဆုံပါသည်။ နောက်ထပ် မနမ်းတော့ပါ။ သို့သော် ခင်မင်နှစ်လိုလှစွာနှုတ်ဆက်သည်။ သူမလည်း ဘာကြောင့်မှန်းမသိ ဖိုးချမ်းလေးကို ခင်သွားသည်။ နွေကျောင်းပိတ်ရာသီမှာ. . ဖိုးချမ်းနှင့် တစ်ပတ်တစ်ကြိမ်လောက် ဆုံခွင့်ရသည်။



သို့သော် ထိုနွေရာသီတစ်ရာသီသာလျှင် သူမနှင့် ဖိုးချမ်းအား နောက်ဆုံးအကြိမ် ဆုံခွင့်ပေးပါသည်။ မေမေက ကလေးတွေ ဒီထက်ပိုမရင်းနှီးစေချင်ဘူးဆိုသောစကားအား. . ဖေဖေလက်ခံစွာ ဆုံခွင့်ကို ဝေးခဲ့ထားခဲ့သည်။

သို့နှင့် ယခုအချိန်ထိ ဆုံခွင့်မရ၊ ဖိုးချမ်းလည်း ဘယ်ဘက်ရောက်လို့ ဘာတွေဖြစ်နေပြီမသိ။ ဒါပေမယ့် ထိုစဉ်ကတည်းက ယနေ့အချိန်အထိ ဖိုးချမ်းအား သူမစိတ်ထဲက ထွက်ခွာခွင့်မပေး တစ်နေ့တော့ဆုံဦးမှာပါလို့ မျှော်လင့်ကာထားသည်။

ထိုတစ်နေ့က ဒီနေ့လိုနေ့မျိုး ဖြစ်လာလိမ့်မည်ဟု တစ်ကယ်ကို မျှော်လင့်မထား။ သူမ အလုပ်ဝင်လုပ်နေသော ကြယ်စင်ထိပ်တန်း ကုမ္ပဏီဒါရိုက်တာမှာ သူမ ငယ်စဉ်က ဖိုးချမ်းနှင့်ဆုံရသော ပွဲရုံပိုင်ရှင်ဟုလည်း သိမထား။ သို့သော် ဦးခင်မောင်ကျော်ကတော့ သိပါသည်။ ပြောခွင့်ပြောသင့်သည့် အချိန်ကိုလည်း စောင့်ကြည့်နေပုံရသည်။

အမှန်တော့ သူမ GM ရာထူးလက်ခံကတည်းက GM တွဲဘက်စာရေးအဖြစ် ရေချမ်းကို By name ထည့်ပေးလိုက်ခြင်းတို့ ပင် ရည်ရွယ်ချက်က ရှိနေသည်။ ယခုတော့. . .

"မစ္စတာလီနဲ့ project အသစ်က စက်မှုကုန်ကြမ်းဖြစ်တဲ့ ရာဘာစိုက်ခင်းအခြေအနေပေါ်မှာ မူတည်နေတယ်ဆိုတော့တာ





www.burmeseclassic.com

www.burmeseclassic.com



အန်ကယ်တို့ ပထမခြေလှမ်းအတွက် အဦးဆုံး. . တစ်ဦးတည်းအထောက်အကူပြုစေမယ့် ရာဘာစိုက်ခြံမန်နေဂျာနဲ့တော့ သမီးသွားတွေ့ရလိမ့်မယ်. . "

"ဟုတ်. . အန်ကယ်"

"နည်းနည်းတော့ ဝေးတယ်ကွ သမီးသွားနိုင်ပါ့မလား"

"မြန်မာပြည်ထဲမှာပါဆရာရယ် ဖြစ်ပါတယ်"

"ဟားဟားဟား. . ကိုဒေဝါရဲ့ သွေးအစစ်ပါလား၊ အေး. . အေး. . ဒါပေမယ့် သမီးပျော်မှာပါ၊ အန်ကယ်ပြောပြရင် ဒီခရီးက သမီးအတွက် နီးမှာပါ. . "

"ဟုတ်ကဲ့. . ပြောပါ အန်ကယ်"

"လွန်ခဲ့တဲ့(၁)နှစ်ခွဲက သမီးဆီမှာ GM တွဲဘက်စာရေးအဖြစ် တစ်ရက်တောင် နေခွင့်မရတဲ့ မောင်ရေချမ်းကို သိမှာပေါ့. . "

"ဟုတ်. . "

"အေး. . အန်ကယ်တို့ ရာဘာစိုက်ခင်း မန်နေဂျာက သူပဲ သမီး. . "

"ရှင်!. . "

"ပြီးတော့. . ဟိုး. . သမီးငယ်ငယ်တုန်းက သမီးလေးကို ဘယ်ပြန်ညာပြန် နမ်းခဲ့တဲ့ ဖိုးချမ်းဆိုတာလည်း သူပဲ. . "

"ရှင်!!. . "

"ဟားဟားဟား. . ငါ့သမီး ဝမ်းသာသွားပြီလား"

သူမ ရှက်ရွံ့နီမြန်းနေသော မျက်နှာနှင့်. . .

"သူ. . သူရော ကျွန်မဆိုတာ သိနေလား. . "

"သမီးတို့ အတူတူအလုပ်လုပ်နေစဉ်ကတော့ မသိဘူးကွ၊





သမီးက ထွက်စာတင်ခိုင်းလို့ သူထွက်တော့မှ အန်ကယ်က ခေါ်တွေ့ပြီး ပြောပြလိုက်တာ. . ၊ ရည်ရွယ်ချက်ကတော့ မင်းတို့ရဲ့ သံယောဇဉ်ကို အန်ကယ်သိနေလို့ပေါ့. . ၊

ဖိုးချမ်းက သမီးတို့အိမ်လိပ်စာကိုမေးပြီး အဲ့ဒီ အရွယ်တတည်းက သူ့အမေကို ဂျီကျပြီး လိုက်ပို့ခိုင်းတယ်၊ ပြီးရင် အန်ကယ့်တိုလာလာပြီးပြောပြတယ်၊ ခြံထဲမှာ သမီးကစားနေတဲ့အကြောင်း. . အပေါ်ထပ်ဝရံတာမှာ သမီးကို မြင်ခဲ့တဲ့အကြောင်းပေါ့. . "

"ဩော်. . "

"အန်ကယ်လ် ပြောပြတာကလည်း သမီးမှန်းသိရင် သူ့အလုပ်ပြန်လုပ်ရအောင်လို့ပါ၊ ဒါပေမယ့် သမီးစိတ်ထဲမှာ သူမရှိနိုင်တော့ဘူးလို့ တွက်ပြီး ထွက်မယ်လို့ ဆုံးဖြတ်တာကြောင့် ရာဘာခြံကိစ္စ အန်ကယ်စီစဉ်ပေးလိုက်တာ. . ခြံထဲမှာ သူ့ရှယ်ယာလည်း ပါတယ်လေ. . "

လမ်းဘေးမှ လူတစ်ယောက်ထွက်ပေါ်လာပြီး ကားရှေ့မှ ဖြတ်လျှောက်သဖြင့် သူမ လန့်ကာ ဘရိတ်နင်းလိုက်ရသည်။

အတွေးပြတ်ကာ ရင်တွေပါ တဒိန်းဒိန်းခုန်လာပါသည်။

မတော်လို့များ တိုက်မိရင်ဆိုသောစိတ်က သူမကို ဒေါသဖြစ်စေပြီး ကားတံခါးဖွင့်ကာ ထွက်လိုက်သည်။

"ဟင်!. . ကို. . ကို. . ရေချမ်း. . "

"ငါ နမ်းခဲ့တဲ့ကောင်မလေးက ဒီအရွယ်မှာ ဒီလောက်လှလာလိမ့်မယ်လို့ ငါတစ်ကယ် မထင်ခဲ့မိတာပါ. . ၊ ဒါပေမယ့်လည်း ပြဿနာတော့ မရှိပါဘူး (၇)နှစ်သားကတည်းက ငါနင့်ကိုချစ်တယ်လို့ ပြောပြီးသား. . . ဟုတ်တယ်မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"သွား. . ဘာတွေ လာပြောနေမှန်းမသိဘူး"

"မင်းကြားဖူးတဲ့စကားပါကွ. . "

"အပိုတွေ မပြောနဲ့၊ အခု ရုံးချုပ်က GM ရောက်လာတာ ရှင်ဘယ်လိုကြိုဆိုနေထာလဲ"

ရေချမ်းရောက်လာပြီး သူမအားပွေ့ဖက်ကာ နမ်းလေ၏။

"အား!. . ဘာလုပ်တာလဲ"

"မယုံရင် ပြန်တိုင်းကြည့် နဂိုနေရာနဲ့ မလွဲဘူး"

"ဟာ!. . လွှတ်. . "

"ငါမလွှတ်နိုင်တော့ဘူး ယွန်းဝတီ၊ ဘယ်လောက်လှတဲ့မိန်းကလေးတွေ ငါ့နားမှာ ဘယ်လောက်ပဲရှိရှိ ငါ့ရင်ထဲရှိနေတဲ့ ကောင်မလေးကိုပဲ ငါ့စိတ်ကသိနေလို့ ငါမလွှတ်နိုင်တော့ဘူး"

"ရှင်လွှတ်နော်. . ကျွန်မ အော်မှာ. . "

"အော်လေ. . "

"ကယ်ကြပါဦးရှင်!. . "

"ကယ်ကြပါဦးဗျာ!. . "

"ဟာ. . တစ်ကယ်ပဲ. . "




www.burmeseclassic.com